Golden Lion
Golden Lion Wire Co.,Ltd

# The VOICE Daily

AIR KBZ

Vol. 5 / No. 20 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက် ၊ (Friday, May 5, 2017)

# သတင်းမှားဖြန့်သူများကို အရေးယူရန် အစိုးရစတင်လုပ်ဆောင်

**ရန်ကုန်၊ မေ ၄**

နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေရန် သမ္မတဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ပတ်သက်သော သတင်းမှားများ ဖြန့်ချိဆောင်ရွက်နေသူများကို တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

'NLD သတင်းသီးသန့်'၊ 'NLD Central News' စသည့် အမည်တုများဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ရေးသားဖြန့်ချိနေခြင်းဖြစ်ပြီး ယင်းသတင်းများကို အင်တာနက်စာမျက်နှာအချို့တွင် ဆက်လက်ဖြန့်ချိနေသည်များလည်း ရှိနေကြောင်း၊ **စာ 28**

# မိုးရွာတွင် ရုပ်ရှင်ရုံ ပြန်လည်ဖွင့်လှစ်




ဓာတ်ပုံ– ခင်မေစန်း စာ 28

မိုးရွာမြို့တွင် ငါးနှစ်အတွင်း ပထမဆုံးဖွင့်လှစ်ပြသသည့် ရုပ်ရှင်ရုံ

# ၆၆ (ဃ) ဖြင့် တရားစွဲခံရသူကို အာမခံပေးရန် ရွှေနေချုပ်ရုံးအကြံပြု

**နေပြည်တော်၊ မေ ၄**

ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ ) ဖြင့် တရားစွဲဆိုမှုများတွင် မူလက တရားစွဲခံရသူကို အာမခံမပေးရန် စကားရပ်အစား အာမခံပေးရန် စကားရပ် ပြင်ဆင်ထည့်သွင်းရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို **စာ 28**

## မြန်မာနိုင်ငံတွင် ကျောက်မီးသွေးစက်ရုံ ၁၀ ခု ထပ်တိုးပါက နှစ်စဉ် လူထောင်ချီ သေဆုံးနိုင်ဟု ပညာရှင်များထောက်ပြ စာ 5

## မြန်မာ-ဂျာမနီ ပူးပေါင်းပြီး ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ကိုင်မည် စာ 2

## ရန်ကုန်နှင့် မြို့ကြီးများ အပူဒဏ် အန္တရာယ်ရှိ စာ 4

## ပစ္စည်းခိုးယူစဉ် အိမ်ရှင်မိ၍ မီးရှို့ထွက်ပြေး၊ ကျပ်သိန်းသုံးရာကျော်ခိုးခံရ စာ 28

## အရှုံးပေါ်၍ သံပရိုသီးပင်များကို အခင်းလိုက် ခုတ်လှဲ စာ 11

## ပြည်လမ်း ဘီအိုစီမှတ်တိုင်တွင် ကိုယ်ပိုင်ယာဉ်တစ်စီး မားပြတိုက်ခံရ စာ 27



# UPDJC အစည်းအဝေးကျင်းပ၍ ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပရေး ကိစ္စရပ်များ ဆုံးဖြတ်မည်

**ရန်ကုန်၊ မေ ၄**

လာမည့် မေလ ၁၂ ရက်နေ့တွင် ၂၁ရာစု ပင်လုံညီလာခံ ကျင်းပရေး ဆုံးဖြတ်ချက်များ ချမှတ်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ထံမှ သိရသည်။

အဆိုပါ အစည်းအဝေး ကျင်းပရေးအတွက် မေလ ၆ ရက်နေ့မှ ၈ရက်နေ့အထိ လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများ ပြုလုပ်သွားရန်ရှိနေပြီး၊ ၈ရက်နေ့မှ ၁၁ရက်နေ့ထိ အတွင်းရေးမှူး အဖွဲ့အစည်းအဝေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးသုဝေက The Voice သို့ ပြောကြားသည်။

ထို့ပြင် UPDJC ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း ယင်းအစည်းအဝေးကို တက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ UPDJC အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - ၂၁ရာစု ပင်လုံညီလာခံသို့ လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်များ တက်ရောက်မည့်အခြေအနေများကိုလည်း ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် ဒုတိယအကြိမ် ပြန်လည်ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-၂၁ရာစုပင်လုံညီလာခံတက်ရောက်ရေးနှင့်ပတ်သက်၍ တိုင်းရင်းသား ကိုယ်စားလှယ်အချို့ မသေချာဖြစ်နေပြီး NCA လမ်းကြောင်းကိုဆန့်ကျင်သည့်မြောက်ပိုင်းအဖွဲ့များလည်း ထွက်ပေါ်ထားသည်။

ဒုတိယအကြိမ် ကျင်းပမည့် ၂၁ရာစု ပင်လုံညီလာခံကို လာမည့် မေလ ၂၄ရက်တွင် ကျင်းပပြုလုပ်ရန် UPDJC က ဆုံးဖြတ်ထားခြင်းကြောင့် ယခုကျင်းပမည့် UPDJC အစည်းအဝေးတွင် လက်နက်ကိုင်အဖွဲ့များ စုံစုံလင်လင်တက်ရောက်နိုင်ရေးကို ဆွေးနွေးဆုံးဖြတ်သွားဖွယ်ရှိနေသည်။

အပစ်ရပ် လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များက ၎င်းအဖွဲ့များကို ၂၁ရာစုပင်လုံသို့ လေ့လာသူအဖြစ်သာ ဖိတ်ကြားပါက တက်ရောက်ခြင်းမပြုဟု ထုတ်ဖော်ပြောကြားထားသည်။

■ J-08



ဓာတ်ပုံ- အောင်နိုင်

# မြန်မာ-ဂျာမနီ ပူးပေါင်းပြီး ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ကိုင်မည်

**ရန်ကုန်၊ မေ ၄**

ဂျာမနီအခြေစိုက် Siemens ကုမ္ပဏီနှင့် ပြည်တွင်းမှ မြန်မာမဟာထွန်းကုမ္ပဏီတို့ ပူးပေါင်းပြီး ဆိပ်ကမ်းဝန်ဆောင်မှုများ လုပ်ကိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများထံမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာမဟာထွန်းကုမ္ပဏီအနေနှင့် မြန်မာ့ဆိပ်ကမ်းများတွင် ကရိန်းဝန်ဆောင်မှုများကို လုပ်ကိုင်လျက်ရှိပြီး ယခုအခါတွင် Siemens ကုမ္ပဏီ၏ နည်းပညာဖြင့် အသုံးပြုထားသော ဝန်ချီစက်များနှင့် ကရိန်းဝန်ဆောင်မှုများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း မြန်မာမဟာထွန်း၏ အမှုဆောင်ဒါရိုက်တာ ဒေါ်ယမုံဝင်းက ပြောကြားသည်။

"နည်းပညာသစ်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ၊ လိုအပ်မှုနဲ့ ကိုက်ညီမယ့် ဝန်ဆောင်မှုတွေ ပေးသွားမှာပါ" ဟု ၎င်းကဆိုသည်။

Siemens ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှစတင်ပြီး လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအင်၊ ဆိပ်ကမ်းနှင့် ကုန်ပစ္စည်းသယ်ယူတင်ပို့ မှုလုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင်လည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

■ J-01

The VOICE Daily

CARTOON



# ဦးသိန်းစိန်လက်ထက် အစိုးရဝန်ကြီးဌာနများ၏ ငွေကြေးသုံးစွဲမှုများကိုပြန်စစ်ခိုင်းပါကပြန်စစ်မည်

**နေပြည်တော်၊ မေ ၄**

နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်လက်ထက် အစိုးရဝန်ကြီးဌာနများ၏ ငွေကြေးသုံးစွဲမှုများကို အထက်အမြင့်ဆုံးအဖွဲ့က ပြန်လည်စစ်ဆေးရန် ညွှန်ကြားလျှင် ပြန်စစ်မည်ဟု ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက ပြောကြားလိုက် သည်။

ယခင်အစိုးရလက်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များကို စာရင်းစစ်ချုပ်ကိုယ်တိုင် စစ်ဆေးခဲ့ပြီး ထွက်လာသည့် ရလဒ်ကို အစိုးရသစ်ကို အစီရင်ခံစာတင်ပြသည့်နေရာတွင် ယခင်ငါးနှစ်တာ လုပ်ဆောင်ချက်များကိုပါ တင်ပြထားကြောင်း၊ ၅ နှစ်တာတွေ့ရှိချက်များတွင် ရည်ရွယ်ချက် ရည်မှန်းချက်များကောင်းသည့်အပြင် အထိုက်အလျောက် အောင်မြင်မှုရှိကြောင်း ၎င်းက ပြောကြားသည်။

"ပြီးခဲ့တဲ့ ၅ နှစ်တာကာလ လုပ်ဆောင်မှုအားလုံးကို ပြန်စစ်ပေးဖို့ ညွှန်ကြားရင် စစ်ပေးရမယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ လွတ်လပ်မှုဆိုတာ ရှိတယ်" လို့ ၎င်းက ဆိုသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ပြောကြားခဲ့သော အထက်အမြင့်ဆုံးအဖွဲ့သည် သမ္မတရုံး၊ ပြည်ထောင်စုလွှတ်တော်စသည့် မည်သည့်အဖွဲ့အစည်းကို ရည်ညွှန်းကြောင်း ထပ်မံမေးမြန်းခဲ့သော်လည်း ဖြေကြားခြင်း မရှိပေ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စာရင်းစစ်ချုပ်ရုံး ပေါင်း ၃၈၆ ရုံး ဖွဲ့စည်းထားပြီး ဝန်ထမ်း အင်အား ၅၂၀၂ ဦးရှိကြောင်း စစ်ဆေးရမည့် အဖွဲ့အစည်း စုစုပေါင်း ၁၅,၁၇၇ ခုကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးထံမှ သိရသည်။

■ T.L

လိပ်ခေါင်း၊ ဂရင်ဂျိနာ
09-73121554
ရန်ကုန်မြို့ 09-73038158, 09-43088215

## ရန်ကုန်တွင် တရားစွဲခံထားရသော ဂျော်ဂျီယာနိုင်ငံသားနှစ်ဦးကို မန္တလေး ရဲတပ်ဖွဲ့ စစ်ဆေး

**ရန်ကုန်၊ မေ ၄**

ရန်ကုန်မြို့၊ အနော်ရထာလမ်းမပေါ်ရှိ Pacific Money Changer ဆိုင်မှ အမေရိကန်ဒေါ်လာ ၉ သောင်းကို လိမ်လည်မှုဖြင့် ကျောက်တံတားမြို့နယ် တရားရုံးတွင် တရားစွဲခံထားရသော ဂျော်ဂျီယာနိုင်ငံသားနှစ်ဦးကို မေလ ၄ ရက်နေ့လယ်ပိုင်းက ရုံးထုတ်စစ်ဆေးခဲ့ရာ မန္တလေးမြို့တွင် ကျူးလွန်ခဲ့သော လိမ်လည်မှုအတွက် မန္တလေးတိုင်း ရဲတပ်ဖွဲ့က လာရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ဂျော်ဂျီယာနိုင်ငံသားနှစ်ဦးအပါအဝင် အမျိုးသားသုံးဦးမှာ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊(လမ်း၈၀×၈၁ လမ်း)ကြားရှိ Money Changer ဆိုင်တစ်ဆိုင် မှ အမေရိကန်ဒေါ်လာ ခြောက်သောင်းကို နှစ်ထောင် သုံးအုပ်ခွဲကာ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ပြီး မြန်မာငွေ ပြန်ယူဦးမည်ဟုဆိုကာ ဆိုင်မှ ထွက်ခွာသွားရာမှ ပြန်လည်လာရောက်ယူဆောင်ခြင်းမရှိသဖြင့် တစ်နာရီခန့်အကြာ ယင်းငွေထုပ်အား ဖွင့်ဖောက်စစ်ဆေးကြည့်ရာမှ လိမ်လည်သွားသည်ကို သိရှိခဲ့ရကြောင်း ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈)မြို့မရဲစခန်းထံ အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။

"အရင်တစ်ရက်နှစ်ရက် လောက်က ဒေါ်လာတစ်ရာတန်တွေလာဝယ်၊ အဲဒီတုန်းက သုံးယောက်ပါ၊ လိမ်တဲ့နေ့ကျ နှစ်ယောက်တည်းလာလိမ်တာ၊ ဒီကလိမ်လည်မှုနဲ့ပုံစံတူပဲ၊ မြန်မာငွေပြန်ယူဦးမယ်ဆိုပြီး ပျောက်သွားတာ၊ တစ်နာရီကြာအထိ လာမယူတော့ဘူး၊ အဲဒါနဲ့ မသင်္ကာလို့ဖွင့်ကြည့်တာ၊ ဒေါ်လာတစ်ရာတန် အပေါ်အောက်နှစ်ရွက်ကြားထဲမှာ တစ်ဒေါ်လာတန်တွေဖြစ်နေတယ်"ဟု လိမ်လည်ခံရသူ အသက် ၄၀ အရွယ် အမျိုးသမီးက ရှင်းပြသည်။

အဆိုပါ လိမ်လည်မှုနှင့် ပတ်သက်၍ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈)မြို့မရဲစခန်းက (ပ)၉၆/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ၄ ၂၀/၄၀၆/၁၁၄ ဖြင့် အမှုဖွင့် ဆောင်ရွက်ခဲ့ပြီး တရားခံပြေးအဖြစ် တရားစွဲဆိုထားပြီး ဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈)ရဲစခန်းမှ အမှုစစ်ရဲအရာရှိ ရဲအုပ်ကျော်သူရထွန်းက ရှင်းပြသည်။

"အဲဒီတုန်းက သူတို့က အချိန်ကိုက်လုပ်သွားတာ၊ မန္တလေးကနေ ဘန်ကောက်တိုက်လေယာဉ်နဲ့ပြန်သွားလို့၊ ပြီးတော့ အဲဒီနေ့က ဆိုင်က CCTV ကလည်း ပျက်နေတာရယ်၊ ဆိုင်ကလိမ်မှန်းမသိဘဲ စောင့်လိုက်တာရယ်ကြောင့် အချိန်ကွာဟသွားတဲ့အတွက် မမိလိုက်တာပါ၊ အခုဖမ်းမိထားပြီဆိုတော့ ဒီကအမှုပြီးရင် လွှဲယူပြီး မန္တလေးမှာ ထပ်မံတရားစွဲဆိုသွားမယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

ယနေ့ ကျောက်တံတားမြို့နယ်တရားရုံးတွင် ရာကြီးအမှတ် ၁၂၂/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အမှုမှ Pacific Money Changer ဆိုင်ပိုင်ရှင် တရားလိုအမျိုးသားနှင့် အခြားတရားလိုပြသက်သေ အမျိုးသားတစ်ဦးကို စစ်ဆေးခဲ့ပြီး ဆက်လက်စစ်ဆေးနိုင်ရန် မေလ ၁၁ ရက်နေ့သို့ ပြန်လည်ချိန်းဆိုထားကြောင်း ယင်းတရားရုံးထံမှ သိရသည်။ ■ J 16


Senior General Min Aung Hlaing Page

# တပ်မတော်သည် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဟု တပ်ချုပ်ပြောကြား

**ရန်ကုန်၊ မေ ၄**

တပ်မတော်သည် နိုင်ငံရေးလုပ်နေခြင်း မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဖြစ်စဉ်များ ချုပ်ငြိမ်းရန်နှင့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်တို့သည် မေလ ၃ ရက်နေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာတွင် တွေ့ဆုံစဉ် ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုတွေ့ဆုံမှု၌ သံအမတ်ကြီးက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တချို့နှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများကို တင်ပြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးတွင် အဖွဲ့အားလုံးပါဝင်တွေ့ဆုံနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မကြာမီ ပြုလုပ်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးအား များစွာ မျှော်လင့်ချက်ထားပြီး ၎င်းတို့အနေနှင့် အကောင်းဘက်မှ ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား အရေးကို နိုင်ငံရေးအရ ဆွေးနွေးနိုင်သည့် လမ်းကြောင်းများစွာ၊ အခွင့်အရေးများစွာရှိသည်ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က ပြောသည်။

အမေရိကန် နိုင်ငံသံအမတ်ကြီး စကော့မာစီရယ်လ်က မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခမှာဖြစ်ပေါ်လာခဲ့သည့် သမိုင်းကြောင်းသည် ရှည်လျားသည့် အပြင် ပါဝင်သည့်အဖွဲ့အစည်းများလည်း များပြားပြီး ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင်လုပ်ဆောင် နိုင်ခြင်းသည် ကမ္ဘာပေါ်ရှိ အခက်အခဲဆုံး စစ်ပွဲကြီးတစ်ခုကို အောင်နိုင်ခြင်းဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြောသည်။

ယင်းအပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ စွပ်စွဲပြောဆိုမှုများအပေါ် တပ်မတော်ပိုင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ခဲ့မှုများနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တပ်မတော်ဘက်မှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် အပါအဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တို့တက်ရောက်ခဲ့ပြီး အမေရိကန်သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel James McAden နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ရေးကော်မတီထံမှ သိရသည်။ ■ J-09



# ရန်ကုန်နှင့် မြို့ကြီးများ အပူဒဏ်အန္တရာယ်ရှိ

ရန်ကုန်၊ မေ ၄



ဓာတ်ပုံ- အောင်နိုင်

မိုးကြိုကာလအတွင်း နေ့အပူချိန်များမြင့်တက်နေသည့်အပြင် လေထုအတွင်း ရေငွေ့များရောနှောနေသည့်အတွက် ရန်ကုန်နှင့် မြို့ကြီးများတွင် ယခုသီတင်းပတ်အတွင်း အပူဒဏ်အန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း ဒေသအချို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်အထက်သို့ နေ့အပူချိန်များမြင့်တက်နေပြီး ရေငွေ့လေထုအတွင်း ပါဝင်နေသည့်အတွက် လေအပူချိန်နှင့် ရေငွေ့အပူချိန်နှစ်ရပ်ပေါင်းကို လူ့ခန္ဓာကိုယ်တွင် ခံစားရသည့် အပူချိန်မှာလွန်ကဲကာ အပူဒဏ်နှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်ရှိနေခြင်းဖြစ်ကြောင်း ၎င်းက သတိပေးပြောဆိုသည်။

မေလ ၄ ရက်နေ့က ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်၏ နေ့အပူချိန်သည် ၃၉ ဒီဂရီစင်တီဂရိတ်သို့ရောက်ရှိခဲ့ပြီး ကျန်ဒေသများတွင်လည်း နေ့အပူချိန်များ တိုးလျက်ရှိနေသည်။

နေ့အပူချိန် ၂၈ ဒီဂရီစင်တီဂရိတ်ကျော်တွင် လေထုစိုထိုင်းဆ ၄၀ ရာခိုင်နှုန်းကျော် မကျော် သိရှိရန်လိုအပ်ပြီး ၄၀ ရာခိုင်နှုန်းကျော်ပါက အပူဒဏ်အန္တရာယ် ရှိလာနိုင်ကြောင်း၊ နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်မှစတင်၍ လေထုစိုထိုင်းဆ ၉၀ ရာခိုင်နှုန်းကျော်ပါကလည်း အလွန်အန္တရာယ်ရှိသည့်အဆင့်ဖြစ်နိုင်ကြောင်း ဒေါက်တာထွန်းလွင်က ဆိုသည်။

ယခုသီတင်းပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် မြောက်ပိုင်းတို့တွင် မိုးလျော့နည်းနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်ကြောင်း၊ ယင်းကြောင့် မိုးလျော့နည်းသည့် ရန်ကုန်နှင့် ဒေသအချို့သည် အပူဒဏ်အန္တရာယ် ပိုရှိနေရာ အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးသူငယ်များသည် အပူဒဏ်အန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ရန်လိုအပ်ကြောင်း ၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း နေ့အပူချိန်များ မြင့်တက်နေရာတွင် ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်(ရေဆင်း)၊ ကလေးဝမြို့၊ ရွှေဘိုမြို့၊ မုံရွာမြို့၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ ကျောက်ဆည်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အမ်းမြို့နှင့် တောင်ငူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်သို့ မေလ ၄ ရက်နေ့က ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“မြန်မာနိုင်ငံ အရှေ့ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ မိုးထစ်ချုန်းရွာဖို့ရှိတယ်။ နေ့အပူချိန်တွေတော့ အခုလက်ရှိထက် သိသိသာသာ မပြောင်းနိုင်ဘူး”ဟု အဆိုပါဌာနညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ဆိုသည်။

ထို့ပြင်စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နောက်နှစ်ရက်အတွင်း မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတွင် ယခုသီတင်းပတ်အတွင်း လေထုစိုထိုင်းမှုမြင့်မားနေရာ ပြင်းထန်သည့် အပူလှိုင်းဖြတ်မည်ဖြစ်ပြီး နယူးဒေလီမြို့တော်တွင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်နိုင်ကြောင်း၊ လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကလည်း ယင်းမြို့တွင် အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်ခဲ့ဖူးကြောင်း မိုးလေဝသအရေးကျွမ်းကျင်သူများက ပြောဆိုသည်။

လက်ရှိတွင် အပူဒဏ်အန္တရာယ်ကို ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို ကြိုတင်ပြင်ဆင်ရန်နှင့် ကာကွယ်ဂရုပြုရန် အိန္ဒိယအစိုးရက သတိပေးကြေညာလျက်ရှိသည်။

■ E-03

Receptionist
Hotel Waiter
Housekeeping
Hotel Cook/Assistant Cook
Driver
Office Secretary
Marketing Staff

# မြန်မာနိုင်ငံတွင် ကျောက်မီးသွေးစက်ရုံ ၁၀ ခု ထပ်တိုးပါက နှစ်စဉ် လူထောင်ချီ သေဆုံးနိုင်ဟု ပညာရှင်များထောက်ပြ

**ရန်ကုန်၊ မေ ၄**

အစိုးရနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသည့် ကျောက်မီးသွေးစက်ရုံ ၁၀ ခုကို တိုးချဲ့ဆောက်လုပ်မည်ဆိုပါက လေထုညစ်ညမ်းမှု မြင့်တက်လာကာ နှစ်စဉ်လူပေါင်း ၇၀၀၀ ကျော် သေဆုံးနိုင်ကြောင်း ဟားဗတ်တက္ကသိုလ်နှင့် Green Peace Southeast Asia အဖွဲ့က ကျောက်မီးသွေးနှင့်ပတ်သက်သည့် သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေနှင့် တိုးချဲ့မည့် စီမံကိန်းများအတွက် ကာကွယ်ပြင်ဆင်မှုများ လုံးဝမရှိသကဲ့သို့ လက်ရှိလည်ပတ်နေသည့် ကော့သောင်းနှင့် တီကျစ်ဓာတ်အားပေးစက်ရုံများကလည်း ပတ်ဝန်းကျင်ရွာဒေသခံများကို ကျန်းမာရေးအရ ဆိုးရွားစွာထိခိုက်မှုများရှိကြောင်း ယင်းစာတမ်းအရ သိရသည်။

"လျှပ်စစ်ဓာတ်အားလိုအပ်တိုင်း ကျောက်မီးသွေးစီမံကိန်းချည်းပဲ မြင်လို့မရပါဘူး။ ဂျပန်နိုင်ငံက နည်းပညာနဲ့လုပ်မယ်ဆိုတိုင်း ပတ်ဝန်းကျင် မပျက်စီးပါဘူးလို့ အာမမခံနိုင်ဘူး။ မြစ်ထဲကိုသွန်ချနေတဲ့ အရက်ချက်စက်ရုံတွေ၊ ဆာလဖျူရစ်အက်စစ်စက်ရုံက ညစ်ညမ်းတာတွေကို အရေးမယူနိုင်တာ။ ဥပဒေကအရမ်းကို အားနည်းနေသေးတယ်" ဟု EcoDev ၏ ဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောကြားသည်။

ထပ်မံတိုးချဲ့မည့် စီမံကိန်းများမှ ထုတ်လွှတ်ထွက်လာမည့်လေထုညစ်ညမ်းစေမှုသည် အိန္ဒိယ၊ တရုတ်နိုင်ငံတို့တွင် ခွင့်ပြုထားသည့် ပမာဏထက် ၁၀ ဆခန့် မြင့်တက်လာမည်ဖြစ်ပြီး လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာရောဂါများ ဖြစ်လာနိုင်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

"တီကျစ်ကျောက်မီးသွေးစက်ရုံ တည်တဲ့ ကိုးနှစ်တာကာလအတွင်း ညှော်နံ့ကိုခံရတဲ့အတွက် အမျိုးသမီးတွေဆိုရင် လမစေ့၊ ပေါင်မပြည့် မွေးလာတယ်။ သားပျက်သားလျှောတာတွေလည်း ဖြစ်လာတယ်။ တိရစ္ဆာန်တွေမှာဆိုလည်း သားပေါက်တဲ့အခါ အကောင်ရေ လျော့လာပြီး ဗိုက်ထဲမှာ အသေတွေ ဖြစ်နေပါတယ်" ဟု ရှမ်းပြည်တောင်ပိုင်း တီကျစ်ဒေသခံ ဒေါ်ခင်မျိုးအေးက ပြောဆိုသည်။

လေထုညစ်ညမ်းမှုမြင့်မားခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် ဆိုးရွားပြင်းထန်သည့် အကျိုးဆက်များကို ဖြစ်ပေါ်စေပြီး Global Burden of Disease စီမံကိန်း၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုကြောင့်ဖြစ်ရသည့် အဆုတ်ကင်ဆာ၊ လေဖြတ်ခြင်း၊ နှလုံးရောဂါများကြောင့် အချိန်မတိုင်မီ သေဆုံးရသူဦးရေသည် နေ့စဉ် ၄၅ ဦးခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

အသစ်ထပ်မံတိုးခဲ့မည့် ကျောက်မီးသွေးစက်ရုံစီမံကိန်းများတွင် ကွမ်းခြံကုန်း၊ ဧရာဝတီကောင်းနှင့် ရေးမြို့တို့ အပါအဝင် အခြားမြို့နယ်ခုနစ်ခုလည်း ပါဝင်သည်။

■ J-13



ဓာတ်ပုံ - KBZ

# ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက ပရဟိတလုပ်ငန်းများကို ကျပ်သိန်းငါးထောင်လှူဒါန်း

**ရန်ကုန်၊ မေ ၄**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းက လူမှုပရဟိတလုပ်ငန်းများကို ကျပ်သိန်းငါးထောင် လှူဒါန်းခဲ့ကြောင်း အဆိုပါဖောင်ဒေးရှင်းထံမှ သိရသည်။

စာရေးဆရာမ ဒေါ်သန်းမြင့်အောင် ဦးစီးသော အောင်ဖောင်ဒေးရှင်းနှင့် ၎င်း၏ ပရဟိတလုပ်ငန်းများအတွက် ကျပ်သိန်း ၂၅၀၀ နှင့် NLD AIDS Center (NAC) HIV/AIDS ခုခံအားကျဆင်းမှု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး ဂေဟာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဒေါ်ဖြူဖြူသင်းကို လှူဒါန်းငွေ ကျပ်သိန်း ၂၅၀၀ စီ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသော 'ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း'သည် ဆေးရုံကြီးများ ဆောက်လုပ်လှူဒါန်းခြင်း၊ အခမဲ့ဆေးကုသခန်းများ ဖွင့်လှစ်ကုသပေးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စများ၊ သောက်သုံးရေ ရှားပါးခက်ခဲသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အအေးလွန်ကဲမှုဒဏ်မှ ကာကွယ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂ သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည် နှစ်သိန်းကျော်ကို ပြည်ပမှ မှာယူလှူဒါန်းခဲ့ခြင်း၊ ပြည်ပနိုင်ငံများတွင် ဘေးဒုက္ခရောက်လျက်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သား ၆၅၀၀ ကျော်ကို လူသားချင်း စာနာထောက်ထားမှုဖြင့် အမိမြန်မာနိုင်ငံသို့ စင်းလုံးငှားလေယာဉ်များဖြင့် အခမဲ့ အကြိမ်ကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့ခြင်း စသည်တို့အပြင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကျပ်သိန်းပေါင်း ၃၀၀၀၀ ကို လှူဒါန်းခဲ့ခြင်း စသည်ဖြင့် ဖောင်ဒေးရှင်း စတင်တည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ စုစုပေါင်းကျပ်ငွေ ၁၂၀ ဘီလီယံကျော် လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

■ J-01

# လယ်ယာဝန်ဆောင်မှုစင်တာများ တည်ဆောက်မည်

**ရန်ကုန်၊ မေ ၄**

ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖြင့် စပါးအဓိကစိုက်ပျိုးသည့် မြို့နယ် ၃၃ ခုတွင် လယ်ယာဝန်ဆောင်မှုစင်တာများ တည်ဆောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါစီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အကြီးစားကန်ထရိုက် လယ်ယာစနစ် ဖော်ဆောင်နိုင်ရန်အတွက်လည်း စာချုပ်ပုံစံများ ရေးဆွဲလျက်ရှိကြောင်း၊ ကန်ထရိုက်လယ်ယာစနစ်တွင် လက်တွဲလုပ်ဆောင်မည့် တောင်သူလယ်သမားများအတွက်လည်း တစ်ကေလျှင် ချေးငွေကျပ်တစ်သိန်းခွဲ ထပ်ဆောင်းထောက်ပံ့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းကပြောဆိုသည်။

မေလ ၂ ရက်နေ့က ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်တွေ့ဆုံစဉ် ရန်ကုန်မြို့ရှိ ဝါးတန်းကုန်စည်ဒိုင် ပြုပြင်အဆင့်မြှင့်တင်ရေး ပြည်ထောင်စုဝန်ကြီးထံ တင်ပြထားပြီး ဆန်စပါးနှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ ရရှိနိုင်ရန်အတွက်လည်း ဗဟိုစာရင်းစစ်အဖွဲ့က စစ်တမ်းများကောက်ယူကာ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

■ J-11


ဝန်ထမ်းအလိုရှိသည်

WANTED A YOUNG AND DYNAMIC AGRONOMIST

Needed for marketing and field trials of micronutrients and other inputs forbiological agriculture, including organic farming. Incumbent should be a qualified agronomist with about 2 years of field experience and should be fluent in English .Successful candidate will be trained both in Myanmar and possible overseas and will have ample growth opportunities. We are part of a global group based out of Singapore specialized in biological agriculture and inputs for nutrition and organic farming.

Please contact ............indicating salary expected.

[illegible] ( BIO Product ) [illegible] company မှ

( A ) [illegible] ( Agronomist Agriculture ) [illegible]

( B ) Marketing [illegible]

Cv form [illegible] email [illegible]

[illegible] 16 -17-18 [illegible]

[illegible] ( 407/408 ) 4 [illegible]

Email :r-nawaratk@myanmar.com.mm

Phone: 01- 370834 ( office hours 9:00am to 5:30 pm )/ 09-795 330 558

# EDITORIAL

# ကောလာဟလများနှင့် ဥပဒေစိုးမိုးမှု

တရားဥပဒေ စိုးမိုးရေးခေါင်းစဉ်တပ်၍ ပြောလိုက်သည်နှင့် လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို စိုးမိုးခြင်း၊ မစိုးမိုးခြင်း ဖြစ်နေသလောဟူသော မေးခွန်း မေးစရာရှိပေသည်။

အာဏာသုံးရပ်နှင့် တပ်မတော်တို့မှ တာဝန်အရှိဆုံး ပုဂ္ဂိုလ်များနှင့် ပတ်သက်သော ပုတ်ခတ်၊ စွပ်စွဲမှုများကိုမူ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်၊ ဖမ်းဆီး၊ တရားစွဲဆို၊ အပြစ်ဒဏ်ချ အရေးယူနေသော်လည်း ထိုထက် ကြီးမားသော ကိစ္စရပ်များကိုမူ သာမန်အမှုအခင်းသဖွယ် သဘောထားနေခြင်းကြောင့် ယင်းသို့မေးခွန်း ထုတ်စရာ ရှိလာခြင်းဖြစ်သည်။

လတ်တလော ကာလအတွင်း ဘာသာရေးပဋိပက္ခကို ဦးတည်လာနိုင် ဖွယ်ရှိသည့် လူပ်ရှားမှုအချို့၊ ပုဂ္ဂလိကဘဏ်ကြီးတစ်ခုနှင့်ပတ်သက်သော ကောလာဟလ၊ နိုင်ငံတော်သမ္မတ နုတ်ထွက်စာတင်မည်ဟူသော လုပ်ကြံ ဖန်တီးသတင်းတို့မှာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို အဟန့်အတားဖြစ်နိုင်ခြေရှိသော သတင်းများဖြစ်သည်။

ပုဂ္ဂိုလ်ရေး တိုက်ခိုက်၊ လုပ်ကြံမှုများမှာမူ နယ်ပယ်အသီးသီး၊ အလွှာ အသီးသီးတွင် ဖြစ်မြဲဖြစ်နေကျ ကိစ္စရပ်ဖြစ်သောကြောင့် ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှု တိုင်းကို အလေးထားတုံ့ပြန်နေပါက အိုးမလုံ၊ အုံပွင့်သည့်သဘော သက်ရောက် သွားတတ်သည်ကို သတိချပ်သင့်ပေသည်။

ပုံမှန်အားဖြင့် အများပြည်သူနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ ကောလာဟလများ၊ လုပ်ကြံသတင်းများဆိုပါက သက်ရောက်မှုနယ်ပယ်နှင့် အတိုင်းအတာ ကြီးမားပျံ့နှံ့သွားနိုင်သည့်အတွက် အထူးအရေးကြီးကိစ္စအဖြစ် သတ်မှတ်ကာ မဖြစ်မနေ အပူတပြင်း ဖော်ထုတ်၊ အရေးယူရတတ်သည်။

သာမန်အခြေအနေတစ်ရပ်ကို မူတည်ကာ ဖြစ်ရိုးဖြစ်စဉ် ကောလာဟလ မျိုးထက် နိုင်ငံသားအများစု၏ စားဝတ်နေရေးနှင့် ချိတ်ဆက်နေသော နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ကောလာဟလများကို တမင်ရည်ရွယ်ချက်ဖြင့် ဖန်တီးပျံ့နှံ့စေခြင်းမျိုးဆိုပါက အချိန်မဆိုင်းဘဲ လျင်လျင်မြန်မြန် တုံ့ပြန် ဖြေရှင်းရမည်ဖြစ်သည်။

သို့သော် လူပုဂ္ဂိုလ် တစ်ဦးဦး၊ အဖွဲ့အစည်းတစ်ခုခုနှင့်သာ သက်ဆိုင် သော ကိစ္စရပ်တိုင်းကို မလုံမလဲစိတ်ဖြင့် ကြည့်ပါက အနုတ်လက္ခဏာဆောင် အဓိပ္ပာယ်ကောက်ယူမှု၊ လိုရာဆွဲ အနက်ဖော်ကောက်ချက်ချမှုတို့သာ ရှိလာ နိုင်ပြီး အပျက်သဘောဘက်သို့ နားလည်မှုလွဲချော်သွားတတ်သည်။

ဆိုလိုသည်မှာ ပုဂ္ဂိုလ်ရေး ထိပါးမှုများကို အာမခံမပေးဘဲ ချက်ချင်း ဖမ်းဆီးအရေးယူနိုင်သည်အထိ အခွင့်အာဏာပေးထားသော ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)နှင့် အခြားတည်ဆဲ ဥပဒေပုဒ်မအချို့ကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ထိခိုက်စေပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနှောင့်ယှက်လိုသော ကောလာဟလ ဖြန့်ချိသူများအား အရေးယူရာ တွင် အသုံးပြုသင့်ကြောင်းကို ဆိုလိုသည်။

အထူးသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ချိတ်ဆက်ပတ်သက်နေသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များအပြင် ပြည်ထဲရေး ဝန်ကြီးဌာနကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သြဇာသက်ရောက်မှုရှိသည့် တပ်မတော်တို့အနေနှင့် ကောလာဟလများကို ထိရောက်ပြင်းထန်စွာ ထိန်းသိမ်းကိုင်တွယ်နိုင်ကြပါမည့်အကြောင်း အထူး အကြံပြုအပ်ပေသည်။

**အယ်ဒီတာ ( ၄ - ၅ - ၂၀၁၇ )**

# သတင်းမီဒီယာများ၏ မေးမြန်းမှု YRTA ကို ဖြေခွင့်မပေးတော့သည်မှာ မဟုတ်ဟုဆို

**ရန်ကုန်၊ မေ ၄**

ရန်ကုန်မြို့တော်အတွင်းပြေးဆွဲနေသည့် YBS တံဆိပ်တပ်ယာဉ်များနှင့် ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုကို YRTA အနေနှင့် ဖြေကြားမှု မပြုရန် တိုင်းအစိုးရအဖွဲ့က ညွှန်ကြားထားသည်မှာ မဟုတ်ကြောင်း အဆိုပါအဖွဲ့က ငြင်းဆိုလိုက်သည်။

"ကျွန်တော်လည်းမသိဘူး။ သူများတွေပြောနေသံတော့ကြားတယ်။ ကျွန်တော်ကိုယ်တိုင်တောင် တိုင်းအစိုးရအဖွဲ့က ညွှန်ကြားထားမှန်းမသိသေးဘူး" ဟု ရန်ကုန်တိုင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

YBS နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းချက်များနှင့် ပြည်သူများ၏ မေးခွန်းများကို YRTA အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများ ဖြေကြားခြင်းမပြုရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း ယင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက မေလ ၃ ရက်က သတင်းမီဒီယာတစ်ခုကို ဖြေကြားထားခြင်းနှင့်ပတ်သက်၍ ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

YBSနှင့်ပတ်သက်ပြီးသတင်းမီဒီယာများ၏ မေးမြန်းမှုကို YRTA ၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့သာ ဖြေကြားခဲ့ရာမှ ဧပြီလမှစတင်၍ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းတစ်ဦးသာ ဖြေကြားခွင့်ရှိကြောင်း သတ်မှတ်ခဲ့ပြီး လက်ရှိတွင် မည်သူမျှဖြေကြားခွင့် မရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ယင်းကြောင့် YRTA ၏ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းထံ ဆက်သွယ်မေးမြန်းရာတွင် စာသင်နေသဖြင့် ဖြေကြားမပေးနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

YBS စနစ် စတင်ပြောင်းလဲခဲ့ချိန်မှစ၍ ခရီးသွားပြည်သူများအနေနှင့် ယာဉ်စီးရမလုံလောက်သည့် အခက်အခဲ၊ ယာဉ်လုပ်သားများ၏ ရိုင်းပျစွာဆက်ဆံခံရခြင်း၊ ကိုယ်ထိလက်ရောက် ပြုလုပ်ခြင်း၊ စည်းကမ်းမဲ့ မောင်းနှင်ခြင်းများနှင့် နေ့စဉ် ကြုံတွေ့နေရသော်လည်း အဆိုပါကိစ္စများကို YRTA အနေနှင့် လက်ရှိအချိန်အထိ ဖြေရှင်းနိုင်ခြင်း မရှိသေးကြောင်း YBS စီးနင်းသည့် ခရီးသည်များက ပြောဆိုသည်။

■ J-06

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma,
Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# တရုတ်လွှမ်းမိုးမှုအောက်က မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် (အပိုင်း ၈)

## Yun Sun ရေးသားပြီး ချွန်ထူးဟန် ဘာသာပြန်ဆိုသည်။

**မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အသက်တမျှအရေးကြီးသော ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာ့အရေးလေ့လာသူ နိုင်ငံရေးသုတေသီ Yun Sun က အစီရင်ခံစာတစ်စောင်ကို သုတေသနပြုရေးသားခဲ့ပြီး မတ်လကုန်ပိုင်းတွင် အမေရိကန် ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု (USIP) က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာ၏ ခေါင်းစဉ်မှာ China and Myanmar's Peace Process ဖြစ်ပြီး တရုတ်နိုင်ငံအစိုးရ အရာရှိကြီးများနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးပေါင်း ၈၀ ကျော်ခန့်ကို အခြေခံကာ ရေးသားထားခြင်းဖြစ်သည်ဟု သုတေသီ Yun Sun ကဆိုထားသည်။ စာမျက်နှာ ၂၀ နီးပါးခန့်ရှိသည့် ယင်းအစီရင်ခံစာကို The Voice Daily သတင်းစာတွင် ဆီလျော်သလို အပိုင်းခွဲကာ ဘာသာပြန်ဆို ဖော်ပြသွားမည်ဖြစ်ပါသည်။ နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ နီးပါးကြာမြင့်နေပြီဖြစ်သည့် မြန်မာပြည်တွင်းစစ် အဆုံးသတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ကြဉ်းပေးနိုင်ရေးအတွက် ကြိုးပမ်းနေသူများ၊ တရုတ်နှင့် မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းကြောင်းကို စိတ်ဝင်တစားလေ့လာနေသူများအတွက် များစွာအထောက်အကူပြုမည့် အစီအရင်ခံစာဟုလည်း ယုံကြည်ပါသည်။ (အစီအရင်ခံစာမူရင်းကို ဖတ်ရှုလိုသူများအနေနှင့် www.usip.org ဝက်ဘ်ဆိုက်တွင် ဒေါင်းလုပ်ယူကာ ဖတ်ရှုနိုင်ပါသည်)**

### 'ဝ' တပ်ဖွဲ့

'ဝ' တပ်ဖွဲ့(UWSA)သည် လွတ်လပ်ရေးရယူရန် ကြိုးပမ်းနေသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့မဟုတ်ပေ။ သို့သော် 'ဝ' တို့တွင် နိုင်ငံရေး၊ နယ်နိမိတ်ပိုင်ဆိုင်ရေးတို့အတွက် ခိုင်မာသော ဦးတည်ချက်ပန်းတိုင် သုံးခုရှိနေလေသည်။ ယင်းတို့မှာ- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အဆင့်မြင့်မြင့်ရရှိရေး၊ လတ်တလော ထိန်းချုပ်ထားသော မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ 'ဝ' အထူးဒေသကို 'ဝ' တိုင်းရင်းသားတို့၏ ပြည်နယ်အဆင့်သို့ တိုးမြှင့်သတ်မှတ်နိုင်ရေး စသည်တို့ဖြစ်သည်။ 'ဝ' တို့သည် NCA သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ အကြောင်းမှာ 'ဝ' တို့သည် ၁၉၈၉ ခုနှစ်ကစ၍ မြန်မာအစိုးရနှင့် စစ်မက်ဖြစ်ပွားမှု မရှိခဲ့ခြင်းကြောင့်ဖြစ်သည်ဟု 'ဝ' အထူးဒေသတွင် တွေ့ဆုံမေးမြန်းခဲ့သူများ၏ ယူဆပြောဆိုမှုများအရသိရသည်။ ပို၍ဆိုရလျှင် 'ဝ' တို့သည် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်ကတည်းက ၎င်းတို့ စေ့စပ်ညှိနှိုင်းလာခဲ့သော အဆင့်သုံးဆင့်ပါ အပြန်အလှန် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ရယူလိုကြခြင်းဖြစ်သည်။ အကြောင်းမှာ 'ဝ' တို့သည် ပထမ အဆင့်နှစ်ဆင့် (နိုင်ငံတော်နှင့် ပြည်ထောင်စု) ကို ပြီးမြောက်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး ဒိုင်ယာလော့ခ်တွင်ပါဝင် ဆွေးနွေးနေရခြင်းသည် နောက်ကြောင်းပြန်သည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ထားသောကြောင့်ဖြစ်လေသည်။ 'ဝ' တပ်ဖွဲ့တွင်း သဘောထားတင်းမာသော အင်အားစုများက နေပြည်တော်အခြေစိုက် (မြန်မာ) ဗဟိုအစိုးရအနေနှင့် စေ့စပ်ဆွေးနွေးမှုတွင် ဖြစ်ပေါ်လာမည့် သဘောတူညီချက်မှန်သမျှကို နောက်ထပ်တစ်ကြိမ် စွန့်လွှတ်မည်မဟုတ်ဟူသောအချက်ကို အနည်းငယ်မျှသာ ယုံကြည်မှုရှိကြသည်။

အမှန်ဆိုရလျှင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအားလုံးအနက် တရုတ်နိုင်ငံနှင့် အနီးကပ်ဆုံး ရင်းနှီးချစ်ကြည်မှုရှိပြီး တရုတ်တို့၏ စာနာထောက်ထားမှုအများဆုံးရရှိသည့် အုပ်စုမှာ 'ဝ' တို့ပင်ဖြစ်ဟန်ရှိသည်။ တရုတ်နိုင်ငံမှ ဒေသအစိုးရအရာရှိအချို့က မှတ်ချက်ပေးပြောဆိုမှုများအရ တရုတ်နိုင်ငံသည် 'ဝ' တပ်ဖွဲ့ကို 'တရုတ်၏ တရားမဝင် ရင်သွေး' အဖြစ်သဘောထားသည်။ လက်ရှိ 'ဝ' တပ်ဖွဲ့၏ တပ်မှူး Bao Youxiang ၏ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တစ်ခု ဖန်တီးရေးဟူသော ဦးတည်ချက်ကိုကြည့်မည်ဆိုပါက ၁၉၆၀ ပြည့်နှစ်များဆီက သမိုင်းကြောင်းကိုနောက်ကြောင်းပြန်ကြည့်လျှင်သိနိုင်မည်ဖြစ်သည်။ ထိုစဉ်က Bao Youxiang ၏ပြောက်ကျားတပ်ဖွဲ့သည် ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) နှင့်ပူးပေါင်းခဲ့ပြီး UWSA (ညီညွတ်သော ပြည်နယ်တပ်ဖွဲ့) ဖွဲ့စည်းထူထောင်ရန် တိုက်ပွဲဝင်ခဲ့သည်။ 'ဝ' တပ်ဖွဲ့ခေါင်းဆောင်များသည် ယနေ့အချိန်ကာလအထိ ဘေဂျင်းအစိုးရ၏ သီးသန့်ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ ယူနန်မြို့တွင်းသို့ လွတ်လွတ်လပ်လပ်ပင် သွားလာဝင်ရောက်ကာ ဆေးကုသမှုခံယူခွင့်ရှိထားသည်။ ယင်း ခံစားခွင့်သည် မည်သည့်လက်နက်ကိုင်အုပ်စုတစ်ခုမျှမရရှိသော အခွင့်အရေးတစ်ရပ်လည်းဖြစ်လေသည်။


Photo - EPA

'ဝ' ဒေသသည် မြန်မာပြည်၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟူသော 'ဝ' တပ်ဖွဲ့၏ ခံယူချက်ကို တရုတ်နိုင်ငံက ထောက်ခံသည်။ 'ဝ' တပ်ဖွဲ့တွင် 'ဝ' ဒေသကို တရုတ်ပြည်၏ ပိုင်နက်ဖြစ်လာရေးဟူသည့် ဦးတည်ချက်မရှိသလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိမှုကိုလည်း စွန့်လွှတ်ရန် ဦးတည်ချက်မရှိပေ။ တရုတ်နိုင်ငံကမူ 'ဝ' တပ်ဖွဲ့နှင့် မြန်မာအစိုးရအကြား ပဋိပက္ခဖြစ်မည့်အရေးကို မမြင်တွေ့လိုပေ။ မြန်မာအစိုးရ စစ်တပ်နှင့် 'ဝ' တပ်ဖွဲ့အကြား ပစ်ခတ်မှုများရှိခဲ့သည့်တိုင် ယင်းသို့ဆိုးရွားသည့် အခြေအနေမျိုးမပြုလုပ်ဘဲ နေကြရန် နှစ်ဖက်စလုံးကို တရုတ်က ဖိအားပေးလျက်ရှိသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှ နုတ်ထွက်ရန် 'ဝ' တပ်ဖွဲ့ကို တရုတ်နိုင်ငံက တွန်းအားပေးမည်မဟုတ်သလို 'ဝ' တို့လက်သင့်မခံလိုသော ကျေအေးပေးမှုမှန်သမျှကို လက်သင့်ခံရန်လည်း တွန်းအားပေးလိမ့်မည်မဟုတ်ပေ။ တရုတ်နိုင်ငံနှင့် 'ဝ' တပ်ဖွဲ့တို့၏ သဘောထားအမြင်တွင် သတ်မှတ်ပြဋ္ဌာန်းထားသော ကျေအေးပေးမှုဟူသည် ပြိုကွဲပျက်စီးလွယ်ပြီး ရေရှည်မှာလည်း တည်တံ့နိုင်ခြင်းမရှိသလို အနာဂတ်ကာလ၌ ကြီးမားသည့် မတည်မငြိမ်မှုများကိုသာ ဖြစ်ပေါ်စေနိုင်သည်ဟူသည့် သဘောမျိုးရှိနေပေမည်။

တရုတ်သည် မြန်မာပြည်မြောက်ပိုင်းဒေသမှ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား 'ဝ' တပ်ဖွဲ့၏ ဗျူဟာကျသည့် ဦးဆောင်မှုကဏ္ဍကို ထောက်ခံသည်။ 'ဝ' တပ်ဖွဲ့သည်လည်း ကိုးကန့်တို့၏ ရှမ်းပြည်အရှေ့ပိုင်းအဖွဲ့ခွဲ နှင့် တရားမဝင်သဘောမျိုး မဟာမိတ်ဖွဲ့ရှုမှုကို နှစ်သက်သည်။ ပထဝီအနေအထား နီးကပ်မှု၊ သမိုင်းကြောင်းအစဉ်အလာအရ ရင်းနှီးကျွမ်းဝင်မှုတို့ကြောင့်ဖြစ်သည်။ ယင်းအုပ်စုနှစ်ခုစလုံးသည် ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် အရေးကိစ္စအတော်များများနှင့်ပတ်သက်၍ အနီးကပ်ပူးပေါင်းကာ ရပ်တည်ဖြေရှင်းခဲ့ကြသည်။ ထို့ပြင် ယခင် NCA သဘောတူညီချက်ကိစ္စတွင် မပါဝင်ခဲ့သော MNDAA၊ တအာင်းနှင့် ရခိုင်တပ်ဖွဲ့တို့ကို ပံ့ပိုးကူညီခဲ့ကြသည်။ 'ဝ' တပ်ဖွဲ့သည် ၂၀၁၅ ခုနှစ်မှစ၍ ပန်ဆိုင်းမြို့တွင် တိုင်းရင်းသားလူမျိုးများ ထိပ်သီးညီလာခံသုံးခုကို ကျင်းပပေးခဲ့ခြင်းဖြင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ၎င်း၏ ဦးဆောင်မှုအပေါ် ထောက်ခံမှုရအောင် ကြိုးပမ်းခဲ့လေသည်။ အကျိုးဆက်မှာ ကေအိုင်အေ ဦးဆောင်သော UNFC ကိုယှဉ်ပြိုင်နိုင်ရန် ဦးတည်ခြင်းဖြစ်သည်ဟု သတ်မှတ်ခံလာရခြင်းပင်ဖြစ်သည်။ ကေအိုင်အေသည် 'ဝ' တပ်ဖွဲ့ကို အဆင့်တူအဖြစ်သတ်မှတ်ထားသည့် တစ်ခုတည်းသော တိုင်းရင်းသား လက်နက်ကိုင်အုပ်စုဖြစ်ဟန်ရှိလေသည်။ နှစ်ဖက်စလုံးက လူသိရှင်ကြား အသိအမှတ်ပြု ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ကေအိုင်အေနှင့် 'ဝ' တပ်ဖွဲ့တို့သည် တစ်ဦးနှင့် တစ်ဦး မိတ်ဖက်များအဖြစ်သော်လည်းကောင်း၊ ပြိုင်ဘက်များအဖြစ်သော်လည်းကောင်း ရှုမြင်ကြသည်။ ကေအိုင်အေတပ်ဖွဲ့အတွင်းရှိ အုပ်စုအချို့ကို အပေးအယူလုပ်လွန်းသူများအဖြစ် ဝ တို့က ဝေဖန်ကြသလို 'ဝ' တပ်ဖွဲ့ကိုလည်း ပိုနေမြဲကျားနေမြဲ အခြေအနေကို ကြိုက်နှစ်သက်လွန်းသူများအဖြစ် ကေအိုင်အေအုပ်စုမှ အချို့က ရှုမြင်ကြသည်။ ကချင်ပြည်သူအများစုကတော့ 'ဝ' တပ်ဖွဲ့၏ ကြိုးပမ်းချက်များတွင် ၎င်းတို့ လွတ်လပ်ရေးအတွက် ကာလကြာရှည်တိုက်ပွဲဝင်နိုင်အောင် စေ့ဆော်ပေးသည့် အိုင်ဒီယော်လော်ဂျီမျိုးမရှိဟု ရှုမြင်ကြပါသည်။ မြန်မာနိုင်ငံတွင်း တရားဝင် 'ဝ' ပြည်နယ်တစ်ခုဖြစ်လာစေလိုသည့် 'ဝ' တပ်ဖွဲ့၏ ဆန္ဒအပေါ် ကချင်ပြည်သူများက အားမလိုအားမရဖြစ်လျက်ရှိသည်။

'ဝ' တပ်ဖွဲ့အပေါ် တရုတ်အစိုးရက စစ်ရေးထောက်ပံ့မှုလုပ်ဆောင်ခဲ့ခြင်းရှိ၊ မရှိဟူသည်မှာ လေ့လာစောင့်ကြည့်သူအများစုအတွက် အခရာကျသည့် မေးခွန်းတစ်ခုဖြစ်လေသည်။ 'ဝ' တပ်ဖွဲ့တွင် တရုတ်ကြေးစားများစွာပါရှိနေပေသည်။ သို့သော် ယင်းသို့ တရုတ်ကြေးစားများပူးပေါင်းပါဝင်နေခြင်းသည် တရုတ်အာဏာပိုင်တို့ဘက်က စနစ်တကျ စည်းရုံးပေးခဲ့ခြင်းကြောင့်တော့မဟုတ်ပေ။ ယူနန်ပြည်နယ်တွင်ရရှိသည့် ပျမ်းမျှဝင်ငွေထက် ပိုမိုများပြားသောလစာကို 'ဝ' တပ်ဖွဲ့က ပေးနေခြင်းကြောင့်ဖြစ်သည်ဟု 'ဝ' တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တရုတ်ကြေးစားများ၏ ရှင်းလင်းပြောပြချက်အရသိရသည်။ 'ဝ' တပ်ဖွဲ့တွင်အသုံးပြုသော အပေ့ါစားလက်နက်အများစုမှာ တရုတ်လုပ်လက်နက်များကို ပြန်လည်တပ်ဆင်ထားခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ 'ဝ' တို့တွင် အနည်းဆုံး လက်နက်စက်ရုံ နှစ်ခုရှိပြီး တရုတ်လုပ်မော်ဒယ်များကိုအခြေခံသည့် အပေ့ါစား တိုက်ခိုက်ရေးလက်နက်များ ထုတ်လုပ်လျက်ရှိသည်။ တရုတ်နိုင်ငံက 'ဝ' တပ်ဖွဲ့ကို ထောက်ပံ့ပေးနေပါသည်ဟူသော ကောက်ချက်မှာ ဖြစ်နိုင်ခြေရှိသော်လည်း ယင်းယူဆချက်အတွက် သက်သေအထောက်အထားတစ်စုံတစ်ရာမရှိပေ။

'ဝ' တို့၏ ပိုင်နက်သည် ကချင်ပြည်နယ်လိုမဟုတ်။ သဘာဝ သယံဇာတပေါကြွယ်ဝခြင်းမရှိပေ။ သံဖြူတူးဖော်ရေးလုပ်ငန်းမှာ အခြေအနေကောင်းလာသည့်အချိန်တွင် သံဖြူဈေးနှုန်းကျဆင်းခြင်းကြောင့် များစွာ ထိခိုက်ခဲ့သည်ဟု 'ဝ' ဒေသမှ ကိုယ်စားလှယ်များကဆိုသည်။ 'ဝ' တို့သည် ဘဏ္ဍာငွေအတွက် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနှင့် ကာစီနိုလောင်းကစားလုပ်မှုအပါအဝင် တရားမဝင် စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုအားထားခဲ့သည့် အစဉ်အလာရှိလေသည်။ ယင်းတရားမဝင် စီးပွားရေး လုပ်ဆောင်ချက်များက တရုတ်ဈေးကွက်နှင့် စားသုံးသူများကို ထောက်ပံ့ပေးလျက်ရှိသည်။ အဆိုပါဈေးကွက်နှင့် စားသုံးသူများက ဘေဂျင်းအစိုးရအတွက် နယ်စပ်ဖြတ်ကျော် ဒုစရိုက်မှုကြီးမျိုးစုံကို ဖန်တီးပေးလျက်ရှိသည်။ သို့သော် 'ဝ' တို့၏ လုပ်ဆောင်ချက်များအပေါ် တရုတ်အစိုးရက အောင့်အည်းသည်းခံကာ တရုတ်နိုင်ငံတွင်း ရာဇဝတ်မှုများ တိုက်ဖျက်ရေးဟူသော ခေါင်းစဉ်ဖြင့် တင်းကျပ်သည့် ဥပဒေများကျင့်သုံးရန် ကြိုးပမ်းသည်။

ဝ တပ်ဖွဲ့အပေါ် တရုတ်၏နိုင်ငံရေးပံ့ပိုးပေးနိုင်မှုအင်အားမှာ အတော်ပင်ကောင်းလှသည်။ သို့သော် တရုတ်တို့ပံ့ပိုးပေးမှု အတိုင်းအတာကို တွက်ချက်ရန်မှာ လွန်စွာခဲယဉ်းသည်။ မြန်မာ့တပ်မတော်နှင့် 'ဝ' တပ်ဖွဲ့အကြား ပဋိပက္ခဟူသည် စဉ်းစား၍မရနိုင်သောအရာတော့မဟုတ်ပေ။ သို့သော် မဝေးကွာလှသည့် အနာဂတ်တွင် ပဋိပက္ခဖြစ်လာနိုင်ခြေမှာ အနည်းငယ်မျှသာရှိလေသည်။ အကြောင်းမှာ တရုတ်နိုင်ငံဘက်က ဆန့်ကျင်ကန့်ကွက်မှုရှိနေခြင်း၊ 'ဝ' တို့၏ အင်အားကောင်းမွန်ခြင်းတို့ကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံသည် 'ဝ' တို့၏ အိပ်မက်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးဟူသည့် ရည်မှန်းချက်ကို စွန့်လွှတ် တွန်းအားပေးလိမ့်မည်မဟုတ်ပေ။ တွန်းအားပေးနိုင်သည့် အကြောင်းအရင်းလည်းမရှိပေ။ 'ဝ' တပ်ဖွဲ့ကို တရုတ်နိုင်ငံက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တရုတ်အမျိုးသားအကျိုးစီးပွားအတွက် သစ္စာရှိသော နောက်လိုက်ကောင်းတစ်ဦးအဖြစ်ရှုမြင်လေသည်။ ■

**ချွန်ထူးဟန်**

**ရှေ့တစ်ပတ် တနင်္လာနေ့တွင် အဆုံးသတ်ပါမည်။**

# BUSINESS



ဓာတ်ပုံ - အောင်နိုင်

## စိုက်ပျိုးရေးကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာလေးသန်းနီးပါး ဝင်ရောက်

ရန်ကုန်၊ မေ ၄

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အစတွင် စိုက်ပျိုးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ လေးသန်းနီးပါး ဝင်ရောက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုသည် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး သစ်တောစိုက်ခင်းများ စိုက်ပျိုးရန်ဖြစ်ကြောင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၆၅ ရာခိုင်နှုန်းပါဝင်ပြီး နိုင်ငံသားရှယ်ယာ ၃၅ ရာခိုင်နှုန်းပါဝင်ကြောင်း ၎င်းကပြောဆိုသည်။

"စိုက်ပျိုးရေးကဏ္ဍက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မယ့်ကဏ္ဍထဲမှာ ပါဝင်တဲ့အတွက် အခွန်သက်သာခွင့်တွေ အများကြီးပေးထားပါတယ်။ အရင်က စိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုက နည်းပေမယ့် ဒီနှစ်ကတော့ စောင့်ကြည့်ရဦးမှာပါ" ဟု ၎င်းကဆိုသည်။

ယခင်ဘဏ္ဍာနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းသို့ ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် စက်မှုလုပ်ငန်းများ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အများဆုံးဖြစ်ကာ လယ်ယာစိုက်ပျိုးနှင့် မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍများတွင် ရာခိုင်နှုန်းအနည်းငယ်သာ ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွက်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံဝင်ရောက်ရန် မျှော်မှန်းထားပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ကန့်သတ်ချက်များကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■ J-13

## အေးခဲအသားများ တရုတ်သို့ပြန်လည်တင်ပို့ခွင့်ပြုမည်

ရန်ကုန်၊ မေ ၄

၂ နှစ်ကျော်ရပ်နားထားသည့် ပြည်တွင်းထွက် အေးခဲအမဲသားနှင့် ဆိတ်သားများ တရုတ်နိုင်ငံသို့တင်ပို့မှု ပြန်လည်ခွင့်ပြုရန်အတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

မေလ ၂ ရက်နေ့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

"ရောဂါတွေ့တယ်ဆိုပြီး တရုတ်နိုင်ငံက အသားတင်သွင်းမှုကို ရပ်လိုက်တာ ၂ နှစ်ကျော်လောက်ရှိပါပြီ။ တိရစ္ဆာန်အကောင်လိုက် တင်ပို့မှုကတော့ ရှိပါတယ်။ အသားတင်ပို့မှုသာ မရှိတော့တာ။ ဒါကို ခွင့်ပြုပေးဖို့အတွက် လုပ်ငန်းရှင်တွေ ဆောင်ရွက်နေတာလည်း ကြာပါပြီ" ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၃) ဒေါက်တာကျော်ထင်က ပြောကြားသည်။

တရုတ်နိုင်ငံသို့ ပြည်တွင်းထွက် အေးခဲအမဲသားနှင့် ဆိတ်သားများတင်ပို့မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၈၀ အထိ ရရှိခဲ့ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။ ■ J-11

### မေလ ၄ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16000 | 16000 | - | 1925 | 30,800,000 |
| MTSH | 4100 | 4100 | 4100 | - | 9609 | 39,396,900 |
| MCB | 9000 | 9000 | 9000 | - | 0 | 0 |
| FPB | 29000 | 29000 | 28500 | -500 | 195 | 5,607,500 |

## တိုင်းနှင့် ပြည်နယ်အစိုးရများ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီများကို သင်တန်းပေးမည်

ရန်ကုန်၊ မေ ၄

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုနိုင်မည်ဖြစ်သောကြောင့် ယင်းအစိုးရအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီများကို သင်တန်းပေးမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီများအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုခြင်း လုပ်ငန်းဆိုင်ရာများနှင့် လုပ်ပိုင်ခွင့်များ အမိန့်ကြော်ငြာစာကို မကြာမီ ထုတ်ပြန်မည်ဖြစ်ကြောင်း ယင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောကြားသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့များတွင် ပါဝင်မည့်သူများစာရင်း တင်ပြလာမှုကို စောင့်ဆိုင်းလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

"ဒီလိုမျိုးခွဲဝေပြီး ခွင့်ပြုပေးမှာက ကောင်းပါတယ်။ ဒါပေမဲ့ တိုင်းဒေသကြီးအဖွဲ့တွေကို စွမ်းဆောင်ရည်နဲ့ ဘယ်လောက်လုပ်ပိုင်ခွင့်ရမလဲပေါ့။ သူတို့ဆီမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ကြန့်ကြာနေမယ်ဆိုရင်တော့ မကောင်းဘူး" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီများက မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) မြန်မာကျပ်ငွေ သန်းခြောက်ထောင်အထိရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုနိုင်မည်ဖြစ်သည်။ ■ J-01

## သစ်သီးဝလံစိုက်တောင်သူများကို ချေးငွေပေးရန်ဆွေးနွေး

ရန်ကုန်၊ မေ ၄

မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မှတစ်ဆင့် ချေးငွေအစီအစဉ်များ တိုးမြှင့်ကာ သစ်သီးဝလံစိုက်ပျိုးသူများကို ချေးငွေထုတ်ပေးရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ဆွေးနွေးထားကြောင်း အဆိုပါအသင်း၏ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောကြားသည်။

လက်ရှိစိုက်ပျိုးနေသည့် သစ်သီးဝလံအမျိုးအစားပေါင်း ၅၀ ကျော်ရှိသည့်အတွက် ငွေထုတ်ချေးမည်ဆိုပါက အချိန်ကာလ သတ်မှတ်ရန်လိုအပ်ပြီး ချေးငွေပမာဏအမျိုးအစားကို အသင်းက တာဝန်ယူ ရေးဆွဲပေးရမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"အရည်အသွေးကောင်းတဲ့ ဟင်းသီးဟင်းရွက်တွေ၊ သစ်သီးဝလံတွေ ထုတ်မယ်ဆိုရင် ငွေလိုအပ်တယ်။ အဲဒါကြောင့် ငွေကြေးထောက်ပံ့ပေးပါလို့ ဝန်ကြီးကို တောင်းဆိုတဲ့အခါ ဝန်ကြီးကလည်း သဘောတူတယ်။ ချေးငွေဘယ်လောက်ပေးမလဲဆိုတာတော့ ဆွေးနွေးရဦးမယ်" ဟု ၎င်းကဆိုသည်။

လတ်တလောတွင် ၁၀ ဘီးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံမျိုးစုံ အများအပြားဝင်လာပြီး ပြည်တွင်းထုတ်လုပ်မှုထက် အရည်အသွေးကောင်းသည့်အပြင် ဈေးနှုန်းလည်းမကွာသည့်အတွက် စားသုံးသူများက ပြည်ပအသီးများကိုဝယ်သည့်အတွက် ပြည်တွင်းထုတ်လုပ်မှုများလည်း ကျဆင်းလာကြောင်း သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းထံမှ သိရသည်။

ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်နိုင်ရေး၊ ပြည်တွင်းတွင် ဈေးသက်သက်သာသာရရှိနိုင်ရန်နှင့် ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်ရန် အစိုးရအနေနှင့် နည်းပညာနှင့် အရင်းအနှီးများထောက်ပံ့ပေးရန် လိုအပ်ကြောင်း ဖရဲသီးစိုက်ပျိုးသူ ဦးခင်မောင်မြင့်က ပြောကြားသည်။

"ဖရဲသီး စိုက်ပျိုးတာက အနည်းဆုံး (ကျပ်) သိန်း ၂၀၊ ၃၀ လောက်ကုန်တယ်။ အဲဒါကို အတိုးသက်သာနှုန်းနဲ့ ချေးပေးပြီးတော့ ပေါ်တဲ့အခါမှ ပြန်ဆပ်ဆိုရင် တောင်သူတွေအတွက် သက်သာတယ်။ မဟုတ်ရင် အပြင်ကအတိုးအများကြီး ပေးပြီးချေးရင် သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတယ်" ဟု ၎င်းကဆိုသည်။ ■ J-13

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | Source: KBZ Bank | |
|---|---|---|---|
| 4.5.2017 | USD | EURO | SGD |
| ဝယ်ဈေး (ကျပ်) | ၁၃၄၆ | ၁၄၆၄ | ၉၆၂ |
| ရောင်းဈေး (ကျပ်) | ၁၃၅၀ | ၁၄၆၈ | ၉၆၈ |

| Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း | | |
|---|---|---|
| 4.5.2017 | ရွှေဈေး | |
| ပြည်တွင်းရွှေ (ကျပ်) | ၉၀၁,၀၀၀ (ဖွင့်) | ၉၀၀,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၄၁ (ဖွင့်) | ၁၂၄၀ (ပိတ်) |

# သံမဏိနှင်းဆီဂျာနယ် ထုတ်ဝေသူ အသတ်ခံရမှုမှ ဖမ်းဆီးထားသူ သုံးဦးကို ရုံးထုတ်

**ရန်ကုန်၊ မေ ၄**


ဓာတ်ပုံ- မြင့်မိုးညို

ပုဇွန်တောင်မြို့နယ်ရှိ သံမဏိနှင်းဆီဂျာနယ်တိုက်ရုံးခန်းတွင် ဂျာနယ်ထုတ်ဝေသူ ကိုဝေယံဟိန်း ဓားဖြင့်ဆင့်ထိုးအသတ်ခံရမှုမှ ဖမ်းဆီးထားသည့် သုံးဦးကို မေလ ၄ ရက်နေ့က ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ဒုတိယအကြိမ်မြောက် ရုံးထုတ်ပြီး ချုပ်ရမန်ယူခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဒီနေ့ရုံးထုတ်ချုပ်ရမန်ယူတယ်၊ လာမယ့် ၁၈ ရက်နေ့ကျ အရှေ့ပိုင်းခရိုင်တရားရုံးမှာ တရားစစွဲဆိုမယ်၊ တရားစွဲဆိုတင်ဖို့အတွက် ဥပဒေဘက်က အကြံပြုချက်စောင့်နေတယ်"ဟု ရဲအရာရှိက ပြောသည်။

မင်္ဂလာတောင်ညွန့် မြို့နယ်တွင် နေထိုင်သည့် အောင်ကိုကိုနှင့် ၎င်း၏ ဇနီး၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည်ဟုဆိုသော တာမွေမြို့နယ်တွင် နေထိုင်သူ ပြည့်သူနိုင်(ခ)ဘုရားပွဲ(ခ) ဖြိုးသော် တို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄ ဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်သည်။

"အမျိုးသမီးက လူသတ်မှုဖြစ်စဉ်မှာ မပါခဲ့ပေမယ့် သုံးယောက်လုံးကို ပုဒ်မ ၃၀၂/၁၁၄ နဲ့ လက်ရှိ အမှုဖွင့် ထားတယ်။ တရားစွဲတင်မယ့်နေ့ကျမှ ဥပဒေအကြံပြုချက်အရ သူ့ကို ပြန်လွှတ်မလွှတ်ဆိုတာ သိရမယ်"ဟု ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိက ပြောသည်။

ဖမ်းဆီးထားသည့် အောင်ကိုကိုနှင့် ၎င်း၏ သူငယ်ချင်း ပြည့်သူနိုင်(ခ)ဘုရားပွဲ(ခ)ဖြိုးသော်တို့မှာ ဧပြီလ ၁၄ ရက်(သင်္ကြန်အကျနေ့)က ပုဇွန်တောင်မြို့နယ်ရှိ သံမဏိနှင်းဆီဂျာနယ်တိုက် ရုံးခန်းတွင် ဂျာနယ်ထုတ်ဝေသူ အသက် ၂၇ နှစ် အရွယ် ကိုဝေယံဟိန်းကို ဓားဖြင့်အချက်ပေါင်းများစွာ ဆင့်ထိုးသတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ရဲတပ်ဖွဲ့က သိရသည်။

လူသတ်မှုစွပ်စွဲခံရသည့် အသက် ၃၁ နှစ်အရွယ် နိုင်ငံခြားသင်္ဘောသား အောင်ကိုကိုမှာ ၎င်း၏ဇနီးနှင့် လူမှုရေးဖောက်ပြန်နေသည်ဟုဆိုသော ကိုဝေယံဟိန်းကို သတ်ပြီးနောက် ဇနီးနှင့် လေးနှစ်အရွယ် သားဖြစ်သူကို ခေါ်ဆောင်ပြီး ပြင်ဦးလွင်မြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့စဉ် ဧပြီလ ၁၉ ရက် ညနေပိုင်း က ဖမ်းဆီးခံရခြင်းဖြစ်သည်။

ယင်းလူသတ်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် အခင်းဖြစ်စဉ် ဂျာနယ်တိုက် ရုံးခန်းရှိ စားပွဲပေါ်မှ ဓားဖြင့် သေဆုံးသူမှာ ထိုးသွင်းအသတ်ခံရကြောင်းနှင့် ထိုးသွင်းဒဏ်ရာဖော်ပြမှုတို့မှာ လွဲမှားမှုများ ရှိနေကြောင်း ဧပြီလ ၂၁ ရက်နေ့ ညနေပိုင်းက သေဆုံးသူ ကိုဝေယံဟိန်း၏ မိသားစုဝင်များက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လစဉ် လူသတ်မှု ၁၀ မှုနီးပါး ဖြစ်ပွားခဲ့ရာမှ မဟာသင်္ကြန်ကာလ ဧပြီလတွင် သံမဏိနှင်းဆီဂျာနယ်တိုက် ထုတ်ဝေသူ အသတ်ခံရမှု အပါအဝင် လူသတ်မှုပေါင်း ၂၀ မှု စံချိန်တင်ဖြစ်ပွားခဲ့သည်။

■ **S-03**






# MANDALAY VOICE



ဓာတ်ပုံ-မြတ် (ကလေး)

ကျုံးအရှေ့ဘက်တွင် ဒုစရိုက်မှုလျော့နည်းရေးနှင့် သာယာလှပရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်းက စိုက်ထူထားသည့် လမ်းမီးတိုင်များကိုတွေ့ရစဉ်

## မန္တလေးတိုင်း ယခုနှစ်နွေရာသီ မီးမပြတ်နိုင်တော့ဟုဆို

**မန္တလေး၊ မေ ၄**

မန္တလေးတိုင်းအတွင်း ယခုနှစ်နွေရာသီ မီးမပြတ်နိုင်တော့ကြောင်း မန္တလေးမြို့တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်းထံမှ သိရှိရသည်။

နှစ်စဉ် ဧပြီလနှင့် မေလတို့တွင် မီးပြတ်တောက်မှုများရှိခဲ့ကြောင်း၊ လက်ရှိတွင် မိုးအကျစောသဖြင့် မီးပြတ်မည်ကို စိုးရိမ်ရန်မလိုတော့ကြောင်း အဆိုပါကော်ပိုရေးရှင်း၏ အထွေထွေမန်နေဂျာ (အင်ယာ/ဓာတ်ဖြန့်) ဦးကျော်သူက ပြောကြားသည်။

"မနှစ်က မေလ ၁၄ ရက်လောက်မှာ မိုးရွာလာတော့ ကျွန်တော်တို့ ကျော်ဖြတ်နိုင်ခဲ့တယ်။ ဒီနှစ်လည်း မိုးကျတာစောတော့ မစိုးရိမ်ရတော့ဘူး။ ဒါပေမဲ့ ဓာတ်အားလိုင်း ပြင်ဆင်တာတွေကြောင့် ခေတ္တခဏပြတ်တောက်တာမျိုးတော့ ရှိနိုင်တယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးတိုင်းအနေနှင့် လျှပ်စစ်မီးသုံးစွဲမှု ၅၀၀ မဂ္ဂါဝပ်ခန့်ရှိကာ လူဦးရေထူထပ်ပြီး စက်ရုံအလုပ်ရုံများရှိသည့် မန္တလေးခရိုင် တစ်ခုတည်းတွင် ၃၀၀ မဂ္ဂါဝပ် သုံးစွဲနေကြောင်း မန္တလေးမြို့တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်းထံမှ သိရသည်။

မန္တလေးတိုင်းအတွင်းရှိ ခရိုင်ခုနစ်ခုအနက် တစ်ခရိုင်လျှင် လျှပ်စစ်မီးမရသေးသည့် ကျေးရွာ ၃၇၆ ရွာ ကျန်ရှိနေသေးရာ ယင်းဒေသများတွင် လျှပ်စစ်မီးရရှိစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က လွှတ်တော်တွင် ပြောဆိုထားသည်။

"မီးမပြတ်ဘူးလို့ အရင်အစိုးရလက်ထက်ကတည်းက ပြောဆိုခဲ့တယ်။ ဒါပေမဲ့ ဖြစ်တာပါပဲ။ အခုလည်း အကြာကြီးမဟုတ်ပေမယ့် သုံးလေးနာရီလောက် မီးပြတ်တာတွေ နေ့စဉ်နီးပါး ရှိတယ်။ သူတို့ပေးထားတဲ့ ဖုန်းနံပါတ်တွေကို ဆက်သွယ်မေးမြန်းနိုင်ပေမယ့် တစ်ခါတလေမှာ ဖုန်းခေါ်လို့မရတာတွေရှိတယ်။ မီးပြတ်မယ်ဆိုရင် ဘာကြောင့်ပြတ်မယ်၊ ဘယ်လောက်ကြာမယ်ဆိုတာကို ထုတ်ပြန်ပေးသင့်တယ်" ဟု အောင်မြေသာစံမြို့နယ်တွင်နေထိုင်သည့် အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး၌နေထိုင်သည့် လူဦးရေငါးသိန်းကျော် လျှပ်စစ်မီးသုံးစွဲနေပြီး နှစ်စဉ် ဓာတ်အားလိုအပ်ချက် ၁၅ ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မှတ်တမ်းများအရ သိရသည်။ ■ **LC**

## ပွဲကျဈေးကောက် လေလံကြေး ကျပ်သိန်း ၉၀၀၀ ကျော်ရရှိ

**မန္တလေး၊ မေ ၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုအတွက် ပွဲကျဈေးကောက်လေလံကို အိတ်ဖွင့်လေလံစနစ်ဖြင့် ခေါ်ယူခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၉၀၀၀ ကျော် ရရှိခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှဌာနမှူးဦးဝင်းမောင်က ပြောကြားသည်။

မြို့နယ်ငါးခုအတွက် လမ်းဘေးပွဲ ကျဈေးများတွင် ကောက်ခံခွင့်တစ်ဦး၊ ကျန်တစ်မြို့နယ်အတွက်တစ်ဦး လေလံအောင်ခဲ့ကြောင်း၊ ယခင်ဘဏ္ဍာနှစ်၏ လေလံကြေးမှာ ကျပ်သိန်းရှစ်ထောင်ကျော်သာရှိသောကြောင့် ယခုဘဏ္ဍာနှစ် တွင် ကျပ်သိန်းတစ်ထောင်ကျော် ပိုမိုရရှိခဲ့ကြောင်း၊ လုပ်ကိုင်ခွင့်ရရှိထားသည့် လေလံရှင်နှစ်ဦးကို သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံရန်ညွှန်ကြားထားပြီး မလိုက်နာပါက လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်သိမ်းယူသည်အထိ အရေးယူမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"ပွဲကျဈေးတွေမှာ ဈေးကောက်လုပ်ခွင့်ရတဲ့ လေလံရှင်တွေအနေနဲ့ တစ်ဆင့်ပြန်လုပ်မယ့်သူကို ငှားမယ်ဆိုရင် အဲဒီလူတွေကို စည်းမျဉ်းစည်းကမ်းတွေ အတိအကျလိုက်နာဖို့ မှာထားရပါမယ်။ တကယ်လို့ စည်းကမ်းဖောက်ဖျက်ရင် ကျွန်တော်တို့အရေးယူမှာက မူလလေလံရှင်တွေကိုဖြစ်ပါတယ်။ အဓိကတော့ သတ်မှတ်နှုန်းအတိုင်း ကောက်ဖို့ရယ်၊ ကောက်ခံမယ့်သူကလည်း သတ်မှတ်ယူနီဖောင်းဝတ်ပြီးမှ ကောက်ခံဖို့ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

လမ်းဘေးပွဲကျဈေးများတွင် ဈေး ကောက် ကောက်ခံမည့်သူအနေနှင့် လုပ်ငန်းရှင်များဒုက္ခရောက်အောင် လုပ်ဆောင်မည်မဟုတ်ဘဲ သတ်မှတ်နှုန်းအတိုင်း ကောက်ခံမည်ဖြစ်ကြောင်း၊ စည်းကမ်းများကိုလည်း လေလံရှင်က အသိပေးထားပြီးဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်ရှိ ပွဲကျဈေးများတွင် ဈေးကောက် ကောက်ခံမည့် ဦးတင်မောင်ဝင်းက ပြောကြားသည်။

လမ်းဘေးပွဲကျဈေးအတွက် ကောက်ခံရမည့် နှုန်းထားများအနေနှင့် နှစ်ပေပတ်လည်ဆိုင်အတွက် ၂၀၀ ကျပ်၊ ၂ ပေ ၄ ပေ ဆိုင်အတွက် ၃၀၀ ကျပ်၊ လေးပေပတ်လည်ဆိုင်အတွက် ၄၀၀ ကျပ်ဟူ၍ သတ်မှတ်ထားကြောင်း၊ သတ်မှတ်နှုန်းထားအတိုင်း မကောက်ခံပါက ပထမအကြိမ်တွင် ခေါ်ယူသတိပေးခြင်း၊ ဒုတိယအကြိမ်တွင် ဒဏ်ငွေကျပ်နှစ်သိန်း၊ တတိယအကြိမ်တွင် ကျပ်ငါးသိန်း ဒဏ်ရိုက်ခံရမည်ဖြစ်ပြီး သုံးကြိမ်ထက်ပို ပါက လုပ်ငန်းလုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ ■

**M-03**

## မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေးနည်းပညာဆိုင်ရာသုတေသနစင်တာ ဇွန်လပြီးမည်

**မန္တလေး၊ မေ ၄**

တောင်ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် တည်ဆောက်နေသော ရေချိုငါးမွေးမြူရေးနည်းပညာဆိုင်ရာ သုတေသနစင်တာ ဇွန်လတွင် ပြီးမည်ဖြစ်ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီး ဌာနထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော အဆိုပါစင်တာတည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ (Korea International Corporation Angency) တို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း တည်ဆောက်ရေးလုပ်ငန်းများကိုစတင်လုပ်ဆောင်ခဲ့ရာ လက်ရှိတွင် ငါးဆယ်ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှဝင်းက ပြောကြားသည်။

စင်တာတည်ဆောက်ပြီးစီးပါက ရေချိုငါးမွေးမြူရေးပညာဖွံ့ဖြိုးရေးအတွက် သုတေသနအခြေခံများထူထောင်နိုင်ခြင်း၊ မြန်မာ့ပတ်ဝန်းကျင်နှင့် အသင့်တော်ဆုံးဖြစ်မည့် ငါးမွေးမြူစနစ်တစ်ရပ် ပေါ်ထွန်းလာနိုင်စေခြင်း၊ ရေချိုငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ထုတ်လုပ်နိုင်စွမ်းများ တိုးတက်ကောင်းမွန်လာရေးအတွက် တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများ ခိုင်မာအားကောင်းလာစေခြင်း၊ နည်းစနစ်အသစ်များကို လက်တွေ့အသုံးချခြင်း၊ ငါးမွေးမြူသူများ ဝင်ငွေတိုးတက်ပြီး တည်ငြိမ်ကောင်းမွန်သောဘဝ ရရှိရေးအတွက် အကောင်းဆုံးသောစီမံခန့်ခွဲမှုများ ထောက်ပံ့ပေးခြင်းတို့ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

တည်ဆောက်ဆဲ ရေချိုငါးမွေးမြူရေးနည်းပညာဆိုင်ရာ သုတေသနစင်တာကို မန္တလေးမြို့ရှိ သရက်ကုန်းငါးလုပ်ငန်းစခန်းဝင်းအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။ ■

**M-05**

# ထိခိုက်ဒဏ်ရာဖြစ်နိုင်သော ကစားနည်းအချို့ အန္တရာယ်ကင်းသည့်အထိ ဆောင်ရွက်ထားရန် စည်ပင်သတိပေး

**ရန်ကုန်၊ မေ ၄**

ပြည်သူ့ရင်ပြင် ကလေးကစားကွင်း ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သော ကစားနည်းအချို့နှင့်ပတ်သက်၍ အန္တရာယ်ကင်းသည်အထိ တာဝန်ယူဆောင်ရွက်ပေးရန် သတိပေးထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနထံမှ သိရသည်။

"လုပ်ကိုင်ခွင့်ပြုကတည်းက ဒါမျိုးတွေဖြစ်လာရင် တာဝန်ယူပေးဖို့ ကုမ္ပဏီဘက်က သဘောတူပြီးသားပါ၊ အခုလည်း ကုမ္ပဏီဘက်ကို အန္တရာယ်အနည်းဆုံးဖြစ်အောင်လုပ်ဖို့ သတိပေးထားပါပြီ။ ဖြေရှင်းပြီးပြီဆိုတဲ့အကြောင်း ကိုယ့်တို့ဆီကို စာတက်လာတာ မရှိသေးဘူး" ဟု အဆိုပါဌာနမှ အရာထမ်းတစ်ဦးက ပြောဆိုသည်။

ပြည်သူ့ရင်ပြင် ကလေးကစားကွင်းအတွင်း ဖွင့်လှစ်ထားသည့် Tagaba အမည်ရှိ ပတ်ချာလည်ပတ်ခုန်နေသော ချားရဟတ် စီးနင်းခဲ့သော ကလေးငယ်အချို့ ခါးဆစ်ရိုးထိခိုက်ကာ ရန်ကုန်ဆေးရုံကြီးတွင် ဆေးဝါးကုသနေရမှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပြည်သူ့ရင်ပြင်အတွင်းရှိ ကလေးကစားကွင်းများကို သဘာဝကမ္ဘာအမည်ရှိကုမ္ပဏီသို့ နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပေးထားခြင်းဖြစ်ကြောင်း ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ထပ်မံသိရသည်။

"အဲဒီကစားနည်းက စကောထဲ ထည့်လိမ့်သလို ကလေးတွေလိမ့်နေတယ်၊ ခုန်လည်းခုန်တော့ ကလေးတွေအနေနဲ့ လက်ကိုင်ကွင်းကို မြဲအောင် မကိုင်ထားနိုင်ရင် ထိမိခိုက်မိဖြစ်မယ့်အခြေအနေမျိုးပဲ။ ကစားကွင်းတာဝန်ရှိသူတွေအနေနဲ့ ကလေးတွေအန္တရာယ်ကင်းအောင် တစ်ခုခုပြန်လုပ်သင့်တယ်၊ ဒီအတိုင်းတော့ ခွင့်ပြုမထားသင့်တော့ဘူး" ဟု ယင်းကစားနည်းကို မြင်တွေ့ခဲ့သော အသက် ၃၅ နှစ်ဝန်းကျင်အရွယ်ရှိ ကလေးဖခင်တစ်ဦးက ပြောဆိုသည်။

အဆိုပါကစားနည်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မေးမြန်းရန် သဘာဝကမ္ဘာကုမ္ပဏီမန်နေဂျာဖြစ်သူ ဦးအောင်နိုင်၏ လက်ကိုင်ဖုန်းသို့ ဆက်သွယ်ရာတွင် စက်ပိတ်ထားသည့်အတွက် မေးမြန်းခွင့်မရခဲ့ပေ။

လတ်တလောတွင် ယင်းကစားနည်းကို ဆော့ကစားနေသည့် ကလေးငယ်တို့၏ပုံရိပ်များ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။ ■ J - 17

# ရန်ကုန်မြို့ပြထိန်းသိမ်းရေး နိုင်ငံရှစ်ခုမှ ကျောင်းသားများ၏ အကြံပြုချက်များ တိုင်းအစိုးရအဖွဲ့သို့ တင်ပြရန် စီစဉ်

**ရန်ကုန်၊ မေ ၄**

ရန်ကုန်မြို့ပြထိန်းသိမ်းရေးအတွက် မြန်မာအပါအဝင် နိုင်ငံရှစ်ခုမှ ကိုယ်စားပြုကျောင်းသားများ၏ အကြံပြုဆွေးနွေးချက်များ တိုင်းအစိုးရအဖွဲ့ထံ တင်ပြရန် စီစဉ်ထားကြောင်း ဟီတာချီမြန်မာ (HITACHI) ထံမှ သိရသည်။

"အခုပြုလုပ်တဲ့ပွဲက မြန်မာနိုင်ငံအတွက် မြို့ပြထိန်းသိမ်းမှုလုပ်ငန်းတွေမှာ အထောက်အကူရအောင်ဆွေးနွေးတဲ့ပွဲပါ။ ဒီပွဲဟာ ဟီတာချီအနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ပြုလုပ်တာပါ" ဟု ဟီတာချီမြန်မာရုံးခွဲမန်နေဂျာ Mr. Masaaki Otake က ပြောကြားသည်။

ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂ ဦး ရန်ကုန်မြို့ပြထိန်းသိမ်းရေးလုပ်ငန်းအတွက် အကြံပြုဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ဟီတာချီကုမ္ပဏီထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အရှေ့တောင်အာရှနိုင်ငံများအတွင်း စနစ်ကျသောမြို့များ၏တန်ဖိုး၊ မြို့ပြသယ်ယူပို့ဆောင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့်အညီ မြို့ပြဖွံ့ဖြိုးရေး စသည့်ခေါင်းစဉ်ခွဲ ၃ ခုကို ဗဟိုပြု၍ ဆွေးနွေးမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲမှ ရရှိလာမည့်ရလဒ်များကို စုစည်း၍စာအုပ်ထုတ်ကာ ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ တင်ပြရန်စီစဉ်ထားခြင်းဖြစ်သည်။

ဟီတာချီကုမ္ပဏီအနေနှင့် အဆိုပါအစီအစဉ်အတွက် နိုင်ငံတစ်ခုလျှင် ထူးချွန်ကျောင်းသားလေးဦးစီရွေးချယ်၍ အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်သူများကြုံတွေ့နေရသည့် ပြဿနာရပ်များကို ဖြေရှင်းပေးနိုင်ရန် ၁၉၉၆ ခုနှစ်က စတင်ဖော်ဆောင်ခဲ့ခြင်းဖြစ်ရာ ၂၀၁၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၏ ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းခြင်းခေါင်းစဉ်ဖြင့် ကျင်းပထားခဲ့သည်။

■ J-14

The VOICE Daily

CARTOON



## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ရေကုသိုလ် အလှူဒါနပြုနိုင်ဖို့ပါ။ ညောင်ဦးမြို့နယ်ကနေ ၁၅ မိုင်ထပ်သွားရတဲ့ မကျည်းတန်းကျေးရွာမှာ အိမ်ခြေ ၁၂၀ ရှိပြီး လူဦးရေ ၆၀၀ ကျော် နေထိုင်တာဖြစ်ပါတယ်။ စက်ရေတွင်းရှိပေမယ့် သောက်သုံးရေသောက်လို့မရဘဲ မိုးရေကန်ကို အားကိုးသောက်သုံးနေရတာပါ။ ရေဝတီမြစ်ရေရရှိဖို့အတွက် နွားလှည်းနဲ့ ၆ နာရီကျော် သွားရောက်သယ်ယူရတာဖြစ်ပြီး နွားလှည်းမရှိတဲ့ လက်လုပ်လက်စားတွေအတွက် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဆရာတော်ဂရုဦးစီးတဲ့ ဖြူစင်မေတ္တာရေအလှူအသင်းက တစ်ပတ်ကို ၃ ကြိမ်ထိ ပို့ဆောင်လှူဒါန်းပေးနေတာဖြစ်ပြီး ရေဂါလန် ၁၅၀၀ အတွက် ၃၅၀၀၀ ကျပ် ကျသင့်တာမို့ တတ်အားသရွေ့ရေကုသိုလ်ပြုချင်ရင် ဖုန်း ၀၉-၂၀၄၂၅၀၅ နဲ့ ၂၅၉၀၅၀၈၉၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### တစ်နှစ်အရွယ်ကနေ သုံးနှစ်အရွယ်အထိ အသုံးပြုနိုင်မယ့် ကလေးလုံခြုံရေး ထိုင်ခုံခါးပတ်

ကလေးငယ်ရှိတဲ့မိသားစုတွေအတွက် ကားနဲ့အပြင်သွားတဲ့အခါမှာ စူးစမ်းလေ့လာတတ်တဲ့ ကလေးငယ်တွေ အသုံးဝင်မယ့် ကလေးလုံခြုံရေးထိုင်ခုံခါးပတ်ကို ညွှန်းချင်တယ်။ ဒီပစ္စည်းကို အသုံးပြုချင်ရင် ကလေးတွေရဲ့လုံခြုံရေးအတွက် ထိုင်ခုံခါးပတ်ကို ပတ်ထားပေးနိုင်မှာဖြစ်ပြီး ခရီးသွားကားတွေမှာဆိုရင်တော့ ကားအတွင်းထိုင်ခုံနဲ့ ခါးပတ်ကို တွဲချိတ်ပေး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီကလေးလုံခြုံရေးထိုင်ခုံခါးပတ်ကို တစ်နှစ်အရွယ်ကနေ သုံးနှစ်အရွယ်အထိ အသုံးပြုနိုင်မှာဖြစ်ပြီး အရောင်တွေက အနီရောင်နဲ့ အပြာရောင်ကို ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်း ၁၄၅၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် အမှတ် ၁၃၉၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန် ဖုန်း ၀၉-၂၆၃၇၂၆၃၃၀ နဲ့ ၂၆၃၇၂၆၃၃၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ရာသီတွေထဲမှာတော့ မေက အပူဆုံးလတစ်လဖြစ်သလို အဆိုးရွားဆုံးရာသီဥတု Extreme Weather ရှိသည့် လတစ်လဟု ဆိုနိုင်သည်။ မှတ်တမ်းတင်ထားသော မြန်မာ့သမိုင်းတွင် လူအသေအပျောက် အများဆုံးနှင့် ဆုံးရှုံးပျက်စီးမှု အကြီးမားဆုံးဖြစ်သည့် 'နာဂစ်' ကလည်း သည်မေလမှာပဲ တိုက်ခတ်သွားခဲ့သည်။ နှစ်စဉ်လိုလို သည်ကာလ ရောက်လျှင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အပူဒဏ်ကို ကျောကော့အောင် ခံစားကြရသည်။ မိုးလေဝသပညာရှင်တွေ၏ အဆိုအရ ယခုနှစ်က ခါတိုင်းနှစ်များထက် ပိုပူသည်ဟုဆိုသလို မုတ်သုံလည်း အဝင်နောက်ကျဦးမည်ဆိုသည်။ ယခုရက်အတွင်း ရန်ကုန်လို၊ နေပြည်တော်လိုမြို့ကြီးများ၏ အမြင့်ဆုံး အပူချိန် ၄၀ ဒီဂရီဝန်းကျင်မှာရှိနေပြီး ရေငွေ့အပူကြောင့် ပညာရှင်တို့ သတ်မှတ်သည့် ခံစားအပူက ၅၆ ဒီဂရီအထိရှိနိုင်ရာ အပူဒဏ်ကြောင့် ရုတ်တရက် အသက်ဆုံးရှုံးမှုတွေရှိနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် သတိပေးထားတာလည်း တွေ့လိုက်ရသည်။

ဆိုရလျှင် သည်ရာသီက သက်ကြီးရွယ်အို၊ နာမကျန်းသူတို့ အသေအပျောက်များသည့် ရာသီလည်းဖြစ်သည်။

မြန်မာနိုင်ငံအဖို့ မုတ်သုံမဝင်မီ ယခုလို မြင့်မားသည့်အပူချိန်နှင့်အတူ လေပြင်းမုန်တိုင်းတွေ၊ မိုးကြိုးလေဗွေတွေ၊ မူမှန်မဟုတ်သောရာသီဥတုနှင့် နှစ်စဉ်ကြုံနေကျဖြစ်သော်လည်း သည်ဘက်နှစ်များမှာတော့ ပိုမိုဆိုးရွားလာတာလည်း သတိပြုမိသည်။ တစ်လောတုန်းက ရာသီဥတုပြောင်းလဲခြင်း အရှေ့တောင်အာရှနိုင်ငံများ၏ အပူချိန်ပြ ဂရပ်ဖစ်ညွှန်းကိန်းရုပ်ပုံတစ်ခုမှာ မြန်မာနိုင်ငံက ၄၆ ဒီဂရီဖြင့် အမြင့်ဆုံး အနီရောင်ရင့်ရင့်ဖြင့် ပြထားသည်ကို မြင်တွေ့လိုက်ရသည်။ ရာသီဥတုဖောက်ပြန်ချို့ယွင်းလာမှုအကြောင်းပြောလျှင် သစ်တောပြုန်းတီးမှု၊ သဘာဝဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ ဂေဟစနစ်များပျက်စီးသွားမှုတို့ကို ကျွန်တော်တို့ ပြောလေ့ရှိကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်၊ လေးဆယ်ဝန်းကျင်ကရှိခဲ့သော သစ်တောကြီးများ၊ စိမ်းစိုသောတောင်တန်းကြီးများ ယခုမရှိကြတော့ပါ။ လူကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင် ယိုယွင်းခြင်းအသိပညာ ခေါင်းပါးခဲ့သောကြောင့်လည်း ပိုမိုဆိုးရွားစွာ ပျက်ယွင်းသွားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များမှာတော့ ကျွန်တော်တို့ဆီမှာ သဘာဝပတ်ဝန်းကျင်သမား 'Environmentalist' တွေ အတော်များများထွက်ပေါ်လာသလို ဝိုင်းဝန်းလှုံ့ဆော်မှုတွေရှိလာ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို လူအတော်များများ သတိထားမိလာကြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်က တစ်နည်းအားဖြင့် သဘာဝကို ချစ်မြတ်နိုးတတ်ခြင်းဖြစ်သည်။ သဘာဝကိုချစ်မြတ်နိုးခြင်းမှာ လွန်စွာ

**သည်ဘက်ခေတ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီ Environmentalist တွေ အတော်များလာပါသည်။ ဧရာဝတီမြစ်ကြီး ထိန်းသိမ်းရေးကိစ္စမျိုးတွေသာမကဘဲ ကိုယ့်အနီးအပါးဝန်းကျင်က အသေးအဖွဲ့ ကိစ္စလေးတွေကိုလည်း ဝိုင်းဝန်းထိန်းသိမ်း ပေးကြလျှင် နေပျော်သော ပတ်ဝန်းကျင် တစ်ခုကို တည်ဆောက်နိုင်မည် ထင်ကြောင်းပါ…။**

သိမ်မွေ့သော အနုပညာတစ်ရပ်လည်းဖြစ်သည်။ ကျွန်တော်တို့တစ်တွေ သဘာဝပတ်ဝန်းကျင်ကို အမှန်တကယ် မြတ်နိုးတတ်ကြပြီလား…။

စင်ကာပူကို သုတေသီပညာသင်အဖြစ် ရောက်ရှိနေသော ယခင်ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က Facebook ပေါ်မှာ Status တစ်ခု မကြာမီရက်များက ရေးတင်လိုက်တာကို ဖတ်ရှုရသည်။ စိတ်ဝင်စားစရာ ဖြစ်သဖြင့် ထိုစာစုကလေးကို ပြန်လည်ဖော်ပြလိုပါသည်။

## တီကောင်များနှင့် လမ်းလျှောက်ခြင်း

'ကျွန်တော် အခန်းငှားနေတဲ့နေရာနဲ့ မလှမ်းမကမ်းမှာ စင်ကာပူ-မလေးရှား ရထားလမ်းဟောင်းရှိတယ်။ အဲဒါက အရင် စင်ကာပူ-မလေးရှား ရထားလမ်းဖြစ်ပြီး ကီလို ၄၀ လောက်ရှည်ပြီး စင်ကာပူကျွန်းကို အလယ်ကနေ တောင်-မြောက်ဖြတ်သွားပါတယ်။

အဲဒီရထားလမ်းမြေက ၂၀၁၁ ခုနှစ် နှစ်နိုင်ငံသဘောတူညီချက်မရခင်အထိ မလေးရှားရထားလုပ်ငန်းပိုင်မြေဖြစ်တဲ့အတွက် ရထားလမ်းဘေးဝဲယာမှာ သစ်ပင် သစ်တောတွေက သဘာဝအတိုင်း ရှိနေခဲ့ပါတယ်။ နှစ်နိုင်ငံ သဘောတူညီချက်အရ စင်ကာပူက ပိုင်ဆိုင်မှုရယူပြီးတဲ့အခါ အဲဒီရထားလမ်းကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်မသုံးဘဲ သဘာဝအတိုင်း ထိန်းသိမ်းထားခဲ့ပါတယ်။

ဒီနေ့မနက် အဲဒီလမ်းအတိုင်းလျှောက်ရင်း ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ရထားလမ်းတံတားတွေ၊ လူကူးတံတားတွေကို ဒီအတိုင်းဆက်ပြီး ထိန်းသိမ်းထားတာကိုလည်း တွေ့ခဲ့ရတယ်။ ခေတ်မီမြို့တော်ကြီးထဲမှာရှိနေပေမယ့် အဲဒီလမ်းမှာတော့ မုတ်သုံသစ်တောထဲ လမ်းလျှောက်နေသလို ခံစားရပါတယ်။ တစ်နေရာမှာတော့ ငှက်ကြည့်ဝါသနာရှင်နှစ်ယောက် ဝတ်ရည်စုပ်ငှက်လေးကိုစောင့်ပြီး ဓာတ်ပုံရိုက်နေတာ တွေ့ရပါတယ်။ နောက်တစ်နေရာမှာတော့ စိမ့်အိုင်လေးကရေတွေ ရထားလမ်းတစ်လျှောက် စီးဆင်းနေပြီး ပိန်းပင်တွေ၊ မြက်ရိုင်းပင်တွေ ဖုံးနေတာ တွေ့ရတော့ နေခဲ့ဖူးတဲ့ ကရင်ပြည်နယ် ဒေါနတောင်တန်းဒေသကို သတိရမိပါတယ်။

အစိမ်းရောင်အများကြီးရှိတဲ့ ရန်ကုန်မြို့က အစိမ်းရောင်တွေနည်းလာချိန်မှာ သူတို့ကတော့ ရနိုင်သမျှ အစိမ်းရောင်နယ်မြေလေးတွေကို ထိန်းသိမ်းနေကြတယ်။ စင်ကာပူက အရင်ကဆို သူတို့ကိုယ်သူတို့ ဥယျာဉ်မြို့တော် Garden City လို့ပြောခဲ့တယ်။ အခုတော့ ဥယျာဉ်ထဲကမြို့တော် City in the Garden ဖြစ်ရမယ်ဆိုပြီး စီမံချက်နဲ့လုပ်နေတယ်။

ရန်ကုန်မြို့က အင်းလျား၊ ကန်တော်ကြီး၊ ပြည်သူ့ရင်ပြင် နေရာတွေမှာ စားသောက်ဆိုင်တွေ ဖွင့်ခွင့်ပေးတာနဲ့ပတ်သက်ပြီး ဘဝင်မကျသူတွေထဲမှာ ကျွန်တော်လည်းပါပါတယ်။ အလဲဗင်းနဲ့ ကျွန်တော် ပြဿနာတက်ထားပေမယ့် မြကျွန်းသာနဲ့ပတ်သက်ပြီး သူတို့ရေးခဲ့တာကို ကျွန်တော် သဘောတူတယ်။ အခု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက အများပြည်သူပိုင် ပန်းခြံတွေထဲက ငှားထားတဲ့ဆိုင်တွေကိစ္စ ဝေဖန်ထောက်ပြနေတာတွေ အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။ အားလည်းအားပေးပါတယ်။

ကျွန်တော် ဝန်ကြီး တာဝန်ယူတော့ သတင်းထောက်တစ်ယောက်က အများပြည်သူအပန်းဖြေနေရာတွေမှာ စားသောက်ဆိုင်တွေ၊ အရက်ဆိုင်တွေရှိတာနဲ့ပတ်သက်ပြီး ဝေဖန်သုံးသပ်တဲ့ ဆောင်းပါးရေးချင်တယ်လို့ ကျွန်တော့်ကို ခွင့်တောင်းတယ်။ ကျွန်တော်က ခွင့်ပြုပြီးထည့်ပေးခဲ့တယ်။

အဲဒီဆောင်းပါးတွေပါလာတော့ လူကြီးတစ်ယောက်ရုံးက သတင်းစာတိုက်ကတစ်ဆင့် သတင်းထောက်ကို ဘာ့ကြောင့်ရေးတာလဲလို့မေးတယ်။ သတင်းထောက်ကလန့်ပြီး ကျွန်တော့်ကို လာသတင်းပို့တော့ "ငါရေးခိုင်းတာလို့ပြောလိုက်" ဆိုပြီး ပြောခဲ့ရတယ်။ ပန်းခြံတွေထဲကဆိုင်တွေက အဲဒီလောက် လက်တံရှည်ခဲ့တယ်။

ဒီနေ့မနက် ရထားလမ်းဟောင်းက ရှုခင်းတွေကိုကြည့်ရင်း တီကောင်လိုလူတွေကို သတိရနေမိပါတယ်။'

ကျွန်တော်တို့တစ်တွေ သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက်အထိ ချစ်မြတ်နိုးတတ်ကြပြီလဲ။ ဘယ်လောက်အထိ ထိန်းသိမ်းနိုင်ပြီလဲ။ ပြီးခဲ့သည့်သင်္ကြန်ရက်များက ကန်တော်ကြီးပန်းခြံထဲရောက်သွားခဲ့သည်။ ကန်တော်ကြီးပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံတို့ ဆက်စပ်ပါဝင်နေသည့် ကန်တော်ကြီးရေကန်က ရန်ကုန်မြို့၏ အထင်ကရ Landmark တစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် ရန်ကုန်မြို့၏ အရိပ်အာဝါသကောင်းသော အပန်းဖြေစရာနေရာတစ်ခု ဖြစ်ခဲ့သည်။ ကိုလိုနီခေတ်ကတည်းက ရိုက်ကူးခဲ့သည့် ရှုခင်းဓာတ်ပုံများထဲတွင် ကန်တော်ကြီးရေပြင်နှင့် ရွှေတိဂုံစေတီတော်၏ ပနံရလှသော မြင်ကွင်းများကို မြင်တွေ့ခဲ့ရသည်။ မြို့တော်တစ်ခု၏ အထင်ကရနေရာတွင် သာယာလှပသောရေကန်ကြီးတစ်ကန်တည်ရှိနေခြင်းမှာ သဘာဝကပေးသောလက်ဆောင်တစ်ခုလည်း ဖြစ်သည်။ ယခု ထိုကန်တော်ကြီးရေပြင်နှင့် ပတ်ဝန်းကျင် မည်သို့ပျက်စီးယိုယွင်းနေပြီဆိုသည်ကို တာဝန်ရှိလူကြီးမင်းများ သတိမှ မူမိကြလေစ။ သင်္ကြန်ရက်များက မျှော်စင်ကျွန်းနှင့် ပတ်ဝန်းကျင်မှာ အပန်းဖြေလာသူ၊ ရေကစားကြသူတွေများသလို အစိမ်းပုပ်ရောင် ကန်ရေပြင်ပေါ်မှာတော့ ဘီယာဘူးခွံတွေ၊ အချိုရည် ကိုကာပလတ်စတစ်ဘူးခွံတွေ၊ စားပြီးလွှင့်ပစ်ထားသည့် အဖြူရောင်ဖော့ဘူးခွံတွေ ကန်ရေပြင်ထဲ ဖွေးဖွေးလှုပ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ခဲ့ရသည်။ ကန်ရေပြင်သည် ကြည်ကြည်လင်လင်မရှိတော့တာ ကြာပြီ။ ဂျပန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့ JICA ကတော့ ကန်ရေတွေကြည်လင်လာပါစေတော့ ဆိုပြီး ရေသန့်စင်စက်တွေ ရေပန်းတွေ တပ်ဆင်ပေးထားခဲ့သည်။ သို့သော် တာဝန်ယူ တာဝန်ခံသူ ကင်းမဲ့သော စနစ်တစ်ခုအောက်မှာ ထိုစက်ကိရိယာတွေလည်း အရာမထင်တော့ပါ။ ပြီးခဲ့သည့် ဆယ်နှစ်လောက်က ကန်တော်ကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖွံ့ဖြိုးရေးဟူသောခေါင်းစဉ်ဖြင့် သဘာဝအတိုင်း ရှိနေသေးသော ထိုနေရာကို စားသောက်ဆိုင်များ၊ လျှောက်လမ်းတံတားများနှင့် ခြံစည်းရိုးကာပြီး မြေလှန်ပစ်ခဲ့ရာ ယခုတော့ ထိန်းသိမ်းသူမဲ့ အကျည်းတန်ရုပ်ဝန်းတစ်ခု ဖြစ်သွားခဲ့ပြီ။ ကန်တော်ကြီးရေပြင်၏ သဘာဝအတိုင်းတည်ရှိမှုအပေါ်တွင် ရွှေဉာဏ်တော်စူးရောက်ကာ သစ်သားတံတားရှည်ကြီးထိုးခဲ့ရာ ယခုတော့ ထိုသစ်သားတံတားတွေလည်း ဟောင်းနွမ်းဆွေးမြည့် ကျိုးပဲ့ကုန်ကြပြီ။ စတင်တည်ဆောက်ခဲ့စဉ်က သစ်ပင်ကြီးတွေ၏ အုပ်ဆိုင်းသောပင်ခြေတွေကို ရှင်းထုတ်ပြီး တစ်ညလုံး လျှပ်စစ်မီးထွန်းထားခဲ့ရာ အိပ်တန်းတက်ငှက်တို့၏ ဂေဟစနစ်လည်းပျက်ခဲ့သည်။ ကန်ရေပြင်ထိစပ်ရာနေရာတွေမှာ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ နေရာချပေးထားခဲ့သည်။ လိုသည်ထက်ပိုသော တန်ဆာဆင်မှုတွေကြောင့် ကန်တော်ကြီး၏ သဘာဝအလှတရား ပျက်ယွင်းခဲ့ရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုသည်မှာ အလွန်သိမ်မွေ့သောအနုပညာတစ်ရပ်လည်းဖြစ်သည်။ ကန်တော်ကြီးဝန်းကျင်တစ်ခုလုံး ယခုလို ယိုယွင်းပျက်စီးနေခြင်းက သဘာဝမြတ်နိုးသူတွေအတွက်တော့ စိတ်ဒဏ်ရာတစ်ခုဖြစ်သည်။ သည်ဘက်ခေတ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီ Environmentalist တွေ အတော်များလာပါသည်။ ဧရာဝတီမြစ်ကြီး ထိန်းသိမ်းရေးကိစ္စမျိုးတွေသာမကဘဲ ကိုယ့်အနီးအပါးဝန်းကျင်က အသေးအဖွဲ့ကိစ္စလေးတွေကိုလည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြလျှင် နေပျော်သော ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်မည် ထင်ကြောင်းပါ…။

**ချစ်ဝင်းမောင်**




## မျှော်လင့်ခြင်းခြေလှမ်းသစ်

နွေနှောင်းကာလ မိုးဦးမကျတကျအချိန်မို့ ရွက်နုသစ်ပုရစ်ဖူးလေးများက အပင်တိုင်း၏အမြင့်ယံထက်ဝယ် စိမ်းစို လှုလှုပပဝေစီ၍ နေသည်။ မေလ ၄ ရက်နေ့၏ ဖွားသစ်စနံနက်ခင်းနေခြည်အောက်တွင် သမိုင်းသစ်တစ်ခုကို လှပစွာဖွင့်လှစ်နိုင်ခဲ့သည်။ ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏သမိုင်းတွင် တစ်ခါမှမရှိခဲ့ဖူးသော ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၏ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Civil Service Management) သင်တန်းအမှတ်စဉ် (၁) ကို ကောင်းစွာအောင်မြင်ပြီးမြောက်သော သင်တန်းသားမောင်မယ်များအား ဘွဲ့လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အစိုးရသစ်လက်ထက် အရွေ့တစ်ခုဟုဆိုနိုင်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရွေ့မှာ အပြောလွယ်သလောက် အလုပ်ခက်သည်။ အားလုံးက နိုင်ငံတော်ကြီးကို ကောင်းသောပြောင်းလဲခြင်းဖြင့် ပြောင်းလဲလိုကြသည်။ အုပ်ချုပ်ရေးကဏ္ဍ၏ အခြေခံအကျဆုံးအခက်အခဲမှာ မူလကတည်းက ပျားပန်းခပ်မျှ များပြားလှသော ရှုံးလုပ်ငန်းစီမံခန့်ခွဲမှုအပါအဝင် ပုံမှန်လုပ်ငန်းများအပြင် အပြောင်းအလဲကိုပါ စီမံဆောင်ရွက်ကြရသောကြောင့် ဖြစ်သည်။ ဤနေရာတွင် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် အနာဂတ်မျှော်မှန်းချက် (Vision) မှန်ကန်မှု၊ ရရှိသောအချိန်၊ လူ၊ ငွေ၊ မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် နည်းပညာအရင်းအမြစ်များကို ဟန်ချက်ညီစွာစီမံဆောင်ရွက်မှုအပေါ်တွင်မူတည်ပေသည်။ တစ်ခုခုအားနည်းသည်နှင့်တစ်ပြိုင်နက် အလွဲအမှားနှင့်၊ ဆုံးရှုံးမှုများကိုရင်ဆိုင်ရတတ်ပေသည်။ ဟန်ချက်ညီသောပူးပေါင်းဆောင်ရွက်မှုကြောင့်သာ အောင်မြင်ရခြင်းဖြစ်ပါသည်။

## လေ့ကျင့်သင်ကြားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

အစိုးရကဏ္ဍပြုပြင်ပြောင်းလဲမှု (Public Sector Reform) တွင် အရေးပါသောပြုပြင်ပြောင်းလဲမှုများဖြစ်သည့် (၁) နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး (Civil Service Capacity Development)၊ (၂) ပြည်သူ့ဝန်ဆောင်မှု (Service Delivery)၊ (၃) ဗဟိုဦးစီးစနစ် လျှော့ချခြင်း (Decentralization)၊ (၄) ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံခြင်း (Transparency and Accountability) တို့အနက် နံပါတ် (၁) အချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ဦးဆောင်မှုအောက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များက အကောင်အထည်ဖော်ပေးရခြင်းဖြစ်သည်။

ယခင်က အများသိကြသည့်အတိုင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် အခြေအနေအရပ်ရပ်ကြောင့် တပ်တစ်ပိုင်းအရပ်တစ်ပိုင်း လေ့ကျင့်သင်ကြားရေး (Semi-Regimental Training Approach) ဖြင့် စခဲ့သောကျောင်းများဖြစ်သည်။ စည်းကမ်းနှင့်အမိန့်နာခံမှုကို မဏ္ဍိုင်ပြု၍ နိုင်ငံ့ဝန်ထမ်းများကိုလေ့ကျင့်သင်ကြားပေးခဲ့သည်။ ယခုအခါ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပုံစံအဟောင်းမှ ဒီမိုကရေစီစနစ်နှင့် လျော်ညီသော (New Public Governance) ပုံစံအသစ်သို့ ပြောင်းလဲနိုင်ရေးအတွက် ပြည်သူကိုဝန်ဆောင်မှုပေးနိုင်ရေးလုပ်ငန်းစဉ်သစ် (New Public Service Delivery) ကို ရည်မှန်းချက်ထားကာ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ယခုဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရော၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါ တစ်ပြိုင်နက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းသားမောင်မယ်များကလည်း အားသွန်ခွန်စိုက်သင်ယူ၊ လေ့ကျင့်၊ ဆွေးနွေးကြသည်မှာ အားတက်ရဖွယ်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း ယခင်ပုံစံဟောင်းလေ့ကျင့်သင်ကြားရေးအစား ပညာရေးနှင့် ကျွမ်းကျင်မှုအခြေပြုလေ့ကျင့်သင်ကြားရေး (Education and Competency Approach) ပုံစံသစ်ဖြင့် ပြုပြင်ပြောင်းလဲခြင်းဖြစ်သည်။ နှစ်လမ်းသွားချဉ်းကပ်မှုဖြစ်သဖြင့် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံး ယခင်ထက် နှစ်ဆအားထုတ်ကြရမည်မှာ တွေးကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။ ဥပမာ-ပညာရေးပိုင်းက နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသီအိုရီများကို ဆွေးနွေးပို့ချလျှင် လေ့ကျင့်သင်ကြားရေးပိုင်းက မျက်မှောက်ခေတ်နိုင်ငံရေးအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များ မည်သို့ချမှတ်မည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဒိုင်ယာလော့ဖြစ်စဉ်ကို မည်သို့ချမှတ်မည်၊ အောင်မြင်သောအစည်းအဝေးတစ်ရပ်ဖြစ်အောင် မည်သို့ပုံစံချမည် စသည့်အကြောင်းအရာများကို လေ့ကျင့်ပေးရမည်ဖြစ်သည်။ ယခုပြောင်းလဲမှုမှာလည်း အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အတိုင်းအတာတစ်ခုအထိကျေနပ်ဖွယ်အဆင့်ရှိသည်ဟုပြန်လည်အကဲဖြတ်မှု (Feedback) များအရ သုံးသပ်ရရှိပါသည်။

နိုင်ငံတကာတွင် မည်သည့်လုပ်ငန်း၊ အဖွဲ့အစည်းမဆို စံတန်ဖိုးများ (Values) သတ်မှတ်အကောင်အထည်ဖော်လေ့ရှိပါသည်။ ယနေ့ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကိုကပင် စံနှုန်းသတ်မှတ်၍ တန်ဖိုးသင့်ကာ အတွင်းအပြင်တိုင်းတာမှုများ ပြုလေ့ရှိပါသည်။ သွေးသစ်မောင်မယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် ပြည်သူ့ဝန်ထမ်းများ၏ စံတန်ဖိုးများဖြစ်သောရိုးသားဖြောင့်မတ်မှု (Honesty)၊ ဂုဏ်သိက္ခာရှိမှု(Integrity)၊ ဓမ္မဓိဋ္ဌာန်ကျမှု (Objectivity) နှင့်ဘက်လိုက်ခြင်းကင်းမှု (Impartiality) တို့ကိုကျင့်သုံးတန်ဖိုးထားတတ်စေရန် ကျင့်ဝတ်ဆိုင်ရာသင်ခန်းစာများလည်း ထည့်သွင်းထားပါသည်။

ဝန်ထမ်းတစ်ဦး၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်ရေးမဏ္ဍိုင်များဖြစ်သည့် စရိုက်လက္ခဏာကောင်းမှု (Ethos)၊ ကိုယ်ကျင့်တရားကောင်းမှု (Ethics)၊ တန်းတူညီမျှမှု (Equity)၊ စွမ်းဆောင်ရည်ပြည့်ဝမှု (Efficiency) တို့နှင့် ပြည့်စုံသူများဖြစ်အောင်လည်း တတ်စွမ်းသမျှ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ပညာရေး၊ လေ့ကျင့်ရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတို့ ပေါင်းစပ်မှုတို့ကြောင့် အောင်မြင်တိုးတက်နေသော နိုင်ငံတစ်နိုင်ငံကိုပြပါဆိုလျှင် အာဆီယံဒေသတွင်းမှ စင်ကာပူနိုင်ငံသည် နမူနာကောင်းပင်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ဝန်ထမ်းများကို တစ်နှစ်လျှင် မတက်မနေရသင်တန်းချိန်နာရီပေါင်း ၁၀၀ ရှိရမည်ဟုသတ်မှတ်ထားပြီး နာရီ ၆၀ သည် ထိုဝန်ထမ်း၏ လက်တွေ့လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သောသင်တန်းများ တက်ရောက်ရမည်ဖြစ်ပြီး ကျန်နာရီ ၄၀ မှာ ယင်းဝန်ထမ်းကိုယ်တိုင်ဆန္ဒရှိသော သင်တန်းတစ်ခုခုအားတက်ရောက်ရမည်ဟု မူဝါဒချမှတ်ထားပေသည်။



## အကူအညီပေးနိုင်အောင် ဝိုင်းဝန်းကူညီကြပါ

'The growth and development of people is the highest calling of leadership.'

Harvey S. Firestone

'ပြည်သူလူထုရဲ့ကြီးပွားချမ်းသာမှု နဲ့ ဖွံ့ဖြိုးတိုးတက်မှု ဆိုတာခေါင်းဆောင်မှုရဲ့အမြင့်ဆုံးအသက်မွေးမှုပဲ'

(ဟာဗေးအက်စ် ဖိုင်းယားစတုန်း)

အပြောင်းအလဲဟုဆိုရာတွင် အရင်းခံစိတ်သဘောထား (Mindset) မှာအပြောလွယ်သလောက် အပြောင်းရအခက်ဆုံးပင်ဖြစ်သည်။ စနစ်တကျ ပြောင်းလဲရန်အတွက် စီမံခန့်ခွဲမှုပြောင်းလဲခြင်း (Change Management) လိုအပ်ပါသည်။ ယင်းအဆင့်များတွင် (၁) အပြောင်းအလဲအတွက် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ခြင်း (Adapting to change)၊ (၂) အပြောင်းအလဲကိုထိန်းကျောင်းပေးခြင်း (Controlling Change)၊ (၃) အပြောင်းအလဲကို အကျိုးရှိအောင်ဆောင်ရွက်ခြင်း (Affecting Change) တို့ပင်ဖြစ်ပါသည်။ အဆင့် ၃ အထိ ရောက်ရန်အတွက် အကောင်အထည်ဖော်မည့် မဟာဗျူဟာအလိုက် လူ့စွမ်းအားအရင်းအမြစ်၊ ထိရောက်သည့် မဟာဗျူဟာ၊ အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေး၊ ရွေးချယ်မှုစနစ်၊ အကျိုးရှင် (Stakeholder)၊ ငွေကြေး၊ အရည်အသွေး၊ နည်းပညာ၊ စွမ်းအင် စသည်တို့ လိုအပ်မည်ဖြစ်ပါသည်။

**ဝန်ထမ်းတစ်ဦးအဖို့**
**ပညာ၊ စွမ်းဆောင်ရည်၊ အလုပ်ခွင်ကျွမ်းကျင်မှုတို့**
**ပေါင်းစပ်မှသာ ပြီးပြည့်စုံမည်ဖြစ်ပါသည်။**
**လက်အောက်ငယ်သားများကို**
**မည်သည့်အရင်းအမြစ်ဆိုင်ရာ ကူညီပံ့ပိုးမှုများ**
**မလုပ်ဘဲ လိုအပ်ချက်နှင့်ပြဿနာများသော**
**ပြည်သူကြားသို့ ဝန်ဆောင်မှုပေးပါက**
**ပြဿနာတောထဲသို့ တွန်းပို့သလိုဖြစ်မည်မှာ**
**သေချာလှပေသည်။**

ကျွန်ုပ်အဖို့သင်တန်းဆရာဖြစ်သည့်အားလျော်စွာ နယ်ပယ်အသီးသီး ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများ၏ အကောင်း၊ အဆိုးခံစားချက်ရင်ဖွင့်သံနှစ်မျိုးစလုံးကို ကြားသိနေရသည်။ အချို့မှာ အခက်အခဲကို အလွယ်တကူဖြေရှင်းနိုင်သည့် ကာလဒေသပယောဂကောင်းမွန်သည့်အရပ်ဌာန၊ နွေးထွေးစွာကြိုဆိုကြသည့် လုပ်ဖော်ကိုင်ဖက်များ၊ တာဝန်ရှိသူများ၏ ကူညီဖေးမမှုများနှင့်ကံအားလျော်စွာ တွေ့ကြုံကြရ၍ သွေးသစ်ဝန်ထမ်းများအဖို့ လုပ်ငန်းခွင်ပျော်ရွှင်မှု ရကြလေသည်။ စရိုက်လက္ခဏာကောင်းမွန်မှုဆိုသည်မှာ ဤသို့သောအခြင်းအရာများကို ဆိုလိုခြင်းဖြစ်ပါသည်။

အချို့မှာ ခက်ခဲကြမ်းတမ်းသောအရပ်ဒေသတွင် နေထိုင်စရာကို မိမိလစာမှ အိမ်ခန်းငှားရမ်းကာ အသက်မွေးမှုအတွက်ရုန်းကန်ကြရသည်။ အချို့ကားပုံစံဟောင်း၏ တစ်သွေးတစ်သံတစ်မိန့်အောက်ဝယ် တာဝန်ထမ်းဆောင်ကြရသည်။ အချို့ကား နွေးထွေးစွာကြိုဆိုခြင်းမခံရ၊ အထက်နှင့်အောက်တို့၏ ပညာပေးခြင်း၊ ပညာစမ်းခြင်းခံကြရသည်။ အချို့က အကြောင်းအကျိုးတင်ပြနိုင်ဖို့ နေနေသာသာ တက်မလာနဲ့ တောက်ချလိုက်မယ်ဆိုသည့် စရိုက်လက္ခဏာမျိုးနှင့်ဆုံကြရ၏။ အချို့က ဦးချိုးထားမှ အဆင်ပြေမည်ထင်ကြလေသည်။ ထိုသို့အဖြစ်များကြောင့် သွေးသစ်တို့ထဲမှအချို့သည် နုတ်ထွက်စာတင်ကြသည်အထိ ဖြစ်ကြရကြောင်း တစ်ဆင့်စကားဖြင့် ကြားသိရသည်။

လောကဓမ္မတာ သူ့ဘက်ကိုယ့်ဘက် အမှန်အမှားရှိကြမည်ဖြစ်သည်။ ဝန်ထမ်းတစ်ယောက်ဖြစ်လာရန် မလွယ်ကူသကဲ့သို့ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် မွေးမြူရသည်မှာ အမှန်တကယ် မလွယ်ကူပါ။ ဝန်ထမ်းကိုမွေးထုတ်ရခြင်းမှာ ပြည်သူသို့ ဝန်ဆောင်မှုပေးရန်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှု အလွဲအမှားကြောင့် အလားအလာရှိသော ဝန်ထမ်းကောင်းများဆုံးရှုံးရလျှင် အလွန်နှမြောဖွယ်ဖြစ်သည်။ ရံဖန်ရံခါ မှန်နေသည့်သူကိုပင် အုပ်စုဖွဲ့၍ အမှားဖြစ်စေတတ်သည်။ ရာထူးပေးရာတွင် မျှတမှုမရှိ ဆရာမွေးတပည့်မွေးဖြင့် လက်အောက်ငယ်သားတစ်ယောက်ကိုပင် အရာရှိတစ်ဦးက မပြောရဲမဆိုရဲအောင် ပစားပေးထားခြင်းများကိုလည်း ကြားသိနေရသည်။ ထိုသူများက လူကြီးကိုအရင်ဦးအောင် တိုင်တော

**စာမျက်နှာ 23 သို့**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။ အယ်ဒီတာ

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၅၃)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ခုခေတ်ကျတော့ အဲ့ဒါတွေက တော်တော်တိုးတက်ကုန်ပြီနော်။ ဘုန်းဘုန်းတို့တုန်းက နမူနာလည်းမရှိဘူး။ ကိုယ့်ဟာကိုယ်လေ ဆွဲ။ အင်ဂျင်နီယာ ဖြစ်သေးပါဘူး။ ၁၄၊ ၁၅ နှစ်လောက်ပဲ။ ဆွဲပြီးတော့ ဟိုလိုခေါက် ဒီလိုခေါက် အမိုးကဘယ်လိုလုပ် ဘာညာ အို အဲ့ဒီလိုလုပ်လာတာ ဟော့။ ဒါတင်မကဘူးကွယ် ဘုန်းဘုန်းက ပြောရင် တော့ ဒါတွေက ဘယ်ကုန်နိုင်မှာတုံး။ နောက်တစ်ခု ဘုန်းဘုန်းအကြိုက်ဆုံးကား။ အခုတောင်မှလေ ညီတွေ ညီမတွေ ပြောဦးမလို့။ မင်းတို့ကွာ ဂျစ်ကားလေးတစ်စီးလောက် ဝယ်စမ်းပါ။ ဘုန်းဘုန်း ကားမောင်းစသင်တော့ ဂျစ်ကားနဲ့စသင်ရတာ။ ကားမောင်းတတ်တာလည်း ဂျစ်ကား။ ဆိုက်မှာ အင်ဂျင်နီယာလုပ်တော့လည်း ကိုယ်မောင်း ကိုယ်စီးရတာ ဂျစ်ကားပေါ့လေ။ ဘာဖြစ်လို့တုံးဆိုတော့ အခုထိ ဂျစ်ကားဆိုရင် ချစ်နေတာ။ ဟိုးအရင်တုန်းက ဝီလီဂျစ်ဆိုတာကို ချစ်နေတာ။ အိမ်တောင်မှ ညီတွေ ညီမတွေ မင်းတို့ကွာ ဂျစ်ကားလေးတစ်စီးလောက် ဝယ်စမ်းကွာ။ စီးချင်စိတ်ပေါက်နေတာ ကိုင်း။

ဘာဖြစ်လို့တုံးဆို ဘုန်းဘုန်းက အဲ့ဒီငယ်တုန်းက အဲ့ဒီဂျစ်ကားကြည့်ပြီးတော့လေ ဂျပ်နဲ့ ဂျစ်ကားလုပ်လာတာ။ အဲ့ဒီတုန်းကတော့ ဟို နည်းပညာတွေမရှိဘူးပေါ့။ ခေတ်မမီဘူး ပြောရမှာ။ ရှိရင်လည်းပဲ ကိုယ်က တောသား တောမြို့က တောသားလေးတစ်ယောက်ဆိုတော့ ဟို ဂျစ်ကားသွားကြည့်လိုက် သဘောကျတဲ့ ဂျစ်ကားလေးကြည့်လိုက်။ အပေါ်တက်ကြည့်ပြီးတော့ အပေါ်က ဒီလိုကြည့်လိုက် ဘေးကနေကြည့်လိုက်။ အဲ့ဒါလေးကို ပန်းချီဆွဲတာ ဝါသနာပါတော့ ဆွဲလိုက်။ အဲ့ဒါကို ဂျပ်စက္ကူနဲ့လုပ်တာ။ ဂျပ်စက္ကူနဲ့လုပ်တာ ကိုယ့်ဟာကိုယ်ရှိတဲ့ဟာနဲ့ပေါ့။ ပုံနှိပ်တိုက်က ဘကြီးပုံနှိပ်တိုက်ဆိုတော့ ပုံနှိပ်တိုက်က ဂျပ်စက္ကူသွားယူ။ ကိုသိန်းလှိုင်ဆိုတာ ရှိတယ်။ အဲ့ဒီက ပုံနှိပ်တိုက်လုပ်တာ ကိုယ့်အစ်ကိုလိုပဲ။ အခုထိ ရှိပါသေးတယ်။ သူ့ပြောပြီးတော့ သူနဲ့ဆက်စပ်ပြီးတော့ ဂျပ်စက္ကူတွေရ။ ဂျပ်စက္ကူလေးနဲ့ ဂျစ်ကားလုပ်တယ်။ ဘီးကျတော့ လုပ်မရဘူး။ ဘီးကျတော့ ရော်ဘာတွေ ဘာတွေ ဘယ်လုပ်လို့ရမှာတုံး။ ဘာရမလဲ ဂျပ်နှစ်ခု သုံးခုလောက် ထူထူလေးကပ်ပြီး ဘီးလုပ်လိုက် ပြီးသာပဲ။ ဘာလို့ ဒါလေးတွေ ပြောနေရတာတုံးဆိုတော့ ဘုန်းဘုန်းတို့ လူငယ်လူရွယ် ၁၂ နှစ်၊ ၁၃ နှစ်၊ ၁၄ နှစ်၊ ၁၅ နှစ်။ ၁၆ နှစ် ထည့်ပေါ့လေ။ ဒီအရွယ်တွေက တစ်ခုခုကို ထွင်ချင်စိတ်ရှိတယ်၊ တစ်ခုခုကို တုပချင်စိတ်ရှိတယ်။ လူတစ်ယောက်ကိုကြည့်ပြီး လူတစ်ယောက်ဆီက တုပချင်တဲ့ စိတ်ဓာတ်ရှိလို့ တုပပြီး အဲ့ဒီလူနောက် ပုံစံလိုက်သွားသလို ကောင်းတဲ့ဘက်လည်း လိုက်ချင်လိုက်သွားတယ်။ ဆိုးတဲ့ဘက်လည်း လိုက်ချင်လိုက်သွားတယ်။ ဒါမှမဟုတ်ရင် ကိုယ်ကိုယ်တိုင်ကိုက ပုံစံတစ်မျိုး ထွင်ပြီးတော့ အဲ့ဒီပုံစံမျိုး အဲ့ဒီစတိုင်မျိုးနဲ့ နေချင်တာမျိုးလည်း ရှိလာတယ်။ ဒါ ဘုန်းဘုန်း ခံစားချက်ပေါ့။

ဘုန်းဘုန်းဘဝမှာ သူများဆီက အတုယူတာရှိသလို သူများပုံစံကို ကူးယူတာရှိသလို ကိုယ်ကိုယ်တိုင်လည်း ထွင်ပြီးတော့ လုပ်ချင်စိတ်လည်းရှိတယ်။ အဲ့ဒီအခြေအနေမျိုးမှာ မိဘတွေကများ အားပေး။ သားဘာလုပ်ချင်လဲ သမီးဘာလုပ်ချင်လဲ။ ဒီပစ္စည်းလေး



ဓာတ်ပုံ-အောင်နိုင်

လုပ်ပါလား ဒီပစ္စည်းလေးယူပါလားဆိုရင် ထောက်ပံ့ပေးရင် ဒီသားသမီးတွေရဲ့စိတ် ဘယ်ဂိမ်းကစားတော့မှာတုံး။ ဘယ် တခြားနေပူထဲ ထွက်တော့မှာတုံး။ မိဘတွေဘက်ကလည်း ထောက်ပံ့ပေးဖို့လိုတယ်။ ဘုန်းဘုန်းတို့ အဘတို့ အကြည်တို့ အဖေတို့ အမေတို့ မိသားစုတွေ ဒီမိဘတွေနဲ့ တွေ့ခဲ့ကြုံခဲ့ရတာ တော်တော်ကျေနပ်စရာကောင်းတယ်။ လူတိုင်းလူတိုင်းမှာ ရှိပါတယ်။ လူငယ်ဆိုတာ ပုံစံတူကူးချချင်တဲ့စိတ် ရှိတယ်။ ဒါရှိတယ်။ ပုံစံတူကူးချတယ်ဆိုတော့ ကောင်းတာလည်း ကူးရင် ဆိုးတာလည်းကူးမယ်လေ။ ကောင်းတာကူးရင် တော်တော့တယ် ဆိုးတာကူးရင် ဘယ်ကောင်းမလဲ။ မိဘတွေက ကြည့်ပေးရမှာ။ နောက်တစ်ခု ကိုယ်ကိုယ်တိုင် ထွင်ချင်စိတ်ရှိတယ်။ ဘာလေးလုပ်ရင်ကောင်းမယ် ဘာလေးလုပ်ရင်ကောင်းမယ်။ ရှိတယ် ဘုန်းဘုန်းထွင်ခဲ့တာလေးတွေရှိတယ်။ အဲ့ဒီလိုလေးတွေ ပြောလို့ကတော့ ရှိတယ်။ အဲ့ဒီတော့ ဒီခေတ်လူငယ်တွေရော ဘုန်းဘုန်းတို့ခေတ်တုန်းက တောသူတောင်သား တောမြို့လေးက တောသားလေးတစ်ယောက်ဟာ စိတ်ထဲမှာ ဒီလိုခံစားချက်တွေ ဒီလိုစိတ်ဓာတ်တွေရှိလို့ ဒီလိုတောင် အတုယူပြီးတော့ လုပ်လာတယ် ဒီလိုတောင် အတုယူပြီး ထွင်လာတယ်။ မဏ္ဍပ်တွေ အတုယူပြီးတော့ အကြီးကို အသေးလုပ်တယ်။ ဆိုင်းဝိုင်းကြီးတွေ ကြည့်ပြီးတော့ အကြီးကို အသေးလုပ်တယ်။ အဲ့ဒီကနေ ဂျစ်ကားကိုကြည့်ပြီးတော့ အသေးလုပ်တယ်။ နောက် ကိုယ့်ဟာကိုယ် ထွင်လာတယ်။ အိမ်တွေ ဘယ်လိုဆောက်လာတယ်။ ဂျပ်စက္ကူတွေနဲ့ပဲလေ။

ခုခေတ် မြို့သူမြို့သားတွေတင် မကပါဘူး။ တောနယ်မှာကို ဒီလိုပစ္စည်းပစ္စယတွေက ပြည့်စုံပေါ်လျှံနေတာ။ ပေါ်လျှံနေတာ။ မိဘတွေက အားပေးရင် အဲ့ဒီလိုအားပေးရမှာ။ လူတိုင်းလူတိုင်းမှာ ဒီစိတ်ရှိတယ်နော်။ အတုယူချင်တဲ့စိတ်ရှိတယ်။ ကောင်းတာဘက်လည်း ပါချင်ပါသွားမှာ။ ဆိုးတာဘက်လည်း ပါချင်ပါသွားမှာ။ ဒါပေမဲ့ ဘုန်းဘုန်းကတော့ ကောင်းတာဘက်ပဲ အတုယူချင်တဲ့စိတ်ရှိတယ်။ ပုံအကြီးကြီးကို အသေးလေးလုပ်။ ကိုယ်ကျွမ်းကျင်လာရင် အသစ်တီထွင်။ အဲ့ဒီလိုတီထွင်ချင်တဲ့ စိတ်တွေပဲ ရှိကြတယ်။ အဲ့ဒီစိတ်ဓာတ်ကို မိဘက ထောက်ပံ့ပေးလို့ ဘုန်းဘုန်းမှာ ဘဝဖြောင့်လာတာ။ အဘတွေ အကြည်တွေ အဖေတွေ အမေတွေက ထောက်ပံ့ပေးလို့ ဘဝဖြောင့်လာတာ။ ဒီဟာစိတ်ဝင်စားလို့ အင်ဂျင်နီယာ ဖြစ်တာပေါ့။ ဟာ ရှုပ်ကရှုပ်နဲ့ အိမ်ရှုပ်တာ ဘာရှုပ်တာတုံးဆို ဘယ်လိုလုပ်မလဲ။ နောက် ပြောပြဦးမယ်။ ဘုန်းဘုန်းတို့ ကြိမ်လေးတွေနဲ့ တကယ့်ကို တဲအိမ်အစစ်ဆောက်တာတွေ ဘာတွေ ရှိသေးတယ်။ နောက် ကြုံရင် ပြောပြဦးမယ်။ ခုပြောရင်းနဲ့ မျက်စိထဲ ပေါ်လာလို့။ အဲ့ဒီတော့ စိတ်ထဲမှာ ဘုန်းဘုန်းက ဒီလို တွေ့ခဲ့ကြုံခဲ့တော့ ကိုယ့်ဘဝလေး ဒါကြောင့် အင်ဂျင်နီယာဖြစ်တယ်လို့ ဖြစ်တော့ ခုဆိုရင် စိတ်ထဲမှာ ဝမ်းသာတယ်။ ထွင်ကြတဲ့သူတွေ ဝမ်းသာတယ်။ ဒါ နောက်ကျမှ ပြောဖို့ပါပဲလေ။ မိတ္ထီလာလေကြောင်းတက္ကသိုလ် ဘုန်းဘုန်းတရားသွားဟောတယ်။ လေကြောင်းတက္ကသိုလ်ရော ဂျီတီယူရော လာကြတယ် သားတွေ သမီးတွေ။ အခုတော့ နောက်ပိုင်းတော့ မသွားဖြစ်ဘူး။ သူတို့တွေ လေယာဉ်လုပ်တယ်။ မောင်းသူမဲ့လေယာဉ်လုပ်တယ်။ အောင်မြင်တယ်။

ဘာနဲ့လုပ်တုံးဆိုတော့ သားတို့ ပေါ့အောင် ပလတ်စတစ်နဲ့ လုပ်ပါလား၊ ဖိုက်ဘာနဲ့လုပ်ပါလား၊ အလူမီနီယံလေးနဲ့ လုပ်ပါလား၊ ဒန်လေးနဲ့ လုပ်ပါလား။ ဘုန်းဘုန်းတဲ့ ပိုက်ဆံမရှိလို့တဲ့ လက်ပံတုံးနဲ့ လုပ်ရတယ်တဲ့။ ဟာ ဟုတ်လားလို့ အဲ့ဒီတုန်းက ဓမ္မပူဇာ ဆယ်သိန်းလား အစိတ်လား ဘယ်လောက်လဲမသိဘူး မမှတ်မိဘူး။ ကဲ ယူကြကွာ သားတို့ထွင်ကြကွာဆို ပေးပစ်ခဲ့တယ်။ အဲ့ဒီကျောင်းကသားတွေ တီထွင်ချင်စိတ်ရှိတယ်။ အဲ့ဒီလိုများ ထောက်ပံ့ပေးရင် ဘယ်လောက်ကောင်းမတုံး။ အစတုန်းက မီတာနှစ်ရာပတ်လည်ပဲ အခု သုံးမိုင်ပတ်လည်လား ရပြီ။ ဒီ လိုအပ်တဲ့အချိန်မှာ ဓာတ်ပုံတွေလိုက်ရိုက်လို့ ရပြီ လေယာဉ်ပျံနဲ့ လူမပါဘဲနဲ့။ ထွင်ကြတာ။ ဘုန်းဘုန်းကလေးတွေပဲ ဘုန်းဘုန်းသားတွေပဲ။ ဘုန်းဘုန်းက ဟိုနေ့ကတောင် ပြောလိုက်သေးတယ်။ အေး ပြောလိုက်ကွာလို့ လိုရင်ပိုက်ဆံထပ်ပေးမယ်လို့ ဝတ္ထုကြေးငွေ။ ဘုန်းဘုန်းတို့နိုင်ငံမှာ ဒီသားတွေသမီးတွေက အတုယူတဲ့စိတ်ရှိတယ် ထွင်ချင်တဲ့စိတ်ရှိတယ်။ လူငယ်တိုင်း လူငယ်တိုင်းမှာ ရှိတယ်။ အဲ့ဒါကို မိဘတွေက အတုယူပုံစံကောင်းအောင် ရှေ့က လုပ်ပြ။ ဟို ရုပ်မြင်သံကြား ပြတာကအစ အတုယူကောင်းမယ့်ဟာမျိုးတွေပဲ ပြပြီးတော့ ထွင်တဲ့သူတွေကိုများ ထောက်ပံ့ပေးရင် ဘယ်လောက်ကောင်းလိုက်မတုံး။ ဒါ ဘုန်းဘုန်းစိတ်ထဲ ဖြစ်တာပါ။

ဘုန်းဘုန်းတို့တုန်းက မိဘက ရှေ့ကကောင်းကောင်းမွန်မွန်နေပြ အတုယူတဲ့စိတ်ကို သူက ကောင်းတဲ့ဘက် အတုယူအောင် လုပ်ပြနဲ့။ ထွင်တဲ့ဘက်ကျတော့လည်း ပစ္စည်းပစ္စယလေးတွေ ရှာပေးတယ်။ ဝိုင်းကူပေးတယ်။ အကြံဉာဏ်ပေးတယ်။ အို အဲ့ဒါနဲ့ပဲ ဘုန်းဘုန်းဘဝက ဖြောင့်လာတယ်လို့ ဘုန်းဘုန်းတွက်တာပါ။ အဲ့ဒီတော့ ဒီအိမ်တစ်အိမ်မှာ ဒီသား ဒီသမီးတွေ ဒီလူငယ်တွေ ဒီလိုဒီလိုပဲ။ ဒီတိုင်းပြည်ကြီးမှာလည်း ဒီအိမ်မှာလည်း ဒီတိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေက မိဘတွေပဲ။ ဒီလူငယ်လူရွယ်တွေက သားသမီးတွေပဲ။ သားသမီးတွေက အတုယူမှာပဲ ထွင်မှာပဲ။ အဲ့ဒါလေးတွေကို ဝိုင်းကူပြီးတော့များ ပြောပေးဆိုပေး လုပ်ပေးရင် ဘုန်းဘုန်းဘဝအတွက်တော့ ဘဝဖြောင့်လာသလို တို့တိုင်းပြည်က လူငယ်တွေအတွက်လည်း ဘဝဖြောင့်လာမှာပဲ။ တိုင်းပြည် မချမ်းသာသေးတာတော့ဟုတ်တယ် မပြည့်စုံသေးတာ ဟုတ်တယ်။ ဒါပေမဲ့ ဒီလိုပဲပေါ့ ဒီလိုပဲလုပ်ရမှာပေါ့။ သစ်နဲ့မရသေးရင် ကြိမ်။ ကြိမ်မရသေးရင် ဝါး။ ဒီလိုပဲ ဘုန်းဘုန်းတို့ ဖြည်းဖြည်းချင်း လုပ်ရမှာပေါ့လေ။ ပြောချင်တာကတော့ လူငယ်တွေမှာ အတုယူတဲ့စိတ်တွေရှိတယ်။ ရှေ့ကနေပြီးတော့ အတုယူပုံစံကောင်းအောင် လုပ်ပြဖို့ပဲ။ အတုယူတယ်ဆိုတဲ့ နေရာမှာ နောက်ကြုံရင် ပြောပြပါမယ်။ ရှေ့က လူကြီးတွေက ပြဿနာရှာ ပြဿနာလုပ်ပြနေရင် လူငယ်တွေမှာ ဒီစိတ်ဓာတ် အတုယူသွားတယ်။ ရှေ့က လူကြီးတွေက ပြေလည်အောင် နေပြပြီးတော့ ညီညီညွတ်ညွတ်နေပြရင် ဒီသားတွေ ဒီသမီးတွေမှာလည်း ပြေလည်အောင် ညီညီညွတ်ညွတ် နေတတ်တဲ့ စိတ်ဓာတ်တွေ ဝင်သွားရော။

လူငယ်တွေမှာ တီထွင်ချင်တဲ့စိတ်ရှိလို့ ကောင်းတာကို တီထွင်ချင်တဲ့စိတ်ရှိလို့ အားပေးသလိုမျိုး အိမ်မှာလည်း ဒီအတိုင်း ရပ်ကွက်ထဲမှာလည်း ဒီအတိုင်း တစ်နိုင်ငံလုံးမှာလည်း ဒီအတိုင်းဆို ဘယ်လောက်ကောင်းလိုက်မလဲ။ ဆိုတော့ ဘုန်းဘုန်းတို့ ဘဝဖြောင့်ကြောင်းအနေနဲ့ အင်ဂျင်နီယာ ဖြစ်လာတာ မိဘတွေက ရှေ့ကနေပြလို့ အတုယူတာ ကောင်းလာတယ်။ တီထွင်ချင်တဲ့စိတ်တွေကို ပေးတီထွင်တယ် ပေးလုပ်တယ်။ ကျောင်းပြန်တဲ့အချိန် အဲ့ဒါတွေ လုပ်တော့တာပဲ။ သီတင်းကျွတ်လဆန်းဆိုရင် လုပ်ပြီ။ အဲ့ဒီတော့ အဲ့သလိုမျိုးလေးများ နေခဲ့ရတဲ့အတွက်ကြောင့် ဘုန်းဘုန်းဘဝဟာ ဘဝဖြောင့်ကြောင်း တစေ့တစောင်း အနေနဲ့ ကောင်းတဲ့ဘက်ကို အတုယူပြီးတော့ ထွင်တဲ့ စိတ်ဓာတ်တွေ ပိုအားကောင်းလာတယ်။ ဘုန်းဘုန်း ထွင်တဲ့အကြောင်းတွေ နောက်ကြုံရင် ပြောပြပါဦးမယ်။ ၁၆ နှစ် အစိတ် အရွယ်ကျရင် ဒါတွေ ပြောပြပါဦးမယ်။ အဲ့ဒီတော့ ဒီအသိလေးတွေနဲ့ ဒီစိတ်ဓာတ်လေးတွေနဲ့ဟာ ဘဝကို ဖြောင့်တန်းစေတယ်။ အဲ့ဒါ ဘဝဖြောင့်ကြောင်း တစေ့တစောင်းပဲ။ ဘဝဖြောင့်တန်းအောင် ဒီအသိတွေနဲ့ပဲ လျှောက်လှမ်းနိုင်ကြပါစေ။

■

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ပြပွဲ၊ ဖျော်ဖြေပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ကလေးငယ်အတွက် KidZon နဲ့ Food Streat



ကိုယ့်ရဲ့ ချစ်စရာကောင်းတဲ့ ကလေးငယ်တွေကို ကစားကွင်းလိုက်ပို့ရင်းနဲ့ တစ်နေရာတည်းမှာ အစားအစာမျိုးစုံ ရွေးချယ်စားနိုင်မယ့် KidZon နဲ့ Food Streat ကို ပြောပြချင်တယ်။ KidZon က မကြာခင်ကမှ အသစ်ဖွင့်လိုက်တဲ့ Junction City ရဲ့စတုတ္ထအလွှာမှာ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ကလေးငယ်တွေအတွက် ကစားနိုင်အောင် ဇုန် ၁၁ ဇုန်ရှိပြီး အသက် ၃ နှစ်အရွယ်ကနေ ၁၂ အရွယ်အထိ ကလေးငယ်တွေ ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ ကစားနည်းတွေကချားရဟတ်စီးရတာကို ကြိုက်နှစ်သက်တဲ့ကလေးငယ်တွေအတွက် Happy-Go-Rooound၊ ကားမောင်းချင်သူတွေအတွက် Junior Driving Club၊ ရထားမောင်းချင်သူတွေအတွက် Mini Express ၊ ဂိမ်းတွေကို ခလုတ်နှိပ်ပြီး ဆော့ကစားချင်သူတွေအတွက် Game Corner၊ ခုန်ပေါက် ဆော့ကစားချင်သူတွေအတွက် Bumpy Jumpy၊ ပြေးလွှားဆော့ကစားရင်း နေရာသစ်တွေကိုစူးစမ်းလေ့လာချင်သူတွေအတွက် Advanture Land ၊ ကမ်းခြေမှာဆော့ကစားချင်တဲ့သူတွေအတွက် KidZon Beach၊ ဂိမ်းတွေကို အေးအေးဆေးဆေး တီထွင်ဖန်တီးချင်သူတွေအတွက် Genius's Space၊ လက်မှုပစ္စည်းတွေကို နှစ်သက်ပြီး အနုပညာဖန်တီးမှုတွေကို ပြုလုပ်ချင်တဲ့ကလေးငယ်တွေအတွက် Heart & Craft Zone၊ တိတ်တိတ်ဆိတ်ဆိတ် ဆော့ကစားချင်သူတွေအတွက် Secret Village နဲ့ တိရစ္ဆာန်တွေကိုချစ်တတ်တဲ့ ကလေးငယ်တွေအတွက် Pony's Safari တွေကို စိတ်ကြိုက်ရွေးချယ်ကစားနိုင်မှာဖြစ်ပါတယ်။ ကစားကွင်း ဝင်ရောက်ကစားဖို့ စည်းကမ်းချက်လေးတွေထုတ်ပေးထားပြီး ခြေဗလာကစားခြင်း၊ ဖိနပ်စီးကစားခြင်း၊ တစ်ယောက်နဲ့တစ်ယောက် ရိုက်နှက်သတ်ပုတ်ခြင်း၊ ကလေးငယ်တွေ Diaper လဲလှယ်လို့မရ စတဲ့ ကလေးငယ်တွေအတွက် စည်းကမ်းတွေကိုလည်း သတ်မှတ်ထားပါတယ်။ KidZon အတွက် ဝင်ကြေးက တနင်္လာနေ့ကနေ သောကြာနေ့အထိ ကလေးတစ်ဦးကို ၅၀၀၀ ကျပ်နဲ့ အစိုးရရုံးပိတ်ရက်တွေမှာ ၇၀၀၀ ကျပ်ဖြစ်ပါတယ်။ ကလေးငယ်တွေနဲ့အတူ မိဘတွေပါဝင်ချင်ရင် တစ်ဦးကို ၁၅၀၀ ကျပ် သတ်မှတ်ထားပါတယ်။ ကလေးငယ်တွေ ကစားနေတုန်းပဲဖြစ်ဖြစ်၊ မောပန်းလာလို့ပဲဖြစ်ဖြစ် အစားအစာစားချင်သူတွေအတွက် Food Streat မှာ ဆိုင်ခန်းပေါင်း ၁၅ ဆိုင်ရှိပြီး မြန်မာအစားအစာ၊ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ထိုင်ဝမ်၊ ဥရောပ၊ အိန္ဒိယ၊ ကိတ်မျိုးစုံနဲ့ Juice ဆိုင်တွေကို ပတ်ပတ်လည်လည် ခင်းကျင်းထားတာဖြစ်ပါတယ်။ Food Streat က အစားအစာတွေကို ဝယ်ယူချင်တယ်ဆိုရင် အရင်ဆုံး Information Counter မှာ ကတ်လုပ်ရမှာဖြစ်ပါတယ်။ ကတ်အမျိုးအစားက Pre-paid Card နဲ့ Prmium Card ဆိုပြီး နှစ်မျိုးခွဲခြားထားပါတယ်။ Pre-paid ကတ်က အစားအစားတွေ စားသောက်ပြီးသွားတာနဲ့ ကောင်တာမှ ပိုတဲ့ငွေကို ပြန်လည်ထုတ်ယူနိုင်မှာဖြစ်ပြီး Prmium ကတ်က ကြိုက်သလောက် ပိုက်ဆံထည့်ထားနိုင်ပြီး စားသောက်ဆိုင်တွေရဲ့ ပရိုမိုးရှင်းအစီအစဉ်တွေကို ခံစားနိုင်ကာ ကတ်ထဲမှာရှိတဲ့ပိုငွေကို ပြန်လည်ထုတ်ယူလို့မရနိုင်ပါ။ ဆိုင်ဖွင့်လှစ်ချိန်တွေက နံနက် ၁၀ နာရီကနေ ည ၉ နာရီအထိ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ကတ်ကို ပြုလုပ်ပြီးတာနဲ့ အစားအစာတွေကိုကတ်နဲ့စားသောက်ရမှာဖြစ်ပြီး အစားအစာတွေစားနိုင်အောင် ဆိုင်ခန်းတွေရှေ့မှာ ခုံတွေချပေးထားတာမို့ ကြိုက်တဲ့နေရာမှာ ဝင်ရောက်စားနိုင်မှာဖြစ်ပါတယ်။ ကလေးငယ်တွေကို ကစားကွင်းပို့ပေးချင်သူတွေနဲ့ အစားအစာမျိုးစုံကို တစ်နေရာတည်းမှာ မြည်းစမ်းကြည့်ချင်သူတွေအတွက် အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ ■






## ကချင်ပြည်နယ်ရဲ့ အလှအပတွေကို ခံစားပြီး မြစ်ဆုံကိုသွားနိုင်မယ့် ခရီးစဉ်



ကချင်ပြည်နယ်ရဲ့အလှအပတွေ၊ မေခနဲ့မလိခ တို့ပေါင်းစပ်တဲ့ မြစ်ဆုံကို အလည်တစ်ခေါက်လောက် သွားချင်သူတွေအတွက် လေးညအိပ် ငါးရက်ခရီးကို ညွှန်းချင်ပါတယ်။ ဒီခရီးစဉ်အတွက် ရန်ကုန်မြို့စုရပ်နေရာကနေ နံနက် ၆ နာရီဆိုတာနဲ့ ကားစတင်ထွက်ရှိမှာဖြစ်ပြီး နံနက်စာအတွက် ၃၉ သပြေရိပ်နဲ့ နေ့လယ်စာအတွက် နေပြည်တော်မှာ ဝင်ရောက်စားမှာ ဖြစ်ပါတယ်။ ညနေပိုင်းမှာတော့ ရွှေဘိုရဲ့အောင်မြေဘုရားကို သွားရောက်ဖူးမြော်ရမှာဖြစ်ပြီး အိပ်စက်အနားယူဖို့အတွက် ရွှေဘိုဟိုတယ်မှာ တည်းခိုရမှာဖြစ်ပါတယ်။ နောက်နေ့မှာတော့ ဟိုတယ်ကစီစဉ်ပေးထားတဲ့နံနက်စာကိုစားပြီး ခရီးဆက်လက်ထွက်ခွာကာ နေ့လယ်စာကို မိုးညှင်းမြို့မှာ ဝင်ရောက်စားသောက်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ကချင်ပြည်နယ်ရဲ့အထင်ကရဖြစ်တဲ့ မနောကွင်းကို သွားရောက်လည်ပတ်ရမှာဖြစ်ပြီး သပြေတစ်ထောင်မှာ ဘုရားဝင်ဖူးနိုင်မှာဖြစ်ကာ ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းတွေ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

တတိယနေ့မှာတော့ မေခနဲ့မလိခ မြစ်ပေါင်းဆုံရာ မြစ်ဆုံရဲ့အလှကို ခံစားရမှာဖြစ်ပြီး ရှုခင်းတွေနဲ့အတူ အမှတ်တရဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ နေ့လယ်မှာတော့ အင်းတော်ကြီး ရွှေမဉ္ဇူဘုရားကိုပို့ဆောင်ပေးမှာဖြစ်ပြီး အင်းတော်မြို့မှာရှိတဲ့ ဟိုတယ်မှာ အိပ်စက်အနားယူရမှာပါ။ နောက်နေ့မှာတော့ စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ဗန်းမော်မြို့နယ်မှာရှိတဲ့ ဇလုံတောင်ဘုရားကို သွားရောက်ဖူးမြော်ရမှာပါ။ နေ့လယ်စာကိုတော့ ဗန်းမော်မြို့မှာရှိတဲ့ ဒေသထွက်အစားအစာတွေကို စားသောက်ရမှာဖြစ်ပြီး နေ့လယ်စာစားပြီး ခဏတစ်ဖြုတ် အနားယူပြီးတာနဲ့ ရန်ကုန်မြို့ကို ပြန်လည်ထွက်ခွာလာမှာ ဖြစ်ပါတယ်။ ညစာအတွက်တော့ ကားပေါ်မှာပဲ သုံးဆောင်နိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဒီခရီးစဉ်အတွက် ကုန်ကျစရိတ်က လူတစ်ဦးကို ၁၉၅,၀၀၀ ကျပ်ဖြစ်ပြီး ကားခ၊ တည်းခိုစရိတ်နဲ့ အစားအစားတွေအတွက် ပါဝင်မှာဖြစ်ပါတယ်။ လက်မှတ်မှာယူသူတွေကို အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာဖြစ်ပြီး ခရီးစဉ်နဲ့ပတ်သက်ပြီး အသေးစိတ်သိချင်ရင် ဖုန်း ၀၉-၉၇၉၂၅၂၀၂၀ နဲ့ ၉၇၉၂၅၂၁၂၂ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

## YGN Fashion & Food Station

မိုးရာသီဈေးရောင်းပွဲတော် အစီအစဉ်တွေနဲ့ ရောင်းချမယ့် YGN Fashion & Food Station ပွဲကို မေလ ၆ ရက်နေ့ကနေ မေလ ၇ ရက်နေ့၊ ညနေ ၃ နာရီကနေ ၁၀ နာရီအထိ၊ ကန်တော်ကြီး Souvenir (ကရဝိက်) ဝင်ပေါက်မှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီပွဲမှာ မိုးရာသီဖက်ရှင်အတွက် ခေါင်းအစ ခြေအဆုံး တာဝန်ယူပေးမယ့် အွန်လိုင်း Shopping တွေ၊ လက်ရှိရောင်းချနေတဲ့ဖက်ရှင်ဆိုင်တွေ၊ Accessories ပစ္စည်းတွေရောင်းချပေးမယ့်ဆိုင်တွေ၊ ၊ အစားအစာဆိုင်တွေ၊ Body Painting နဲ့ Tatoo ဆိုင်ခန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဈေးဝယ်ထွက်ရင်း DJ ရဲ့ Jazz (Reggae Indie Unplugged style muisc နားထောင်ရင်း Rainy Season Design & Decoration တွေနဲ့ ပြင်ဆင်ထားတဲ့နေရာတွေမှာ အမှတ်တရဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ■

## Back to School Sale

KMD Computer & Mobile က ပြုလုပ်မယ့် Back to School Sale အစီအစဉ်ကို မေလတစ်လလုံးမှာ KMD Computer & Mobile ဆိုင်တွေမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ကံစမ်းစရာမလိုဘဲ ၂၀၀၀၀ ကျပ်ကနေ ၁၀၀,၀၀၀ ကျပ်အထိ အထူးလျှော့ဈေးတွေနဲ့ KMD Computer & Mobile ဆိုင်တွေမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■

## Myanmar Forest Products Exhibition 2017 ပြပွဲ

မြန်မာ့သစ်တောထွက် ကုန်ချောပစ္စည်းတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေအတွက် Myanmar Forest Products Exhibition 2017 ပြပွဲကို မေလ ၁၁ ရက်နေ့ကနေ မေလ ၁၄ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဆိုင်ခန်းပေါင်း ၂၀၀၀ ကျော် လာရောက်ရောင်းချမှာဖြစ်ပြီး ကြိမ်၊ ဝါး၊ သစ်တွေနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေကို ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■

# စမတ်ဖုန်းနဲ့ သင်ခန်းစာတွေ ဖန်တီးမယ်

**လူမှုကွန်ရက် အသုံးတွင်ကျယ်လာတဲ့အတွက် လူမှုကွန်ရက်ကနေပြီး သင်ခန်းစာတွေ ပို့ချတာမျိုးရှိလာပါတယ်။ ဖေ့စ်ဘွတ်ခ်အဖွဲ့တွေကနေ သင်ခန်းစာ စာဖိုင်တွေ၊ အသံဖိုင်တွေနဲ့ ဗီဒီယိုဖိုင်တွေ တင်ပေးပြီး မနဲဘာကြေးကောက်ခံတဲ့ ပုံစံပေါ့။ ဒီတစ်ပတ်မှာတော့ ဖုန်းမျက်နှာပြင်ကိုမှတ်တမ်းတင်ထားလို့ရမယ့် DU Screen Recorder App ကို ဖော်ပြပေးဖို့ ရွေးချယ်ထားပါတယ်။ ဖုန်းမျက်နှာပြင်ကို မှတ်တမ်းတင်ထားပြီး ဗီဒီယိုဖိုင်အနေနဲ့ ပြန်ထုတ်ပေးမှာပါ။ သင်ခန်းစာတွေ၊ လက်တွေ့လုပ်ဆောင်မှုတွေကို မှတ်တမ်းတင်ထားပေးမယ့်အပြင် ပြင်ပအသံတွေကိုပါ ဖမ်းယူပေးထားနိုင်မှာ ဖြစ်ပါတယ်။ ဒီ App မှာ ဘယ်လိုစွမ်းဆောင်ချက်တွေ ပါဝင် မလဲဆိုတာ လေ့လာကြည့်ရအောင်။**

### Screen Record

App ကို ဖွင့်လိုက်ရင် ဖုန်းမျက်နှာပြင်ရဲ့ညာဘက်ဘေးမှာ App ရဲ့ပုံလေးပေါ်နေမှာပါ။ ဖုန်းမျက်နှာပြင်မှာ လုပ်ဆောင်နေတာတွေကို ဗီဒီယိုမှတ်တမ်းတင်ချင်တယ်ဆိုရင် အနီရောင် အဝိုင်းပုံလေးကို နှိပ်ပါ။ ပုံသေ ၃ စက္ကန့် ရေတွက်ပြီးရင် စတင် မှတ်တမ်းတင်နေမှာ ဖြစ်ပါတယ်။ ပြင်ပက အသံတွေကိုပါ ဖမ်းယူပေးထားပါတယ်။ ပြင်ပအသံတွေကိုပိတ်ထားချင်တယ်ဆိုရင်တော့ Setting ထဲမှာ သွားပြီး ပြင်ဆင်နိုင်ပါတယ်။

ဗီဒီယိုဖိုင်တွေအပြင် ဓာတ်ပုံအနေနဲ့လည်း သိမ်းဆည်းနိုင်ပါတယ်။ ကင်မရာပုံလေးကို ဖိလိုက်တာနဲ့ Screen Shoot ရမှာ ဖြစ်ပါတယ်။

### ဗီဒီယို၊ ဓာတ်ပုံ ပြင်ဆင်ခြင်း

လေးထောင့်ပုံလေးကို နှိပ်လိုက်ရင်တော့ ကိုယ်မှတ်တမ်းတင်ထားတဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကို မြင်ရမှာပါ။ ဒါတွေကို Edit လုပ်လို့ ရပါတယ်။ အခြားသော Edit Software တွေလိုပါပဲ။ ဖုန်းထဲမှာရှိတဲ့ အခြားဓာတ်ပုံနဲ့ ဗီဒီယိုတွေကိုလည်း ပြင်ဆင်တည်းဖြတ်နိုင်ပါတယ်။

### Setting

Setting ထဲမှာတော့ မှတ်တမ်းတင်ထားမယ့် ဗီဒီယိုအရည်အသွေး၊ ဓာတ်ပုံအရည်အသွေး စတာတွေကို သတ်မှတ်ထားနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းကို လှုပ်လိုက်တာနဲ့ စတင် မှတ်တမ်းတင်နေအောင်လုပ်တာ စတဲ့ စွမ်းဆောင်ချက်တွေကိုလည်း ချိန်ညှိထားနိုင်ပါတယ်။ ပြင်ပအသံတွေကို မဖမ်းယူချင်ဘူးဆိုရင် ပိတ်ထားနိုင်ပါတယ်။

ဒါ့အပြင် ကင်မရာပိုင်းဆိုင်ရာ စွမ်းဆောင်ချက်တွေကိုလည်း စိတ်ကြိုက် ချိန်ညှိနိုင်ပါတယ်။



ကိုယ့်ရဲ့စမတ်ဖုန်းနဲ့ မျက်နှာပြင်ကို မှတ်တမ်းတင်ထားပြီး ပြင်ပကနေ ပို့ချချက်တွေကို ပြောပြီး ဗီဒီယိုသင်ခန်းစာတွေ လုပ်ချင်ရင်ပဲဖြစ်ဖြစ် အသုံးဝင်ပြီး အဆင်ပြေပြေ လွယ်လွယ်ကူကူ Screen Record ပြုလုပ်နိုင်မယ့် App ဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။ ■

## UNFORGETTABLE

ဒီတစ်ပတ်တော့ ခင်ပွန်းဟောင်းရဲ့ ဘဝလက်တွဲဖော်အသစ်ဖြစ်လာမယ့် မိန်းကလေးကို ဇနီးဟောင်းက နည်းမျိုးစုံ ဒုက္ခပေးဖို့ ကြိုးစားတဲ့အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားတဲ့ Unforgettable ရုပ်ရှင်ဇာတ်ကားကိုညွှန်းပေးချင်ပါတယ်။ ဒါရိုက်တာ Denise Di Novi က ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင်များအဖြစ် Katherine Heigl၊ Rosario Dawson နဲ့ Geoff Stults တို့ အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။

Tessa Connover (Katherine Heigl) က ခင်ပွန်းဖြစ်သူ David နဲ့ လမ်းခွဲထားတာပါ။ နှစ်ယောက်သား လမ်းခွဲပြီးကြပေမယ့် David က Julia ဆိုတဲ့အမျိုးသမီးနဲ့လက်ထပ်တော့မှာကိုမနာလိုမရှုဆိတ်ဖြစ်နေပါတယ်။ Julia (Rosario Dawson) ကတော့ အနိုင်ကျင့်နှိပ်စက်ခဲ့တဲ့ ရည်းစားဟောင်းနဲ့ ကြုံတွေ့ခဲ့ပြီးတဲ့နောက်မှာ နားလည်မှုအပြည့်ပေးနိုင်ပြီး ကြင်နာတတ်တဲ့ David နဲ့ ဘဝသစ်ပြန်စဖို့ ဆုံးဖြတ်ထားပါတယ်။ David မှာက အရင်အိမ်ထောင်နဲ့ ရထားတဲ့ Lily ဆိုတဲ့ သမီးလေးတစ်ယောက်ရှိပါတယ်။





Tessa က David နဲ့ လမ်းခွဲထားပေမယ့် သမီးဖြစ်သူ Lily ကြောင့် နှစ်ယောက်က အဆက်အသံရှိတုန်းပါပဲ။ David ရဲ့အိမ်ကိုလည်း ဝင်ထွက်သွားလာနေတုန်းပါပဲ။ Julia ရဲ့ အတိတ်ကဇာတ်ကြောင်းကို စုံစမ်းသိရှိထားတဲ့ Tessa က သူ့ရဲ့ဖုန်းကို ခိုးယူကာ နှိပ်စက်အနိုင်ကျင့်ခဲ့တဲ့ ရည်းစားဟောင်းဆီကို စာတို (Message) တွေ ပို့ပြီး ဇာတ်လမ်းပြန်စချင်ကြောင်း ပြောပါတယ်။ တစ်ညမှာတော့ ရည်းစားဟောင်းက Julia ရဲ့အိမ်ကို ရောက်လာခဲ့ပြီး ရိုက်နှက်နှိပ်စက်ပါတယ်။ Julia က ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တဲ့အနေနဲ့ ဓားနဲ့ထိုးခဲ့ပြီး ထွက်ပြေးလာခဲ့ပါတယ်။

အိမ်အပြင်မှာစောင့်နေတဲ့ Tessa က Julia ရဲ့ ရည်းစားဟောင်းကို သတ်ခဲ့ပါတယ်။ သေဆုံးသူရဲ့ ဖုန်းမှာ Julia ရဲ့ ဓာတ်ပုံတွေရှိနေတာကြောင့် လူသတ်မှုအတွက် ရဲက သူ့ကို သံသယရှိသူအဖြစ် သတ်မှတ်ထားပါတယ်။ နောက်ပိုင်းမှာတော့ Tessa က ခင်ပွန်းဟောင်း David ကိုပါသတ်ဖို့ကြိုးစားလာတဲ့အတွက် Julia က ဝင်ရောက်တားဆီး ကာကွယ်ခဲ့ရာမှာတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ဆက်လက်ရှုစားရမှာပါ။ အိမ်ထောင်ရေးဒရာမာ ဇာတ်လမ်းကောင်း ကြည့်ချင်သူတွေအတွက် Unforgettable ရုပ်ရှင်က အဆင်ပြေနိုင်မှာပါ။ ■

## ဟဲလို ဘေဘီ

ဒီတစ်ပတ်တော့ ဝိညာဉ်ပုံစံနဲ့ ဟာသဇာတ်ကား မျိုးကြည့်ချင်သူတွေအတွက် ဟဲလိုဘေဘီ ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ ခန့်ညား(ညီထွဋ်ခေါင်) က အနုပညာလောကမှာ အောင်မြင်နေတဲ့ မင်းသားတစ်ယောက်ဖြစ်ပြီး တစ်ခုခုကို စိတ်မရှည်တတ်တာတွေနဲ့ အလိုမကျမှုတွေကြောင့် ခန့်ညားအောက်မှာ လုပ်လေ့ရှိတဲ့ အလုပ်သမားတွေကို အမြဲဖြုတ်ပစ်လေ့ ရှိတယ်။ တစ်ရက်မှာတော့ ရှုတင်ပျက်သွားတာကိုမသိဘဲ သွားမိရာကနေ စိတ်တိုပြီးပြန်လာချိန်မှာ လမ်းမှာကလေးတစ်ယောက်ကို ဝင်တိုက်မိမလို ဖြစ်ခဲ့တယ်။ အဲဒီကလေးကို ခန့်ညားကားက လွတ်အောင်ကယ်တင်လိုက်တာက ဘေဘီ(ပိုင်ဖြိုးသု)ပါ။ စိတ်တိုတတ်တဲ့ ခန့်ညားက ကလေးကို ဆူပူသွားတာ မကျေနပ်တာကြောင့် ဘေဘီက ခန့်ညားကားနောက်ကနေလိုက်လာခဲ့တယ်၊ တကယ်တော့ဘေဘီက ဝိညာဉ်တစ်ယောက်ဖြစ်ပြီး ခန့်ညားကို မကျေနပ်တာကြောင့် သူ့အခန်းမှာ နေပြီး တစ်ခန်းလုံးကို စိတ်ကြိုက်မွှေနေခဲ့တယ်။ ခန့်ညား စိတ်မတိုတိုအောင် အမြဲလုပ်ပြီး ခန့်ညားခေါက်ထားတဲ့ အဝတ်အစားတွေကို လိုက်ဖွတာမျိုး၊ လျှော်လိုက်တာမျိုးတွေကို ပုံစံမျိုးစုံနဲ့ လိုက်လုပ်နေခဲ့တယ်။




ခန့်ညား ကြားအောင် ဘေဘီက စကားတွေပြောနေပြီး အသံသာကြားရကာ လူမမြင်ရတာကြောင့် လန့်နေခဲ့တယ်။ ခန့်ညား အရမ်းလန့်နေတာမို့ ဘေဘီက သူမက ဝိညာဉ်တစ်ယောက်ဖြစ်ကြောင်း ကိုယ်ထင်ပြတာမို့ ခန့်ညား မောင်းထုတ်ခဲ့တယ်။ ခန့်ညား ဘယ်လောက် မောင်းထုတ်ထုတ် ဘေဘီကတော့ ခန့်ညားနောက်ကို တောက်လျှောက်လိုက်နေပြီး ရှုတင်မှာ လိုက်ရှုပ်နေခဲ့တယ်။ ရှုတင်မှာကျန်တဲ့သူတွေကို စိတ်အနှောင့်အယှက်မပေးဘဲ ခန့်ညား စိတ်တိုအောင် လိုက်စနေတာ မို့ ခန့်ညား တော်တော်ကို ဒေါသထွက်နေခဲ့တယ်။ နောက်ဆုံးမှာတော့ ဝိညာဉ်မလေး ဘေဘီက ခန့်ညားကို ဘယ်လိုမျိုး ဒေါသတွေထွက်အောင် လိုက်လုပ်မလဲဆို တာ ဆက်လက်ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်း ဒါရိုက်တာနေလင်းက ရိုက်ကူး ထားတာဖြစ်ပြီး ညီထွဋ်ခေါင်နဲ့ ပိုင်ဖြိုးသုတို့က အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■



## Brad Paisley ရဲ့ Last Time For Everything

ဒီတစ်ပတ်တော့ ကန်းထရီးအဆိုတော် Brad Paisley ရဲ့ Last Time For Everything လို့အမည်ရတဲ့ သီချင်းကောင်းလေးတစ်ပုဒ်ကို ညွှန်ပေးချင်ပါတယ်။ ဘဝမှာ နှစ်ကြိမ် ကြုံတွေ့ခံစားခွင့်ရနိုင်တဲ့ အဖြစ်အပျက်တွေရှိသလို ဘယ်တော့မှပြန်မရနိုင်တော့တဲ့ ဘဝရဲ့အမှတ်တရတစ်ခုအနေနဲ့ပဲ ကျန်ခဲ့တဲ့ အဖြစ်အပျက်တွေလည်း ရှိပါတယ်။ ဒီသီချင်းကတော့ ဘဝမှာတစ်ကြိမ်သာ ကြုံတွေ့ခံစားခွင့်ရခဲ့တဲ့ မမေ့နိုင်တဲ့ အမှတ်တရ ဖြစ်ရပ်တွေအကြောင်းကို ရေးသားစပ်ဆိုထားတဲ့ ကန်းထရီးသီချင်းလေးတစ်ပုဒ်ပါ။ ဒီသီချင်းက Brad Paisley ရဲ့အယ်လ်ဘမ်သစ် Love And War မှာပါဝင်ခဲ့တဲ့ Single သီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ 'နောက်ဆုံး ဖုန်းခေါ်ဆိုမှု၊ နောက်ဆုံးအခွင့်အရေး၊ နောက်ဆုံးသီချင်း၊ နောက်ဆုံးအက၊ တစ်ခါတစ်ရံမှာ ဒါတွေဟာ ဘယ်အချိန်မှာ ကြုံတွေ့ရမယ်မှန်း မသိနိုင်ပါဘူး' ဆိုတဲ့ သီချင်းစာသားတွေကို နားထောင်ကြည့်လိုက်ရင်တော့ ဘဝမှာ ကြုံတွေ့ဖြတ်သန်းရတဲ့အချိန်ကာလတိုင်း၊ အဖြစ်အပျက်တိုင်းကို တန်ဖိုးထားတတ်ဖို့လိုတယ်ဆိုတဲ့ အသိမျိုးလေး ဝင်လာကြမှာပါ။ ဂီတဗီဒီယိုမှာတော့ Brad Paisley က သူ့ဘဝမှာ မမေ့နိုင်တဲ့ အမှတ်တရဖြစ်ရပ်တွေကို ပြန်လည်မြင်ယောင်မိတဲ့အကြောင်းကို ပုံဖော်ရိုက်ကူးထားတာပါ။ ကန်းထရီးသီချင်းကောင်းလေးတစ်ပုဒ်လောက် နားဆင်ချင်ရင်တော့ Brad Paisley ရဲ့ Last Time For Everything ကို You Tube မှာ အခုပဲ ဖွင့်ကြည့်လိုက်ပါ။ ■

# “မို့မို့မြင့်အောင်ပါရင်ပြီးရောဆိုတဲ့ ကားမျိုး မရိုက်ပါဘူး။ တကယ်ကို ကိုယ့်အတွက်လည်း လုပ်ကွက်လေးတစ်ကွက် ရှိပြီဆိုရင်တော့ ရိုက်ပါတယ်”

**မို့မို့မြင့်အောင်နဲ့ တွေ့ဆုံခြင်း**

ဝင်းထွန်းနိုင်

မေလ ၅ ရက်နေ့ကစပြီး ရုံတင်ပြသပေးတော့မယ့် အရွယ်သုံးပါး ချစ်တတ်သည်၊ ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဝါရင့်သရုပ်ဆောင် မို့မို့မြင့်အောင်နဲ့တွေ့ဆုံပြီး ဇာတ်ကားအကြောင်း၊ ရိုက်ကူးခဲ့စဉ်က အမှတ်တရတွေအကြောင်း၊ ဇာတ်လမ်းတွေ ရွေးချယ်ဖြစ်တဲ့ အကြောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။

**Voice: အရွယ်သုံးပါးချစ်တတ်သည် ရုပ်ရှင်ဇာတ်ကားရဲ့ ပထမပိုင်းလို့ပြောရင်ရတဲ့၊ ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ ကားမှာလည်း ပါဝင်ခဲ့တယ်နော်။**

**MMMA:** မမို့က အပိုင်း ၁ တုန်းကလည်း ပါတယ်။ လက်ရှိ အပိုင်း ၂ မှာ ပြန်ပါတော့ တာဝန်သိပ်ကြီးတယ်။ ပြီးတော့ အပိုင်း ၁ ကလည်း တအားပေါက်ထားတာဆိုတော့ ကိုမျိုးမင်းကိုပဲ ခေါင်းစဉ်တင်ရတာပေါ့နော်။ ကိုမျိုးမင်းရေ ဘယ်လိုကောင်းအောင်လုပ်မလဲ၊ မမို့ကတော့ ကြောက်တယ်နော် ပြောတော့ သူကလည်း အများကြီးတွေးပါတယ်။ သူတွေးသလောက်လည်း ကားက ထွက်လာတယ်။ ဒီကားက ဒရာမာလည်း ချိုးထားတယ်၊ ဟာသကိုလည်း ပရိသတ်တွေက တွေးပြီးရယ်ရတဲ့ဟာသမျိုးကို ကြိုက်ကြတာဆိုတော့ ဒီကားက အဲဒီ့ဟာသဘက်ကိုလည်း ရောက်တယ်။

**Voice: ရှေ့မှာရိုက်ခဲ့တဲ့ကားက အရမ်းအောင်မြင်ခဲ့တော့ ဒီကားအပေါ် ကိုယ့်ရဲ့အမြင်က ဘယ်လိုရှိလဲ။**

**MMMA:** မမို့အနေနဲ့ အမှန်အတိုင်းပြောရရင် အပိုင်း ၁ က တော်တော်ကောင်းခဲ့တော့ ကျော်ဖို့မပြောနဲ့ မီနိုင်ဖို့ တောင် ခက်ခဲမယ်ထင်ခဲ့တယ်။ ဒါပေမဲ့ ကိုမျိုးမင်းကြောင့် ဒီကားက ကားကောင်းတစ်ကားဖြစ်ခဲ့ပါတယ်။ ပြီးတော့ ကိုမျိုးမင်းက သူလိုချင်တာကို မမို့လုပ်ပေးလို့ ကျေးဇူးတင်တယ်ဆိုပြီး ပြောသေးတယ်။ မမို့ကတော့ ကိုယ့်အတွက် လုပ်ကွက်လေးလည်း ရတော့ ကိုမျိုးမင်းကို ကျေးဇူးတင်တယ်။ ဟာသသက်သက်ချည်းမဟုတ်ဘဲနဲ့ ဒရာမာလေး ချိုးပေးလိုက်တဲ့အခါကျတော့ လုပ်ကွက်လေး ကိုယ်က ရလိုက်တာပေါ့နော်။

**Voice: ရှေ့ကကားနဲ့ ဒီကားရဲ့ကြားမှာ ဘာတွေကွာခြားချက်ရှိမယ် ထင်မိလဲ။**

**MMMA:** ပထမကားမှာတော့ မိဘက သားသမီးအပေါ်ထားတဲ့မေတ္တာကို အခြေခံပြီး ဟာသသက်သက်ချည်း မရိုက်ဘဲ ဒရာမာလေးချိုးပေးထားတယ်။ ပြီးတော့ ပညာပေးလေးလည်းပါတယ်။ ဒီကားမှာလည်း မိဘက သားသမီးအပေါ်ထားတဲ့ မေတ္တာအပြင် အဘိုးအဘွားတွေကလည်း သူတို့ရဲ့အသက်အရွယ်နဲ့ ချစ်တတ်တယ် ဆိုတာကို ကိုမျိုးမင်းက ပေါ်လွင်အောင် ရိုက်ပြသွားတယ်။ အဲဒါလေးက အင်မတန်ကောင်းပါတယ်။ မမို့ကတော့ ကိုမျိုးမင်းကိုပဲ အဓိကထားပြီး ချီးကျူးချင်ပါတယ်။



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**Voice: စင်ပေါ်မှာ သင်္ကြန်ဇာတ်ဝင်ခန်းကို ရိုက်နေတဲ့အချိန် နောက်ကွယ်မှာ မျက်ရည်ကျခဲ့သေးတယ်လို့ သိရတယ်၊ ဘာကြောင့်လဲ။**

**MMMA:** ဟုတ်ပါတယ်။ အဲဒီ့နေ့က မမို့ရဲ့ဘဝမှာ ဒေါင့်တစ်ဒေါင့်အဖြစ် ထောက်ခဲ့တဲ့ မာမီဆန်ကို သင်္ဂြိုဟ်တဲ့နေ့ပါ။ မို့မို့မြင့်အောင်နဲ့ မိတ်ကပ်ဆန်နီဆိုတာ ခွဲလို့မရပါဘူး။ ဖြစ်ချင်တော့ မာမီဆန်ကို သင်္ဂြိုဟ်တဲ့နေ့မှာပဲ ဇာတ်ဝင်ခန်းကလည်း တည်မိရဲ့သားဖြစ်နေတယ်။ တစ်ဖွဲ့လုံးကလည်း အဲဒီ့အခန်းရိုက်ပြီးတာနဲ့ နောက်နေ့မှာ ချောင်းသာကို ကားရိုက်ထွက်ကြမှာဆိုတော့ မမို့က သင်္ဂြိုဟ်တာကိုလည်း သွားလို့မဖြစ်ဘူး။ ရိုက်ကွင်းမှာက ရေကစားမဏ္ဍပ်တွေရော ရေပက်ခံတဲ့ကားတွေအပြင် လူတွေကလည်း အများကြီးဆိုတော့ ကိုယ်က ထွက်လို့ အဆင်မပြေဘူးလေ။ ဒါပေမဲ့ ကိုယ့်ရဲ့ ဘဝအဖော်တစ်ယောက်ဆုံးတာဆိုတော့ ငိုရတာပေါ့။ ကိုယ်မသွားနိုင်တဲ့အခါကျတော့ ပိုဝမ်းနည်းတာပေါ့နော်။ ပြီးတော့ ဖုန်းဆက်လိုက်၊ သူတို့ကအခြေအနေပြောပြလိုက်၊ ကိုယ်က ငိုလိုက်၊ စင်ပေါ်တက်ပြီး ရိုက်လိုက်လုပ်ခဲ့ရတယ်။

**Voice: ပရိသတ်အတွက်ရော ကိုယ့်အတွက်ပါ ထူးခြားစေမယ့် ဇာတ်ကားတွေ ရိုက်ထားတာရှိရင် ပြောပေးပါဦး။**

**MMMA:** ဟုတ်ကဲ့ ရှိပါတယ်။ မမို့အနေနဲ့ ရှေ့မှာ ကလေးသူခိုးဂိုဏ်းခေါင်းဆောင်နေရာကနေ သရုပ်ဆောင်ထားတာလည်း ရှိတယ်။ ပြီးတော့ သရဲကားတွေ၊ မြွေဝင်စားကားတွေ ရိုက်ထားတာလည်း ရှိပါတယ်။

**Voice: နောက်ပိုင်းမှာ ဇာတ်တွေကို စိစစ်ရွေးချယ်ဖြစ်လား။**

**MMMA:** ဟာသကားလေးတွေတော့ နောက်ပိုင်းမှာ နည်းနည်းကျဲလာတယ်။ အဲဒါလေးကို မမို့က စိတ်ချမ်းသာတယ်။ ပရိသတ်ကလည်း ရာခိုင်နှုန်းက ငါးဆယ်၊ ငါးဆယ်စီပဲ။ တချို့ကျတော့ စိတ်ညစ်တာများတော့ ဟာသကားပဲ ကြည့်ချင်ကြတယ်။ တချို့ကျတော့လည်း ဟာသကားတွေများလာတော့ မကြည့်ချင်ကြတော့ဘူး။ အဲဒါကြောင့် မမို့တို့မှာ ရွေးချယ်ရတာ အင်မတန်ခက်ခဲပါတယ်။ ဒါပေမဲ့ မို့မို့မြင့်အောင်ပါရင်ပြီးရောဆိုတဲ့ ကားမျိုး မရိုက်ပါဘူး။ တကယ်ကို ကိုယ့်အတွက်လည်း လုပ်ကွက်လေးတစ်ကွက် ရှိပြီဆိုရင်တော့ ရိုက်ပါတယ်။

**Voice: လက်ရှိအချိန်အခါမှာ ကိုယ့်ရဲ့ခံစားမှုနဲ့အတူ ကိုယ်ရိုက်ချင်တဲ့ ဇာတ်လမ်းပုံစံတွေရှိလား။**

**MMMA:** မမို့ကတော့ ဟာသနဲ့ဒရာမာရောတဲ့ဇာတ်လေးတွေကို သိပ်ရိုက်ချင်တာပဲ။ ပရိုဂျူဆာတွေအနေနဲ့ လည်း ဟာသနဲ့ဒရာမာရော ရိုက်ထားတဲ့ဇာတ်ကားတွေကနေ ပိုက်ဆံရပြီဆိုရင် ရိုက်စေချင်ပါတယ်။

# တစ်လုံးချိုင့် ရုပ်ရှင်မှာ တစ်ဇွတ်ထိုး တစ်ဇောက်ကန်း ဇာတ်ရုပ်နဲ့ ပါဝင်သရုပ်ဆောင်မယ့် ထွန်းထွန်း

**ရန်ကုန်၊ မေ ၄**

ဒါရိုက်တာ သားညီနဲ့ ရိုက်ကူးရမယ့် တစ်လုံးချိုင့် ရုပ်ရှင်ဇာတ်ကားမှာ တစ်ဇွတ်ထိုး တစ်ဇောက်ကန်း လုပ်တတ်တဲ့ လူငယ်တစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ကြောင်း သရုပ်ဆောင် ထွန်းထွန်းက The Voice ကို ပြောကြားပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

“ဒီကားမှာ ကျွန်တော်က ငွေရှိတယ်။ ချမ်းသာတယ်။ ဒါပေမဲ့ ဘယ်အရာမဆို တစ်ဇွတ်ထိုး၊ တစ်ဇောက်ကန်း လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ပြင်ပလူနေမှု စရိုက်နဲ့ အကိုက်ညီဆုံး ဖြစ်အောင်၊ သဘာဝကျကျ သရုပ်ဆောင်နိုင်အောင် ကျွန်တော် ကြိုးစားသွားမှာပါ။ ဒါရိုက်တာ ကိုသားညီရဲ့ သင်ကြားမှု အတိုင်းပေါ့နော်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ဒါရိုက်တာ သားညီ ရိုက်ကူးပြီး သရုပ်ဆောင် မင်းမော်ကွန်း၊ ထွန်းထွန်း၊ စည်ဖြိုး၊ နေရဲနဲ့ အိချောပိုတို့ ပါဝင် သရုပ်ဆောင်မယ့် အခြေခံလူတန်းစား ဘဝသရုပ်ဖော် ‘တစ်လုံးချိုင့်’ ရုပ်ရှင်ဇာတ်ကားအတွက် ကန်တော့ပွဲ ပေးခြင်းကိုတော့ မေလ ၄ ရက်နေ့ နံနက်ပိုင်းက ရွှေတိဂုံဘုရား အောင်မြေမှာ ပြုလုပ်ခဲ့ပါတယ်။

သရုပ်ဆောင် ထွန်းထွန်းတို့မိသားစု တည်ထားကိုးကွယ်တဲ့ နဂါးရုံဘုရား၊ အနေကဇာတင် ရေစက်ချ အလှူတော်ပွဲကိုတော့ ဧပြီလ ၂၉ ရက်နေ့က ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စာဖြူကျေးရွာရှိ သာသနပါလဥပုသ်ကျောင်းမှာ ပြုလုပ်ခဲ့ပြီး We Love Tun Tun Group မှ ပရိသတ်အချို့လည်း တက်ရောက်ခဲ့ကြပါတယ်။

“မနှစ်ကတုန်းက မြောင်းမြဘက်မှာ ကျွန်တော်တို့ အလှူသွားလုပ်တယ်။ အကယ်ဒမီ အလှူလို့ ခေါင်းစဉ်တပ်ပါတယ်။ အကယ်ဒမီပွဲမတိုင်ခင်ကတည်းက ဘုရားလှူဖို့အတွက် ရည်စူးပြီးတော့ တည်ဆောက်နေခဲ့တာပေါ့။ ရေစက်ချအလှူပွဲကိုတော့ We Love အဖွဲ့ရဲ့ Admin တွေကနေ ရွေးချယ်ပေးတဲ့ ပရိသတ် ၁၅ ယောက် လောက် လိုက်ပါခဲ့တယ်။ ဒီအလှူက ကျွန်တော်တစ်ယောက်တည်းအလှူမဟုတ်ပါဘူး။ ကျွန်တော့်ကို အားပေးတဲ့ ၇ ရက်သားသမီး ပရိသတ်တွေရဲ့ အလှူလို့လည်း ပြောလို့ရပါတယ်” လို့ ထွန်းထွန်းက ပြောကြားပါတယ်။

# ရုပ်ရှင်ဥပဒေပေါ်ပေါက်လာပါက ဆင်ဆာအဖွဲ့ လိုအပ်တော့မည် မဟုတ်ဟု ဆို

**ရန်ကုန်၊ မေ ၄**

အနုပညာလောကသားတွေ မျှော်လင့်တောင့်တနေတဲ့ ရုပ်ရှင်ဥပဒေ ပေါ်ပေါက်လာပါက ဆင်ဆာအဖွဲ့လိုအပ်တော့မည် မဟုတ်ကြောင်း ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ရဲ့ဥက္ကဋ္ဌ ဖြစ်သူ ဦးမောင်ဖေက ပြောကြားပါတယ်။

“ရုပ်ရှင်ဥပဒေပေါ်လာရင် သူ့ရဲ့ပြစ်မှုနဲ့ ပြစ်ဒဏ်တွေက ပါလာမှာပဲ။ အဲ့ဒီကျရင် ကျွန်တော်တို့ ဆင်ဆာအဖွဲ့ လိုကို မလိုတော့ဘူး။ သူ့ဟာသူ တာဝန်ခံပြီး လုပ်ကြပေါ့။ တစ်ခုခု ဖြစ်လာရင် ဥပဒေအရ အရေးယူပေါ့။ ရုပ်ရှင်ဥပဒေမှာပါလာတဲ့ ဥပဒေအရ သွားပြီး တရားစွဲလို့ရတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

အနုပညာလောကသားတွေအနေနဲ့ ရုပ်ရှင်ဥပဒေ အမြန်ဆုံးပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးစေချင်ပြီး၊ ယင်းဥပဒေထွက်ပေါ်လာပါက ဇာတ်ကားတွေကို ဆင်ဆာအဖွဲ့က ဖြတ်တောက်တာမျိုးထက် အနုပညာရှင်တွေ ကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ သွားလို့ ရကြမှာဖြစ်ကြောင်း ဦးမောင်ဖေက ပြောကြားပါတယ်။

“လက်ရှိမှာတော့ ကျွန်တော်တို့က နည်းလမ်းနှစ်မျိုးနဲ့ သွားဖို့ စဉ်းစားထားတယ်။ ဇာတ်ကားတွေမှာ ကျွန်တော်တို့ဘက်က ထောက်ညွှန်တဲ့ ဟာတွေကို ဒါရိုက်တာနဲ့ ထုတ်လုပ်သူက တာဝန်ယူပါတယ်၊ တာဝန်ခံပါတယ်လို့ လက်မှတ်ရေးထိုးရင် ခွင့်ပြုပေးမှာရှိသလို၊ လုံးဝကို ဖြတ်တောက်ရမယ့် ဟာတွေကိုတော့ ဖြတ်ပါမယ်။ ဒါကို မကျေနပ်ရင်တော့ ဆက်ပြီး အယူခံဝင်လို့ရပါတယ်” လို့ ၎င်းကဆိုပါတယ်။

လက်ရှိ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကိုတော့ ဌာနဆိုင်ရာမှ အဖွဲ့ဝင် ၃ ဦး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အဖွဲ့ဝင် ၅ ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အဖွဲ့ဝင်တစ်ဦး၊ ပြင်ပပုဂ္ဂိုလ် ၃ ဦး၊ ပြင်ပပညာရှင် ၃ ဦး၊ စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

# နိုင်ငံရေး၊ ဘာသာရေးနဲ့ မောင်နဲ့နှမ၊ သားနဲ့ အမိ ကြည့်လို့ မသင့်တော်တဲ့ အကြောင်းအရာတွေကလွဲရင် ကျန်တာတွေကို ဆင်ဆာမဖြတ်သင့်ပါဘူးဆိုတဲ့ ပြေတီဦး

**ရန်ကုန်၊ မေ ၄**

ဆင်ဆာအဖွဲ့အနေနဲ့ နိုင်ငံရေး၊ ဘာသာရေးနဲ့ မောင်နဲ့နှမ၊ သားနဲ့အမိကြည့်လို့ မသင့်တော်တဲ့ အကြောင်းအရာတွေက လွဲရင် ကျန်တာတွေကို ဆင်ဆာမဖြတ်သင့်ပါဘူးလို့ နာမည်ကျော် သရုပ်ဆောင် ပြေတီဦးက The Voice ကို ပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

"အဲ့ဒီအကြောင်းအရာသုံးခုက လွဲရင် ကျန်တာတွေကို ဆင်ဆာမဖြတ်သင့်ဘူး။ ဒီအပေါ်မှာ ဒါရိုက်တာနဲ့ ထုတ်လုပ်သူက အပြည့်အဝ တာဝန်ယူရမယ်။ သိပ်လွန်လာတဲ့သူတွေရှိလို့ရှင် ပရိသတ်က ဒဏ်ခတ်လိမ့်မယ်။ ဒီလိုပဲ သွားရမှာလေ။ နှင့်မို့ဆိုရင် မလိုလားအပ်တဲ့ ဆင်ဆာဖြတ်တောက်မှုတွေကြောင့် ကျွန်တော်တို့အလုပ်လုပ်ရတာ သိပ်ဒုက္ခရောက်ပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

လက်ရှိဆင်ဆာအဖွဲ့အနေနဲ့ အနုပညာလောကသားအချို့နဲ့ တွေ့ဆုံညှိနှိုင်းအပြီးမှာ ဇာတ်ကားတွေကို ထုတ်လုပ်သူနဲ့ ဒါရိုက်တာရဲ့ တာဝန်ယူမှု တာဝန်ခံမှုနဲ့ လက်မှတ်ရေးထိုးပြီး ဖြန့်ချိခွင့်ပေးမယ်လို့ ကြားသိရတဲ့အပေါ် မှာတော့ ကိုယ့်အနုပညာလောကအတွက် ဝမ်းလည်းသာသလို၊ ကြိုလည်းကြိုဆိုကြောင်း သရုပ်ဆောင် ပြေတီဦးက ပြောကြားပါတယ်။

"ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဦးဇင်ဝိုင်း တာဝန်ယူတဲ့လက်ထက်မှာကတည်းက ကျွန်တော် ပြောခဲ့တာပါ။ ဇာတ်ကားတွေကို ဖြန့်တဲ့အခါမှာ ဒါရိုက်တာနဲ့ ထုတ်လုပ်သူက တာဝန်ယူသင့်တယ်။ ဒီလိုတာဝန်ယူမှုလည်း ဆင်ဆာအဖွဲ့က ခွင့်ပြုပေးလို့ရမယ်။ ဒီဘက်က တာဝန်ယူမှု တာဝန်ခံမှုမရှိဘဲနဲ့ ဆင်ဆာက ခွင့်ပြုပေးလိုက်မယ်ဆိုရင် ကိစ္စတစ်ခုခုဖြစ်လာရင် ဘယ်သူက တာဝန်ယူမှာလဲဆိုတဲ့အပိုင်းမှာ စကားတွေအများကြီး ပြောရမှာလေ" လို့ ၎င်းက ဆိုပါတယ်။

# သားငယ် မရိုက်ဖြစ်တဲ့ 'မကြာမီမျှော်' ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်မယ့် ဇင်ကြီး

**ရန်ကုန်၊ မေ ၄**


ဓာတ်ပုံ- ဝင်းထွန်းနိုင်

Myanmar Idol သီချင်းဆိုပြိုင်ပွဲ Season 2 ရဲ့ Winner ဆုရှင် သားငယ် မရိုက်ဖြစ်တဲ့ 'မကြာမီ မျှော်' ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင် သွားဖို့ရှိကြောင်း တေးသံရှင် ဇင်ကြီး( Myanmar Idol Season 2 ) က The Voice ကို ပြောကြားပါတယ်။

"Myanmar Idol က တာဝန်ရှိသူတွေက တစ်ဆင့် ရိုက်ကူးပေးဖို့ ကမ်းလှမ်းလာခဲ့တာပါ။ ဒီကားက ပထမတုန်းက သားငယ်နဲ့ ရိုက်ဖို့ပါပဲ။ ဒါပေမဲ့ သူ မအားတာနဲ့ ကျွန်တော်နဲ့ ရိုက်ဖြစ်သွားတယ်ပေါ့နော်။ ဒီကားက ကျွန်တော့်ရဲ့ ပထမဆုံး ဇာတ်ကားဖြစ်တဲ့အတွက် အကောင်းဆုံးလည်း ကြိုးစားပါမယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

သရုပ်ဆောင်အလုပ်နဲ့ ဂီတအလုပ်က အနုပညာနယ်ပယ်ချင်း ဆက်စပ်မှုရှိတဲ့အတွက် ကြိုးစား ကြည့်ချင်တဲ့ သဘောမျိုး ဖြစ်ပြီး၊ နောက်ထပ် ဇာတ်ကားတွေ ဆက်ရိုက်ဖို့ ရှိမရှိဆိုတာကတော့ 'မကြာမီမျှော်' ဇာတ်ကား ကို ပရိသတ်တွေရဲ့အားပေးမှု ရလဒ်အပေါ် မူတည်ကြောင်း ဇင်ကြီးက ပြောကြားပါတယ်။

"ဂီတက ကျွန်တော် ရွေးချယ်ထားတဲ့ အဓိက လမ်းကြောင်းဖြစ်တဲ့အတွက် သေချာ ဆက်လုပ်သွားမှာပါ။ လော လောဆယ်မှာတော့ တစ်ကိုယ်တော်ခွေအတွက် သီချင်းတွေစုနေပါတယ်။ ခွေထွက်ဖို့ကတော့ နည်းနည်းလေး အချိန်ယူရပါဦးမယ်။ သရုပ်ဆောင်အလုပ်ကတော့ အခွင့်အရေးရရင် ရသလို ဆက်လုပ်သွားမှာပါ" လို့ ၎င်းက ဆိုပါတယ်။

အိန္ဒိယဒါရိုက်တာ Mr.J . Krishina Murithy ရိုက်ကူးမယ့် 'မကြာမီမျှော်' ရုပ်ရှင်မှာတော့ သရုပ်ဆောင် ဝေဠုကျော်၊ သူထူးစံ၊ နေနေ၁်၊ ဇင်ကြီး၊ အေးမြတ်သူ၊ မေဘရဏီသော်တို့က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး၊ မြဝတီနဲ့ မဲဆောက်မြို့တို့မှာ သွားရောက်ရိုက်ကူးမှာဖြစ်ပါတယ်။

# ရုံမတင်ခင်ကတည်းက ပြည်ပနိုင်ငံ ၈၅ နိုင်ငံကို ရောင်းချနိုင်ခဲ့တဲ့ ကိုရီးယားရုပ်ရှင် 'The Merciless'

**ဆိုးလ်၊ မေ ၄**

ကိုရီးယားနိုင်ငံမှာ မေလ ၁၈ ရက်နေ့မှာ စတင်ရုံတင်ပြသသွားဖို့ရှိတဲ့ The Merciless ရုပ်ရှင် ဇာတ်ကားကို နိုင်ငံအတွင်းမှာ ရုံတင်မပြသရသေးခင်မှာပဲ ပြည်ပနိုင်ငံ ၈၅ နိုင်ငံကို ကြိုတင်ရောင်းချနိုင်ခဲ့ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။



ဝါရင့် သရုပ်ဆောင် Seol Kyung Gu နဲ့ Im Si Wan တို့ အဓိကပါဝင်သရုပ်ဆောင်ထားတဲ့ The Merciless ရုပ်ရှင် ဇာတ်ကားကို မေလ ၁၇ ရက်နေ့မှာ ပြင်သစ်နိုင်ငံမှာ ကျင်းပသွားမယ့် အကြိမ် ၇၀ မြောက် ကိန်းစ် ရုပ်ရှင်ပွဲတော်မှာလည်း ပြသပေးသွားမှာ ဖြစ်ပါတယ်။

"ပြည်ပနိုင်ငံတွေက ဇာတ်ကားဝယ်ယူသူတွေဆီကနေပြီး The Merciless ဇာတ်ကားအတွက် စုံစမ်းမေးမြန်းမှုတွေရရှိထားပါတယ်။ ဒီဇာတ်ကားကို ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ ပါဝင်ပြသပေးဖို့ ဖိတ်ကြားခံရပြီးကတည်းက နိုင်ငံတကာက စိတ်ပါဝင်စားမှုတွေ မြင့်တက်လာတဲ့အတွက် ကိန်းစ်ရုပ်ရှင်ဈေးကွက်မှာလည်း ထပ်မံ ရောင်းချနိုင်ဖို့ မျှော်လင့်ပါတယ်" လို့ ဇာတ်ကားကို ထုတ်လုပ်တဲ့ CJ E&M ကုမ္ပဏီမှ ပြည်ပဈေးကွက်တွေကို ဖြန့်ချိရေးအပိုင်းကို တာဝန်ယူထားတဲ့ Choi Yoon hee က ပြောကြားပါတယ်။

ဒါရိုက်တာ Byun Sung Hyun ရိုက်ကူးတဲ့ The Merciless ရုပ်ရှင် ဇာတ်ကားက ထောင်ကနေ ထွက်လာပြီးတဲ့နောက်မှာ ဒုစရိုက်ဂိုဏ်းတစ်ခုရဲ့ခေါင်းဆောင်နေရာကို ရယူဖို့ ကြံရွယ်ကြိုးစားနေတဲ့ Jae Ho နဲ့ ရဲဝံ့ စွန့်စားပြီး ထက်မြက်တက်ကြွတဲ့ ဂိုဏ်းသားအသစ် Hyeon Su တို့ရဲ့ ခင်မင်မှုသံယောဇဉ်နဲ့ သစ္စာဖောက်မှုတွေအကြောင်းကို ပုံဖော်ရိုက်ကူးထားတာဖြစ်ပါတယ်။

# ဇနီးသည်ကြောင့် ကိုယ်ချင်းစာနာတတ်သူတစ်ဦး ဖြစ်လာခဲ့သည်ဟု ရိုင်ယန်ရိန်းနိုး ချီးကျူး



သရုပ်ဆောင် ရိုင်ယန်ရိန်းနိုးက သူ့ကို ကိုယ်ချင်းစာနာ နားလည်ပေးတတ်သူတစ်ဦး ဖြစ်လာစေဖို့ ဇနီးသည် ဘလိတ်ခ်လိုက် ဗလီက သင်ကြားပေးခဲ့ခြင်း ဖြစ်တယ်လို့ ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။

Deadpool ဇာတ်ကားမှာ ပရိသတ်ရဲ့ နှစ်ခြိုက်မှုကို ရရှိထားတဲ့ သရုပ်ဆောင် ရိုင်ယန်ဟာ သရုပ်ဆောင်လုပ်ငန်းကိုပဲ လုပ်ကိုင်တဲ့ ဇနီးသည်နဲ့အတူ Met Gala အခမ်းအနားကို အတူတက်ရောက်လာတာ ဖြစ်ပါတယ်။

အသက် ၄၀ အရွယ် ရိုင်ယန်နဲ့ ဇနီးသည်တို့ဟာ ပွဲတက်ဝတ်စုံ စတိုင်ကျနမှုကြောင့် အများရဲ့ အာရုံစိုက်နှစ်ခြိုက်မှုကို ရခဲ့သည့်သာမက မီဒီယာသမားတွေနဲ့လည်း တွေ့ဆုံစကားပြောခဲ့ပါသေးတယ်။

"ကျွန်တော့်ဇနီးဟာ အမြဲတမ်း ကိုယ်ချင်းစာတရားနဲ့ တုံ့ပြန်ပြောဆိုလေ့ရှိပါတယ်" လို့ ရိုင်ယန်က ပြောခဲ့ပါတယ်။

ဇနီးသည်ကြောင့်သာလျှင် သူဟာ သူတစ်ပါးကို ကိုယ်ချင်းစာနာတတ်သူတစ်ဦးဖြစ်လာတာပါလို့ ရိုင်ယန်က ဆိုပါသေးတယ်။ ရိုင်ယန်ရိန်းနိုးတို့ စုံတွဲဟာ ၂၀၁၂ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး သမီးလေးနှစ်ဦး ထွန်းကားထားပါတယ်။ သူ့ဇနီးကြောင့် မတည့်တဲ့ ဖခင်နဲ့လည်း ပြန်လည်အဆင်ပြေသွားခဲ့ပါတယ်လို့ ရိုင်ယန်ရိန်းနိုးက ဖွင့်ဟပြောခဲ့ပါသေးတယ်။ **F-02**

# လာမည့် နှစ် ၁၀၀ အတွင်း ကမ္ဘာမြေက ထွက်ခွာသင့်ကြောင်း စတီဖင် ဟော့ကင်း သတိပေး

**လန်ဒန်၊ မေ ၄**



ကမ္ဘာမြေပေါ်တွင် လက်ရှိနေထိုင်နေကြသည့် လူသားများ မျိုးမသုဉ်းချင်လျှင် လာမည့် နှစ် ၁၀၀ အတွင်း ကမ္ဘာမြေကြီးကို စွန့်ခွာသွားသင့်ကြောင့်ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းကပြောကြားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ထင်ရှားသည့် သီအိုရီရူပဗေဒပညာရှင် ဟော့ကင်းက ကမ္ဘာမြေပေါ်တွင် နေထိုင်လျက်ရှိကြသော လူသားများ အနေနှင့် သဘာဝဘေးဒဏ်များဖြစ်သည့် ကောင်းကင်ပေါ်မှ ကျလာသော ဂြိုဟ်ပဲ့ကြီးများဒဏ်၊ ကူးစက်ရောဂါ များကြောင့် သေဆုံးရမည့်ဒဏ်၊ လူဦးရေ အဆမတန် သိပ်သည်းလာခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းများကြောင့် မျိုးသုဉ်းပျောက်ကွယ်သွားမည်ဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်ထားရန် သတိပေးခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လာမည့် ရာစုသစ်တစ်ခုကာလတွင် ကမ္ဘာမြေကြီးသည် နေထိုင်ချင်စရာမကောင်းသည့် အနေအထားသို့ ရောက်လာနိုင်သဖြင့် ဟော့ကင်းက လူသားတို့ နေထိုင်နိုင်မည့် အခြားသော ဂြိုဟ်သစ်တစ်လုံးကို ရှာဖွေကာ ပြောင်းရွှေ့နေထိုင်ကြရန် သတိပေးထားပြီးဖြစ်သည်။

ဇွန်လတွင် ဘီဘီစီရုပ်သံက ထုတ်လွှင့်မည့် အနာဂတ်ကမ္ဘာဆိုသော ကဏ္ဍ၌ ပါမောက္ခ ဟော့ကင်းသည် မှတ်တမ်းအစီအစဉ်သစ်တစ်ခုဖြစ်သော Expedition New Earth ၌ ပါဝင်ပြီး အာကာသထဲတွင် နေရာ သစ်ရှာဖွေနေထိုင်ခြင်းအကြောင်းများကို တင်ဆက်မည်ဖြစ်ကြောင်း Reuters တွင် ရေးသားထားသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလကတည်းက ဟော့ကင်းသည် လာမည့်နှစ်ပေါင်း ၁၀၀၀ အတွင်း ကမ္ဘာကြီး ပျောက်ကွယ် ပျက်စီးတော့မည့်အကြောင်းကို ကြိုတင်နိမိတ်ဖတ်ထားပြီး လူသားမျိုးဆက်ကို တည်ကျန်နေစေချင်လျှင် အခြားဂြိုဟ်သစ်တစ်ခုကို ရှာဖွေပြီး သွားနေရန်မှတစ်ပါး အခြားနည်းလမ်းမရှိကြောင်း ပြောပြ ထားပြီးဖြစ်သည်။

ဟော့ကင်းက တစ်နေ့တွင် Big Bang ဟုခေါ်သည့် မဟာစကြဝဠာကြီး ပေါက်ကွဲမှုဖြစ်လာပြီးနောက် ကြီးမား ပြင်းထန်သော ဆွဲအားလှိုင်းကြီးများ ပေါ်ပေါက်လာနိုင်မှုနှင့် ယင်း၏ သက်ရောက်မှုများကိုလည်း သီအိုရီအရ ဖော်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဟော့ကင်းသည် Virgin ကုမ္ပဏီမှ သူဌေး ရစ်ချတ် ဘရန်ဆန်စီစဉ်ပေးသော အာကာသယာဉ်ဖြင့် အာကာသအတွင်း ခရီးထွက်ရန်အတွက် လေ့ကျင့်ခန်းများဆင်းရန် ပြင်ဆင်နေကြောင်း၊ သူ့အနေနှင့် အာကာသအတွင်း နယ်ပယ်သစ်ရှာဖွေရေးကို ကူညီပေးသွားရန် အသင့်ရှိနေကြောင်း ပြောကြားသည်။ ■

---

# မောင်းသူမဲ့ လျှပ်စစ်ဘတ်စ်ကား ၂၀၁၉ တွင် အမေရိကန်ပြည်ထောင်စု၌ ပြေးဆွဲမည်

**ဝါရှင်တန်၊ မေ ၄**



မောင်းသူမဲ့ တက္ကစီကားများ ပေါ်ထွန်းလာရေးကို အပြိုင်အဆိုင် ကြိုးပမ်းနေသည့်ကာလတွင် အမေရိကန် ပြည်ထောင်စု၊ ကော်လိုရာဒိုပြည်နယ်မှ အီလက်ထရစ် ဘတ်စ်ကားကုမ္ပဏီတစ်ခုက ၂၀၁၉ ခုနှစ်တွင် မောင်းသူမဲ့ လျှပ်စစ်ဘတ်စ်ကားများကို ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

Proterra ဟု အမည်ပေးထားသော ကုမ္ပဏီက အများပြည်သူပိုင် လမ်းများပေါ်တွင် ၂၀၁၉ ခုနှစ်က စတင်ကာ မိမိတို့ လျှပ်စစ်ကားများကို တွေ့မြင်စေရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိအနေအထားတွင် ကုမ္ပဏီအနေနှင့် နီဗားဒါးပြည်နယ်အတွင်း လမ်းများပေါ်တွင် စမ်းသပ်ဘတ်စ်ကားများကို ပြေးဆွဲကာ ဒေတာများကို ကောက်ယူလျက်ရှိပြီး၊ မောင်းသူမဲ့အစီအစဉ်ဖြင့် ပြေးဆွဲပါက ဖြစ်ပေါ်လာ နိုင်မည့် အခက်အခဲများကို ဆန်းစစ်လျက်ရှိသည်။

Proterra ကုမ္ပဏီသည် ၂၀၀၉ ခုနှစ်ကတည်းက အီလက်ထရစ် ဘတ်စ်ကားများကို တီထွင်ထုတ်လုပ် ရောင်းချနေသော နာမည်ကျော်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ လျှပ်စစ် ဓာတ်အားကို တစ်ကြိမ်အားသွင်းထားပြီးလျှင် မိုင် ၃၅၀ အထိ ပြေးဆွဲနိုင်သည့် ဘတ်စ်ကားများကို ထုတ်လုပ်ပြီးဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမြောက်ပိုင်းတစ်လျှောက်တွင် Proterra ကုမ္ပဏီသည် မိုင်ပေါင်း ၂ ဒသမ ၅ သန်း ကျော်ကို ပြေးဆွဲပေးနေရသည့် လုပ်ငန်းအတွေ့အကြုံများဖြင့် မောင်းသူမဲ့ ဘတ်စ်ကားများကို အန္တရာယ် အကင်းဆုံးဖြစ်စေရန် တီထွင်သွားမည်ဖြစ်ကြောင်း USA Today တွင် ရေးသားထားသည်။

ယခုထုတ်လုပ်မည့် မောင်းသူမဲ့ ဘတ်စ်ကားများတွင် ဆင်ဆာစနစ်များ၊ ကင်မရာများ၊ လေဆာရောင်ခြည် စနစ်သုံး Vision lidar နည်းပညာများကို တပ်ဆင်ထားပြီး၊ လက်ရှိမောင်းသူမဲ့ ကားများတွင် အသုံးပြုနေကြသည့် စနစ်အတိုင်းပင်ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ယခုပရိုဂျက်အတွက် Proterra ကုမ္ပဏီသည် Nevada တက္ကသိုလ်မှ ပညာရှင်အဖွဲ့တစ်ဖွဲ့နှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ မကြာသောကာလတွင် မြို့ပြ၌ အီလက်ထရစ်ကားများသည် ထူးခြားဆန်းပြားသော သဘောမဆောင်ဘဲ နေ့စဉ်ပုံမှန်ပြေးဆွဲနေသော ကားများဖြစ်လာနိုင်ကြောင်း ကုမ္ပဏီ စီအီးအို ရိုင်ယန် ပေါ့ပဲက ဆိုသည်။ ■

---

## NEWS IN BRIEF

### ၂၀၁၇ ပထမသုံးလအတွင်း Facebook ဝင်ငွေ ဒေါ်လာ ၈ ဘီလီယံကျော်ရရှိ

Facebook သည် သုံးစွဲသူများကို အခမဲ့ ခွင့်ပြုထားသည်ဆိုသော်လည်း လူတစ်ဦးချင်းထံမှ ၄ ဒသမ ၈၃ ဒေါ်လာနှုန်းခန့် အကျိုးအမြတ်ပြန်ရကာ ပထမသုံးလပတ်အတွင်း အမြတ်ဝင်ငွေ ဒေါ်လာ ၈ ဒသမ ၀၃ ဘီလီယံ အထိ ဝင်ငွေကောင်းခဲ့ကြောင်း CNBC သတင်းတွင်ဖော်ပြထားသည်။

Facebook သည် Instagram, WhatsApp နှင့် Messenger ဆိုသည့် အခြားသော ဆော့ဖ်ဝဲများကိုလည်း ထူထောင်ထားပြီး ယင်းတို့အားလုံးနှင့် ဆက်စပ်နေသော ကြော်ငြာများကတစ်ဆင့် ပြန်ဝင်နေသည့် ဝင်ငွေမှာ အခမဲ့သုံးခွင့်ပြုထားခြင်းများထက် ပိုပြီး အကျိုးများလျက်ရှိသည်။

ကမ္ဘာ့လုပ်ငန်း သန်း ၇၀ ကျော်သည် လစဉ် Facebook နှင့်ဆက်စပ်ကာ ကြော်ငြာနေကြရပြီး၊ နေ့စဉ် Facebook ပေါ်တွင် ကြော်ငြာနေကြသော လုပ်ငန်းကြီးပေါင်း ၅ သန်းကျော်ရှိကြောင်း Facebook ကထုတ်ပြန် ကြေညာထားသည်။ ■

### အမေရိကန်ပြည်ထောင်စုတွင် Uber ကားများကို မူးယစ်ဆေးသယ်ဆောင်ရာ၌ အသုံးပြု

အမေရိကန်ပြည်ထောင်စု၊ ဘရောင့်စ်အရပ်၊ မက်ဟန်တန်တွင် မူးယစ်ဆေးရောင်းဝယ်ဖြန့်ချိသူများသည် Uber ကားများကို အသုံးပြုလျက်ရှိကြောင်း PIX II ရုပ်သံသတင်းတွင်ဖော်ပြထားသည်။

Uber တက္ကစီယာဉ်မောင်းများအဖြစ် ဟန်ဆောင်ထားသော မူးယစ်ဆေးရောင်းဝယ်သူများကို ရဲတပ်ဖွဲ့က ရှောင်တခင် စစ်ဆေးပြီး ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးမျိုးစုံအပြင်၊ ငွေများကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

မေလ ၂ ရက်နေ့က Uber တက္ကစီများဖြင့် လှည့်လည်ပြီး မူးယစ်ဆေးများသယ်ဆောင်ရောင်းချနေသော ကား ၅ စီးကို ဖမ်းဆီးရမိပြီးနောက် ဆက်စပ်နေသော သုံးစွဲသူ ၁၀၀ ခန့်ကိုလည်း လိုက်လံဖော်ထုတ်ဖမ်းဆီးနေ ကြောင်း PIX II ရုပ်သံလိုင်းသတင်းကဆိုသည်။ ■

### Broadband အင်တာနက်လိုင်းများတိုးချဲ့ခွင့် SpaceX ကုမ္ပဏီကိုခွင့်ပြု

Broadband အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်စေရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် SpaceX ကုမ္ပဏီကို ခွင့်ပြုခဲ့ရာ Falcon 9 ဒုံးပျံများဖြင့် ထောင်ပေါင်းများစွာသော ဂြိုဟ်တုများကို အာကာသ အတွင်းစေလွှတ်ပြီး ၂၀၁၉ တွင် စတင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာကိုလှည့်ပတ်နေမည့်ဂြိုဟ်တုအလုံးပေါင်း ၄၄၂၅ လုံးကို အာကာသအတွင်း လွှတ်တင်ထားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်မှစတင်ကာ မြန်နှုန်းမြင့် အင်တာနက်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြီးပြည့်စုံသော အဆင့်ကိုရောက်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

SpaceX ကုမ္ပဏီသို့ အင်တာနက်မြန်နှုန်းမြင့် ဂြိုဟ်တုများ စေလွှတ်ရေးအတွက် ကမ္ဘာကျော် Google နှင့် Fidelity ကုမ္ပဏီတို့သည် ဒေါ်လာ ၁ ဘီလီယံ မြှုပ်နှံထားကြောင်း USA Today တွင် ရေးသားထားသည်။ ■

### ၂၀၂၀ ပြည့်နှစ်တွင် တစ်နာရီ ၃၇၃ မိုင်နှုန်းမောင်းနှင်မည့် ကျည်ဆန်ရထားများ ပြေးဆွဲမည်

တရုတ်နိုင်ငံသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တစ်နာရီ ၃၇၃ မိုင်နှုန်းဖြင့် မောင်းနှင်နိုင်မည့် ကျည်ဆန်ရထား များကို ထုတ်လုပ်ပြေးဆွဲရန် ပြင်ဆင်လျက်ရှိကြောင်း China Daily သတင်းတွင် ဖော်ပြထားသည်။

နယ်စပ်ဒေသများကို ဖြတ်ကျော်ကာ နိုင်ငံတကာနှင့် ဆက်သွယ်ပြေးဆွဲနိုင်မည့် အမြန်ဆုံးရထားများကို ထုတ်လုပ်ပြေးဆွဲရန် ရည်ရွယ်ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလုပ်ငန်းများဘက်က ကြံဆောင်သွားရန် ရည်ရွယ်ထားကြောင်း ယင်းသတင်းကဆိုသည်။

ပထမဆုံးအနေနှင့် ဘေဂျင်းမှ ရှန်ဟိုင်းအထိ ပြေးဆွဲရန် ရည်ရွယ်ထားပြီး ထိုခရီးကို ၂ နာရီအရောက် ပို့ဆောင်ပေးရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ■

### အကိုက်အခဲပျောက်ဆေးသောက်ခြင်းထက် ဘီယာသောက်ခြင်းက ပိုကောင်းဟုဆို

တစ်နေ့လျှင် ဘီယာ နှစ်ပိုင့်ခန့် သောက်သုံးပေးခြင်းသည် အကိုက်အခဲပျောက်ဆေးများကိုသောက်သုံးခြင်း ထက် ပိုပြီးထိရောက်မှုရှိကြောင်း Greenwich တက္ကသိုလ်မှ ပညာရှင်များ၏ ထုတ်ဖော်ပြောကြားချက်ကို International Business Times သတင်းတွင် ဖော်ပြထားသည်။

ယင်းတက္ကသိုလ်မှ ပညာရှင်များက ဘီယာတွင် ပါဝင်သည် အယ်လ်ကိုဟောဓာတ်သည် ကိုယ်ခန္ဓာတွင် ဖြစ်ပေါ်လာသည့် အကိုက်အခဲများကို သုံးပုံတစ်ပုံခန့် လျှော့ကျစေနိုင်ကြောင်းပြောကြားသည်။

သိပ္ပံပညာရှင်များသည် လူပေါင်း ၄၀၄ ဦး၏ ဘီယာသောက်သုံးမှုနှင့် ခံစားနေရသည့် ကိုက်ခဲမှုများကို သုတေသန ပြုခဲ့ကြပြီးနောက် ဘီယာတွင် ပါဝင်သည့် အယ်လ်ကိုဟောက ကိုက်ခဲမှုကို လျော့ကျစေရုံမက ဦးနှောက်အတွင်း ဖြစ်ပေါ်သည့် စိုးရိမ်သောကကိုလည်း လျှော့ချပေးနိုင်သည်ဟုဆိုသည်။ ■

# အရိုးအသားအတွက် အသက်စွန့်နေရသူများ



ADD International

**ကျော်ဗလ**

မာလာဝီနိုင်ငံတွင် လူမည်းဖြစ်သော်လည်း တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူကာ မွေးလာသည့် ကလေးများရှိနေသည်။ ထိုကလေးများ၏ ဘဝမှာမွေးလာကတည်းက စိုးရိမ်စရာဖြစ်သည်။ မိဘများကလည်း ထိုကလေးများကို မွေးလာသည်ဆိုလျှင် မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်နေကြရသည်။

လွန်ခဲ့သော ၂ နှစ်ခန့်ကတည်းက မာလာဝီနိုင်ငံတွင် Albino ဟုခေါ်သော လူမည်းက မွေးလာသည့် လူဖြူလေး ပေါင်း ၁၁၅ ဦးကို တိုက်ခိုက်ခြင်းခံခဲ့ရသည်။ အနည်းဆုံး ၂၀ ခန့် သေဆုံးခဲ့ကြရသည်။ အသက်ရှင် ကျန်သူများမှာလည်း အချို့မှာ ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာများရနေကြသည့်အပြင် စိတ်ဒဏ်ရာရနေသူများ လည်း ရှိနေကြသည်။

Albinism ဆိုသည့် သဘောမှာ ပုံမှန်အတိုင်း သွေးရိုးသားရိုးဖြင့် ဖြစ်ရိုးဖြစ်စဉ်အတိုင်း မွေးဖွားလာသူများဟု မဆိုနိုင်ပေ။ သူတို့သည် အသားအရောင်က အဖြူရောင်၊ ဆံပင်ကအစ ဖြူကြောင်ကြောင်များဖြစ်နေသည်။ သူတို့ အသားအရောင်က ဆေးဆိုးထားသလို၊ လူမည်းအုပ်စုအတွင်း ထူးခြားသော ကလေးများအဖြစ် မွေးဖွား လာကြသူများဖြစ်သည်။

သူတို့ အဘယ်ကြောင့် အမဲလိုက်သလို လိုက်လံဖမ်းဆီးပြီး အသတ်ခံနေကြရသနည်း။ တစ်နည်းပြောရလျှင် အယ်လ်ဘီနိုလေးတွေက ဈေးကွက်တစ်ခုလိုဖြစ်နေသည်။ သူတို့ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ဈေးကောင်းပေးကာ ဝယ်နေကြသည့် မှောင်ခိုဈေးကွက်တစ်ခု ရှိနေသည်။ သူတို့ကို တိုင်းရင်းဆေးဆရာများ၊ အောက်လမ်း ပညာရှင်များက ကံကောင်းခြင်း အထိမ်းအမှတ်အနေနှင့် ယူဆထားသလို၊ ရောဂါဆိုးများကိုလည်း သူတို့ အရိုး၊ အရေ၊ အသားများဖြင့် ကုစားနိုင်သည်ဆိုသော ယူဆချက်များ ရှိနေသောကြောင့် လိုက်လံဖမ်းဆီးပြီး ရောင်းစား နေကြခြင်းဖြစ်သည်။

အာဖရိကတိုက်တွင် ထိုသို့သော အယူအဆများနှင့် အတွေးအခေါ်များကြား၌ အယ်လ်ဘီနိုလေးများသည် သားကောင်လေးများ ဖြစ်နေကြရသည်။

၂၀၁၆ ခုနှစ် ဧပြီလက ဖြစ်သည်။ ပူနွေးခြောက်သွေ့သည့်နေ့တွင် အသက် ၁၇ နှစ်အရွယ် ဒေးဗစ်ဖလက်ချာဆိုသူသည် စိတ်ဆိုးပြီး ဒေါသတွေ ထွက်နေသည်။ သူက ကျောင်းဘောလုံးပွဲကို သွားကြည့်ချင်နေသော်လည်း မိဘများ၏ ပြောင်းခင်းထဲတွင် အကူအညီပေးနေရသည်။ နောက်ဆုံး သူ့မိဘတွေက သားဖြစ်သူကိုအလျှော့ပေးပြီး ဘောလုံးပွဲကို လွှတ်လိုက်ရတော့သည်။

ညနေခင်းတွင် ဒေးဗစ်တစ်ယောက် အိမ်ပြန်ရောက်မလာတော့ပေ။ သူတို့ရွာထဲအနှံ့ သူ့ကိုလိုက်ရှာကြသည်။ ဘယ်မှာမှ ရှာ၍မတွေ့ခဲ့ကြပေ။ သူတို့ရဲစခန်းသွားပြီး သားပျောက်ကိုတိုင်ကြသည်။ တစ်ပတ်ခန့်အကြာတွင် ရဲစခန်းက ဒေးဗစ်မိဘများထံရောက်လာသည်။ ဒေးဗစ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို အပိုင်းပိုင်း ဖြတ်တောက်ခြင်း ခံထားရသည့်အတိုင်း အိမ်နီးချင်း မိုဇမ်ဘစ်နိုင်ငံအနီးတွင် တွေ့ကြရသည်။ ဒေးဗစ်အလောင်းက သူတို့ရွာနှင့် ကီလိုမီတာ ၈၀ ကွာဝေးသည့်နေရာကို ရောက်နေခြင်းဖြစ်သည်။ သူ့အလောင်းက အစိတ်အပိုင်းတွေ မစုံတော့။ မိဘတွေကို အလောင်းအား မည်သို့လုပ်ချင်သနည်းဟု လာမေးကြခြင်းဖြစ်သည်။

"သူသေသွားပါပြီ။ အလောင်းကို ပြန်ယူလို့ကလည်း အကျိုးမရှိတော့ပါဘူး။ ကျွန်တော်တို့အတွက်ကတော့ တန်ဖိုး မဖြတ်နိုင်လောက်အောင် ဆုံးရှုံးခဲ့ရတာပါပဲ" ဟု အသက် ၆၅ နှစ်အရွယ် ဒေးဗစ်၏ ဖခင် မာချင်ဂျီရီက ဆိုသည်။ မိခင်ဖြစ်သူ လိုကီချီကလည်း

"ကျွန်မသားလေးဟာ ဆိတ်တစ်ကောင်ကို ဈေးထဲမှာ ခုတ်ဖြတ်အသတ်ခံရသလို အသတ်ခံရလိုက်တာပါပဲ။ သူ့တစ်ကိုယ်လုံးကို အပိုင်းပိုင်းဖြတ်ထားတယ်။ အရိုးတွေကအစ ခုတ်ဖြတ်ယူသွားကြတယ်။ အလောင်းကို တွင်းတိမ်တိမ်လေးထဲ မြှုပ်ထားလို့ ကျွန်မတို့ သိကြရတာ" ဟုဆိုသည်။

ဒေးဗစ်ကို ၁၉၉၉ ခုနှစ်က မွေးဖွားခဲ့ခြင်းဖြစ်သည်။ မွေးချင်း သားသမီး ငါးယောက်အနက်၊ လေးယောက်မြောက် သားဖြစ်ပြီး ထူးခြားသည်မှာ အဖြူလေးအဖြစ် မွေးဖွားလာခြင်းဖြစ်သည်။

"သူမွေးလာတော့ ကျွန်မအံ့အားသင့်သွားတယ်။ အစပိုင်းကတော့ အဖြူလေးမွေးလာတော့ ပျော်သွားတာပေါ့"

သူတို့လူ့ဘောင်ထဲတွင် ဤကဲ့သို့ လူဖြူလေးကို မွေးဖွားလာခြင်းမှာ ကံကောင်းခြင်းလက်ဆောင်ဟု ယူဆကြသည်။ ဒေးဗစ်သည် ကူချီလီကျေးရွာ ဝန်းကျင်တွင် ထင်ရှားသည့် ကလေးတစ်ယောက်ဖြစ်လာသည်။ သူ့ဆရာ ကလီးမင့်ကလည်း တပည့်ဖြစ်သူအကြောင်း ကြားလိုက်ရသည့်အခါ အံ့အားသင့်သွားသည်။ ဆရာကလီးမင့် ကလည်း လူမည်းအဖြူလေးတစ်ယောက်ဖြစ်သည်။

ကျောင်းတွင် အသက် ၁၄ နှစ်အရွယ် လာတီဒါမာချီဆိုသည့် ကောင်မလေးတစ်ယောက်ရှိသေးသည်။ သူလည်း အဖြူလေးဖြစ်သည်။ သူတို့ရွာထဲတွင် အဖြူလေး ငါးယောက်ရှိသည့်အနက် ဒေးဗစ်ကတော့ လူ့လောကထဲက ထွက်သွားခဲ့ရပြီ။ လာတီဒါကို သူ့မိဘတွေကလည်း ဒေးဗစ်သေပြီးကတည်းက ကျောင်းမလွှတ်တော့။

"အဖြူလေးတွေ ဖြစ်နေရတဲ့ဘဝက စစ်ပွဲတစ်ပွဲကို ဆင်နွှဲနေရသလိုပဲ။ တစ်နေ့နေ့မှာ ဒုက္ခရောက်လာတော့မယ် ဆိုတာ သိနေပေမယ့် ကျွန်တော့်ကျောင်းက ဖြစ်လာလိမ့်မယ်တော့ မထင်မိဘူး" ဟုဆရာကလီးမင့်က ဆိုသည်။

ဒေးဗစ်အသတ်ခံရပြီး နှစ်ရက်ခန့်အကြာတွင် လူသတ်မှုအတွက် နှစ်ဦးကို ဖမ်းလိုက်သည်။ နှစ်ယောက်စလုံး မာလာဝီသားတွေဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလတွင် တရားရုံးတင်ပြီး စစ်ဆေးခဲ့သည်။ နှစ်ယောက်စလုံးကို ပြစ်မှု ထင်ရှားသောကြောင့် ထောင်ဒဏ် ၂၅ နှစ်ချလိုက်သည်။

အဲလ်ဖရက် ချီဂါလူဆိုသည့်ကောင်လေးကလည်း အသက် ၁၇ နှစ်ရှိပြီဖြစ်သည်။ သူက အဒေါ်ဖြစ်သူနှင့်အတူ ရွှံ့အိမ်လေးထဲတွင် နေထိုင်သည်။ သူတို့ အိမ်ပတ်ဝန်းကျင်တွင် နေကြာပန်းပင် အခြောက်တွေ ဝိုင်းနေသည်။ သူတို့ အိမ်ဝင်းလေးထဲတွင် မြေကအနီရောင်ဖြစ်ပြီး ဆိတ် ငါးကောင်နှင့် ကြက်တစ်ဒါဇင်ခန့်ရှိသည်။

သူတို့တဲလေးမှ ငါးမိနစ်ခန့်လမ်းလျှောက်သွားမှသာ အနီးဆုံး အိမ်နီးချင်းထံရောက်သည်။ မိနစ် ၂၀ ခန့် ဆေးရွက်ကြီးစိုက်ခင်းများကိုဖြတ်ပြီး လမ်းလျှောက်သွားလျှင် မင်းလမ်းမကြီးကိုရောက်သည်။ ဤဒေသ၏ ရာသီဥတုမှာ ဆိုးရွားလှသည်။ သီးနှံများမှာလည်း မိုးခေါင်သောကြောင့် သေကြရသည်ကများသည်။

အဲလ်ဖရက်နှင့် သူ့အဒေါ် လင်ဒီယာတို့ ပြောင်းများကို နေလှမ်းနေကြသည်။ ခြံထဲရှိ ဆိတ်များမှာ သူတို့ဆိတ်များမဟုတ်။ သူတို့က ကျေးရွာထဲရှိကုန်သည်တစ်ဦးထံက ဆိတ်တွေကို မွေးဖက်ပေးကာ ယူမွေးပေးထား ရခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လူလေးယောက်က သူတို့အိမ် တံခါးကိုဖောက်ပြီး ဝင်လာကြသည်။ ထိုအချိန်က အဲလ်ဖရက်တစ်ယောက် အိမ်ထဲတွင် အိပ်ပျော်နေသည်။ သူတို့က အဲလ်ဖရက်ကို တောလိုက်ဓားတွေနှင့် ဝင်ခုတ်သည်။ ခေါင်းကိုလည်း ထုရိုက်ကြသည်။ တစ်ကိုယ်လုံး ရစရာမရှိအောင် ထိုးခုတ်ခဲ့ကြခြင်းဖြစ်သည်။ စိတ်ကြိုက် ထိုးခုတ်ပြီးနောက် သူ့ကို အိမ်ပြင်သို့ ဆွဲထုတ်သွားကြသည်။ ထိုအချိန်တွင် သူ့အဒေါ် ပြန်ရောက် လာသည်။ တစ်အိမ်လုံး သွေးတွေအိုင်ထွန်းနေသည်။ လူသတ်သမားတွေက ထွက်ပြေးသွားကြသည်။

အဲလ်ဖရက်ကို ဆေးရုံပို့ပြီး အသက်လုကြရသည်။ အသက်ရှင်သော်လည်း တစ်ကိုယ်လုံးတွင် ဒဏ်ရာ အမာရွတ်များက မြင်မကောင်းအောင်ဖြစ်ကျန်ခဲ့သည်။

"ကျွန်မက တူလေးကိုပဲ အားကိုးနေရတာ။ သူပဲ ဈေးသွားပေး၊ ယာထဲလည်း ဝိုင်းကူလုပ်ပေးနေတာ။ ခုတော့ သူ ဒုက္ခိတဖြစ်နေရပြီ" ဟု လင်ဒီယာက ဝမ်းနည်းစွာပြောကြားသည်။

အဲလ်ဖရက်ကလည်း အမည်းတွေကမွေးဖွားသည့် လူဖြူလေးဖြစ်နေသည်။ လင်ဒီယာ၏ အစ်မဖြစ်သူက သူ့ကို မွေးဖွားပြီးနောက် ကွယ်လွန်သွားသည်။ အဒေါ်ဖြစ်သူက ဆက်ပြီးစောင့်ရှောက်မွေးမြူခဲ့ရသည်။ အဲလ်ဖရက်သည် အိမ်ပြင်တွင် နံရံကိုကျောမှီပြီး ထိုင်နေသည်။ သူက ဂျင်းဘောင်းဘီပွပွကြီးကို ဝတ်ထားသည်။ သူ့တွင်ရှိသည့် တစ်ထည်တည်းသော ဝတ်စုံဖြစ်သည်။ ဘောင်းဘီတွင် ခြောက်သွေ့နေသည့် သွေးကွက်တွေက ရှိနေသေးသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂမှ အီရိုဆိုသူ ပညာရှင်တစ်ယောက် လူမည်းများကြားတွင် ပေါက်ဖွားလာသည့် အဖြူလေးများ အခွင့်အရေးအတွက် ဤဒေသကို ရောက်လာသည်။ သူက အဲလ်ဖရက်နှင့် သူ့ အဒေါ်ဖြစ်သူထံရောက်လာသည်။ သူက အဲလ်ဖရက်ကို စစ်ဆေးကြည့်သည့်အခါ မှတ်ဉာဏ်တွေပါ ပျောက်ဆုံး သလိုဖြစ်နေသည်။ နောက်နှစ်လအကြာတွင် အီရို၏ကောင်းမှုကြောင့် မာလာဝီနိုင်ငံရေးသမားများက အဲလ်ဖရက်ကို ကောင်းစွာ စောင့်ရှောက်ထားကြောင်းတွေ့ရသည်။ အဲလ်ဖရက်က -

"ကျွန်တော် ကျောင်းပြီးအောင် ဆက်တက်ချင်တယ်။ ဆရာဖြစ်ချင်တယ်။ ဒီအသိုင်းအဝိုင်းက ထွက်သွားချင် တယ်။ ဘယ်သူဖြစ်ဖြစ် ကျွန်တော့်ကို ဒီရွာကနေဝေးရာကို ခေါ်သွားစေချင်တယ်။ ကျွန်တော် ဒီရွာမှာ မနေချင်တော့ဘူး" ဟု ဆိုသည်။

အက်နာ စီးဒရစ်တစ်ယောက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ညတစ်ညကို ကောင်းစွာ မှတ်မိနေသည်။ သူမ၏ ခင်ပွန်းဖြစ်သူ ကာပီရီသည် ငါးဖမ်းထွက်သွားသည်။ သူတို့တွင် ၉ နှစ်သားအရွယ် အမြွှာသားနှစ်ယောက်ဖြစ် သည့် ဟာရီနှင့် ဟာရီဆန်ဆိုသည့် သားနှစ်ယောက်ရှိပြီး မိခင်ဖြစ်သူဘေးတွင် အိပ်နေကြသည်။

ထိုအချိန်တွင် တံခါးခေါက်သံကြားလိုက် ရသည်။ တံခါးကို သွားဖွင့်ပေးလိုက်ချိန်တွင် တောခုတ်ဓားကိုင်ထားသော လူတစ်ယောက် ဝင်လာပြီး သူ့ကို စခုတ်သည်။ ထိုသူက ဟာရီကို အိပ်ရာထဲက ဆွဲယူသွားသည်။ သူက ဟာရီကို လိုက်ဆွဲရန် ပြင်လိုက်သော်လည်း နောက်သားတစ်ယောက်ဖြစ်သည့် ဟာရီဆန်က သူ့ကိုဆွဲ ထားသည်။ ထိုအချိန်တွင် အိမ်ထဲဝင်ရောက်လာသူက သူ့မျက်နှာကို ဓားဖြင့် ခုတ်လိုက်သောကြောင့် ကြမ်းပြင် ပေါ်သို့ လဲကျသွားခဲ့ရသည်။ သူ့သားတစ်ယောက် ပါသွားခဲ့သည်။

နောက်လေးရက်ခန့်အကြာတွင် သားဖြစ်သူ ဟာရီ၏ ဦးခေါင်းကို မိုဇမ်ဘစ်နိုင်ငံအနီးတွင် တွေ့ကြရသည်။ သူတို့ နေထိုင်သည့်နေရာက အလွန်ခေါင်သည်။ အက်နာ၏ယောကျ်ားသည်ဤကလေးနှစ်ယောက်၏ ဖခင် မဟုတ်ပေ။ သူ့နောက်အိမ်ထောင်ဖြစ်ပြီး သူက ငါးဖမ်းထွက်နေသည်ကများသည်။ ရဲတပ်ဖွဲ့က ဟာရီကို သတ်မှုတွင် ပထွေးဖြစ်သူကို သံသယဝင်သော်လည်း ရွာလူကြီးက ထိုသူမှာ ငါးဖမ်းထွက်နေသည်ကများပြီး မိသားစုကို ငါးဖမ်းကာ ရှာကျွေးနေသည်ဆိုသောကြောင့် ရဲစခန်းက လွှတ်ပေးထားရသည်။

ရဲတွေက ဟာရီ၏ ဦးခေါင်းကိုတွေ့ပြီးနောက် ပြန်ထုပ်ပိုးပြီးယူလာကာ မိခင်ကို သက်သေခံအဖြစ် လာပြသည်။ မိခင်ဖြစ်သူက သူ့သား ဟာရီဖြစ်ကြောင်း အတည်ပြုပေးသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထိုလူသတ်မှုတွင် ပတ်သက်သူနှစ်ဦး ဖမ်းဆီးထားကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ တစ်ယောက်မှာ သေဆုံးသူဟာရီ၏ ဦးလေးကိုယ်တိုင်ဖြစ်နေသည်။ အခြား သူစိမ်းတစ်ယောက်နှင့် ပူးပေါင်းကြံစည်ကြခြင်းဖြစ်သည်။ သူစိမ်းက အဖြူကောင်လေး၏ အရိုးကို လိုချင်သည်ဆိုသောကြောင့် ဖမ်းဆီးပြီး သတ်ခဲ့ကြခြင်းဖြစ်သည်။

အယ်လ်ဘီနိုဟုခေါ်သည့် အဖြူရောင်လူသားလေးများသည် ကလေး ၂၀၀၀၀ တွင်မှ တစ်ယောက်သာ ဖြစ်ထွန်းနိုင်သည့် အနေအထားတွင်ရှိသည်။ အာဖရိကတိုက်တွင်ပင် အယ်လ်ဘီနိုလေးများ ၅၀၀၀ ခန့်ရှိနေ သည်။ အထူးသဖြင့် မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဘူရန်ဒီ၊ ကင်ညာ၊ ဇင်ဘာဘွေနှင့် တောင်အာဖရိကနိုင်ငံများ တွင်ရှိနေကြသည်။ မာလာဝီနိုင်ငံတွင် လူဦးရေ ၁၆ ဒသမ ၅ သန်းရှိသည်။ အယ်လ်ဘီနိုဖြစ်နေသည့်သူပေါင်း ၇၀၀၀ မှ ၁၀၀၀၀ ကြားတွင်ရှိသည်။

၂၀၁၄ ခုနှစ် စစ်တမ်းအရ အာဖရိကတိုက်တွင်ရှိနေသည့် အယ်လ်ဘီနိုများသည် အခြားသူများထက် အရေပြား ကင်ဆာဖြစ်နှုန်း အဆ ၁၀၀၀ ပိုများကြောင်းသိရသည်။ ကုလသမဂ္ဂမှ အီရိုက -

"ဈေးကွက်ကြီး တစ်ခုလိုဖြစ်နေတာဆိုးတယ်။ သူတို့ကို ငွေတွေအများကြီးပေးဝယ်နေတာပိုဆိုးတယ်။ သူတို့ဟာ သူလိုကိုယ်လိုပါပဲ၊ ဘာမှ မထူးခြားပါဘူးဆိုတဲ့အသိတွေ အဲဒီဒေသတွေမှာ ဖြစ်ထွန်းလာအောင် လုပ်ဖို့လိုတယ်" ဟုဆိုသည်။

လူကို လူလိုမမြင်သမျှ အယ်လ်ဘီနိုဖြစ်နေရသည့်ဘဝ ဒုက္ခရောက်နေကြရဦးမည်ပင်။ အယ်လ်ဘီနိုတစ်ဦးကို အရိုးထုတ်ရန် ဒေါ်လာ ၇၅၀၀၀ ခန့်မှောင်ခိုဈေးကွက်တွင် ပေါက်နေခြင်းက သူတို့ဘဝ မလုံခြုံစိတ်မချစရာ ဖြစ်နေဦးမည်မှာ သေချာသည်။

■**(Ref: To Kill for Their Bones, Azad Essa)**



ဝန်ကြီးချုပ် ထရီဇာမေ

# ဗြိတိန်ရွေးကောက်ပွဲ ရလဒ်ကို လွှမ်းမိုးနိုင်ရန် EU ကြိုးပမ်းဟု ဝန်ကြီးချုပ်မေ စွပ်စွဲ

**လန်ဒန်၊ မေ ၄**

ဥရောပနိုင်ငံရေးသမားများသည် ဗြိတိန်ကို ခြိမ်းခြောက်နေပြီး အထွေထွေရွေးကောက်ပွဲ ရလဒ်အပေါ် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ် ထရီဇာမေက စွပ်စွဲလိုက်သည်ဟု BBC သတင်းဌာနက ဖော်ပြသည်။

ဘုရင်မကြီးနှင့် တွေ့ဆုံအပြီး ဒေါင်းနင်းလမ်း အိမ်အမှတ် ၁၀ ရှေ့တွင် မိန့်ခွန်းပြောရာ၌ ဝန်ကြီးချုပ်က ‘ဘရပ်ဆဲလ်မှ ဗျူရိုကရက်များ’ (ဥရောပသမဂ္ဂ (EU) ရုံးစိုက်ရာ ဘယ်လ်ဂျီယမ်မြို့တော် ဘရပ်ဆဲလ်မှ တာဝန်ရှိသူများ) ကို ဝေဖန်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဘရပ်ဆဲလ်မှ အချို့ပုဂ္ဂိုလ်များမှာ ဘရိတ်ဇစ်ဆွေးနွေးမှု အဆင်မပြေဖြစ်သည်ကို မြင်ချင်ကြကြောင်း မေက စွပ်စွဲခဲ့သည်။

အတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျရမီးကော်ဘင်ကမူ မေသည် ရွေးကောက်ပွဲနိုင်ရန် ‘ဘရိတ်ဇစ်ဖြင့် ပါတီကစားပွဲလုပ်နေခြင်းသာ’ ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

စကော့တလန် ဝန်ကြီးချုပ် နီကိုလာ စတာဂျင်ကလည်း ထရီဇာမေအနေနှင့် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးရာသီဥတုကို ဥရောပသမဂ္ဂနှင့် ရောချပြီး အဆိပ်ခတ်ခြင်းမှာ တာဝန်မဲ့ရာကျကြောင်း ဝေဖန်ခဲ့သည်။

EU ထိပ်တန်းတာဝန်ရှိသူတစ်ဦးက BBC သို့ ပြောကြားရာတွင်လည်း EU က ရွေးကောက်ပွဲရလဒ်အပေါ် လွှမ်းမိုးရန် ကြိုးပမ်းနေသည်ဆိုခြင်းမှာ ‘လုံးဝစိတ်ကူးယဉ်’ ဆန်ကြောင်း တုံ့ပြန်ခဲ့သည်။

သန်းခေါင်ယံတွင် ပါလီမန်လွှတ်တော်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ရာ ရွေးကောက်ပွဲကာလမှာ တရားဝင် စတင်နေပြီဖြစ်ပြီး ဝန်ကြီးချုပ်သည် ဘက်ကင်ဟမ်နန်းတော်တွင် ဘုရင်မကြီးထံ သွားရောက်တွေ့ဆုံပြီးနောက် မိန့်ခွန်းပြောခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သော ရက်ပိုင်းအတွင်း ကြုံတွေ့ခဲ့ရသည့် အခြေအနေများအရ ဘရိတ်ဇစ်ဆွေးနွေးမှုများမှာ ခက်ခဲနိုင်ကြောင်း ထင်ရှားနေသည်ဟု မေက ပြောကြားခဲ့သည်။

“ဥရောပက ဗြိတိန်ရဲ့ဆွေးနွေးမှု အနေအထားကို တစ်တိုက်လုံးက မီဒီယာတွေက အလွဲတင်ပြနေပါတယ်” ဟု မေက EU မဟာမင်းကြီးနှင့် ညစာစားပွဲအကြောင်း ဂျာမန်မီဒီယာများက ဖော်ပြခဲ့မှုကို ရည်ညွှန်းပြောကြားခဲ့သည်။

“ဥရောပကော်မရှင်ရဲ့ဆွေးနွေးတဲ့ ပုံစံက မာကျောလာပါတယ်။ ဥရောပနိုင်ငံရေးသမားတွေနဲ့ တာဝန်ရှိသူတွေက ဗြိတိန်ကို ခြိမ်းခြောက်လာကြပါတယ်။ ဒီလုပ်ရပ်တွေအားလုံးက ဇွန်လ ၈ ရက်နေ့မှာ ကျင်းပမဲ့ အထွေထွေရွေးကောက်ပွဲရလဒ်အပေါ် သက်ရောက်မှုရှိစေဖို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်တာပါပဲ” ဟု မေက စွပ်စွဲခဲ့သည်။

■ F-03

# အန္တရာယ်ရှိသော အကြောင်းအရာကို သုံးသပ်ရန် ဝန်ထမ်း ၃၀၀၀ ကျော်ကို Facebook ငှားရမ်းခန့်ထား

**နယူးယောက်၊ မေ ၄**

ဝက်ဘ်ဆိုက်ပေါ်တွင် လွှင့်တင်နေသော အမုန်းစကား ဖြန့်ဝေမှု၊ ကလေးသူငယ်ညှဉ်းပန်းမှု၊ ကိုယ့်ကိုယ်ကိုယ် ဘေးသင့်စေမှုများကို ကူညီတားဆီးမည့် ကွန်မြူနတီစီမံချက်အဖွဲ့အတွက် ဝန်ထမ်း ၃၀၀၀ ကို Facebook က ငှားရမ်းခန့်အပ်လိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

Facebook တွင် တိုက်ရိုက်လွှင့်တင်နေသောဗီဒီယိုများတွင် ကိုယ်ကိုယ်တိုင်နှင့် အခြားသူများကို ထိခိုက်နာကျင်စေသူများကိုမြင်တွေ့ရသည့်အတွက် အသည်းကွဲသကဲ့သို့ ခံစားရသည်ဟု စီအီးအို မာ့ခ်ဇူကာဘတ်က ပြောကြားသည်။

ပြဿနာရှာသော ဗီဒီယိုများကို အလွယ်တကူ သတင်းပေးနိုင်အောင် ပြုလုပ်မည်ဟု ဇူကာဘတ်ကဆိုသည်။

လူသတ်မှုနှင့်ကိုယ်တိုင် သေကြောင်းကြံစည်မှုများကို လူမှုကွန်ရက်တွင် တိုက်ရိုက်လွှင့်တင်နေမှုများကြောင့် အဆိုပါစီမံချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဧပြီလအတွင်း လူတစ်ဦး အသတ်ခံရမှုနှင့် ထိုင်းလူမျိုးတစ်ဦးက သမီးငယ်ကို သတ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုတို့ကို ရိုက်ကူးထားသည့် ဗီဒီယိုများကို Facebook တွင် တိုက်ရိုက်ထုတ်လွှင့်မှု ဖြစ်ပေါ်လာခဲ့သည်။

လက်ရှိ ဝန်ထမ်း ၄၅၀၀ ရှိပြီးသား ကွန်မြူနတီစီမံချက်အဖွဲ့သို့ နောက်ထပ်ဝင်လာမည့် ဝန်ထမ်းသစ်များသည် အကြောင်းအရာ သတင်းပေးချက်ကို လက်ခံရရှိချိန်တွင် ပိုမိုမြန်ဆန်စွာ တုံ့ပြန်နိုင်ရန် အထောက်အကူပြုမည်ဟု ဇူကာဘတ်က ပြောကြားသည်။

ထို့ပြင် အပတ်စဉ် လက်ခံရရှိသည့် အကြောင်းအရာ သတိပေးချက် သန်းပေါင်းများစွာကို စီမံခန့်ခွဲရန် နည်းစနစ်အသစ်များကိုလည်း အကောင်အထည်ဖော်နေသည်ဟု ဇူကာဘတ်၏ Facebook စာမျက်နှာတွင် ဖော်ပြထားသည်။

“ပြဿနာတွေကို သတင်းဖို့ လွယ်ကူအောင်၊ စည်းကမ်းချိုးဖောက်တဲ့ ပို့စ်တွေကို ဆုံးဖြတ်ရာမှာ မြန်ဆန်အောင်၊ တစ်စုံတစ်ယောက်မှာ အကူအညီလိုနေရင် လုံခြုံရေးဌာနတွေကို အလွယ်တကူ ဆက်သွယ်နိုင်အောင် ကျွန်တော်တို့ လုပ်ဆောင်သွားမှာပါ” ဟု ၎င်းကပြောကြားသည်။

Facebook ၏ ဖျန်ဖြေသူများသည် အကယ်၍ တစ်စုံတစ်ယောက် အန္တရာယ်ကျရောက်လာပါက အဖွဲ့ဝင်အချင်းချင်း တိုက်ရိုက်ဆက်သွယ်ခြင်းထက် လုံခြုံရေးဌာနများကို ဆက်သွယ်အကြောင်းကြားပေးမည်ဟု ဆိုသည်။

“ပြီးခဲ့တဲ့အပတ်ကဆိုရင် Live ဗီဒီယိုမှာ တစ်စုံတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတော့မယ်ဆိုတဲ့ သတင်းပေးချက်ကို လက်ခံရရှိခဲ့ပါတယ်။ လုံခြုံရေးဌာနကို ကျွန်တော်တို့ ချက်ချင်းဆက်သွယ်နိုင်ခဲ့ပြီး အဲဒီလူ သေကြောင်းမကြံနိုင်အောင် တားဆီးနိုင်ခဲ့ပါတယ်” ဟု မာ့ခ်ဇူကာဘတ်က ပြောကြားသည်။

■ F-04



# ၂၀၁၅တွင် ကာဗွန်ထုတ်မှု နာမည်ပျက်ရှိခဲ့သည့် ဖောက်စ်ဝက်ဂွန် ကုမ္ပဏီကြီး၏ အမြတ်အစွန်း ခုန်တက်



ကော်ပိုရေးရှင်း၏ ကဏ္ဍတိုင်းတွင် ပြုပြင်ပြောင်းလဲမှုများကို နှစ်အနည်းငယ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည်

**မြူးနစ်၊ မေ ၄**

ထုတ်လုပ်မှု အသုံးစရိတ်လျှော့ချရေး အစီအစဉ်များ ပြုလုပ်ခဲ့ပြီးနောက်တွင် ဂျာမန်ကားလုပ်ငန်း ကော်ပိုရေးရှင်းကြီးဖြစ်သော ဖောက်စ်ဝက်ဂွန်ကုမ္ပဏီ၏ အမြတ်အစွန်းပမာဏသည် ပထမသုံးလပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း BBC စီးပွားရေးသတင်းတစ်ရပ်က ဖော်ပြထားသည်။

အမြတ်အစွန်းပမာဏ ပိုရသည့် ကားမိုဒယ်အသစ်များကို ရောင်းချနိုင်ခဲ့ကြောင်း ကော်ပိုရေးရှင်း၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်ခဲ့သည်။

ပထမသုံးလတွင်း ရရှိသည့်အမြတ်ငွေမှာ ယူရိုငွေ ၄ဒသမ၆ ဘီလီယံရှိခဲ့သည်ဟု အဆိုပါလုပ်ငန်းစုကြီးက ဆိုထားသည်။

ရောင်းရသည့်ပမာဏမှာ ကျဆင်းခဲ့သော်လည်း ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်းကြောင့် အမြတ်ပမာဏများပြားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ အုပ်စုက ဆိုထားသည်။

ဖောက်စ်ဝက်ဂွန်၏ ပြင်ဆင်ခြင်းနှင့် သုတေသနဆိုင်ရာများတွင် အဆင့်မြှင့်ခြင်းက စီးပွားရေးတွင် ပိုမိုအောင်မြင်မှုများ ဖြစ်လာစေခဲ့သည်ဟု ရင်းနှီးမြှုပ်နှံသူများက ဆိုကြောင်း BBC က ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က ဖောက်စ်ဝက်ဂွန်သည် ကမ္ဘာ့ရောင်းအားအမြင့်ဆုံး ကားထုတ်လုပ်မှုအဖြစ် တိုယိုတာကို ကျော်တက်သွားခဲ့သည်။

ကားမှ လေထုညစ်ညမ်းမှုဆိုင်ရာ ပမာဏများကို မှားယွင်းစွာ ထုတ်ပြန်ခဲ့ခြင်းဖြင့် ၂၀၁၅ ခုနှစ်တွင် ပြဿနာကြုံခဲ့သော်လည်း ဖောက်စ်ဝက်ဂွန်အုပ်စုသည် အပြောင်းအလဲများလုပ်ကာ ပြင်ဆင်ခဲ့သည်။

ယာဉ်၏တိုးတက်မှုကို အဆင့်မြှင့်ခဲ့ကာ ထုတ်လုပ်မှုစရိတ်များကိုလည်း အောင်မြင်စွာ လျှော့ချပေးနိုင်ခဲ့သည်။

“ကုမ္ပဏီရဲ့ကဏ္ဍတိုင်းမှာ ထိရောက်မှုနဲ့ထုတ်လုပ်နိုင်မှု တိုးတက်အောင် ဆောင်ရွက်ခဲ့သမျှက အကျိုးရလဒ်ထွက်ပေါ်တာဖြစ်ပါတယ်” ဟု ဖောက်စ်ဝက်ဂွန်၏ အမှုဆောင်အရာရှိချုပ် မာသီးယပ်စ်မူလာ က ပြောကြားသည်။

အမှတ်တံဆိပ်၏ ပုံရိပ်ထိခိုက်ခဲ့ပြီးနောက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း၊ ငွေလဲနှုန်း၏သက်ရောက်မှုများရှိခြင်း၊ ထုတ်လုပ်မှုစရိတ်များကို လျှော့ချနိုင်ခြင်းတို့ကြောင့် အမြတ်အစွန်းသိသာခြင်းဖြစ်သည်ဟု စီးပွားရေးသတင်းများက သုံးသပ်ကြသည်။

■ F-02

# တူရကီ၏ အီးယူအိပ်မက် လောလောဆယ် ပြီးဆုံးသွားပြီဟု အီးယူထိပ်တန်းတာဝန်ရှိသူ ပြောကြား

**အန်ကာရာ၊ မေ ၄**

သမ္မတအာဒိုဂန်လက်ထက် တူရကီနိုင်ငံသည် ဥရောပသမဂ္ဂနှင့် ပူးပေါင်းရေးတွင် လောလောဆယ် နောက်ပြန်လှည့်သွားပြီဟု အန်ကာရာနှင့် ဆွေးနွေးနေသော အီးယူထိပ်တန်းတာဝန်ရှိသူက ပြောကြားလိုက်ပြီး အကယ်၍ ရင်းနှီးသောဆက်ဆံရေးကို နှစ်ဖက်စလုံး ပြန်လည်တည်ဆောက်နိုင်ပါက စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်မည်ဟု အခွင့်အရေးပေးထားကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

အီးယူသို့ တူရကီ ဝင်ရောက်ရေး ကြိုးပမ်းမှုများ နှစ်ပေါင်းများစွာ တန့်နေခဲ့ပြီးနောက် တူရကီတွင် သမ္မတက အတိုက်အခံများကို နှိမ်နင်းမှုများ၊ ဂျာမနီကို နာဇီဟု ပြောဆိုမှု၊ ပြန်လှန်ထိန်းကျောင်းမှု မရှိသော အာဏာပါဝါများ ရရှိစေမည့် ဆန္ဒခံယူပွဲကျင်းပမှုများကြောင့် လောလောဆယ် လုပ်ငန်းစဉ် အဆုံးသတ်သွားပြီဟု အီးယူအစိုးရများက ပြောကြားသည်။

တူရကီနှင့် ကုန်သွယ်ရေး၊ လုံခြုံရေးဆက်ဆံမှုများ အပေါ်အခြေခံသော ညှိနှိုင်းမှုအသစ် ပြုလုပ်ရန် စဉ်းစားခဲ့ကြသော အီးယူနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မော်လ်တာတွင် ပြုလုပ်ခဲ့ပြီးနောက် အီးယူ၏အဖွဲ့ဝင်လုပ်ငန်းစဉ်ကို ကြီးကြပ်သူ ကော်မရှင်နာမင်းကြီး ဂျိုဟန်နက်စ်ဟန်းက "အနည်းဆုံးတော့ လောလောဆယ်မှာ တူရကီဟာ အီးယူရဲ့ရှုဒေါင့်ကနေ သွေဖည်နေတာကို လူတိုင်းမြင်နိုင်မှာပါ။ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးက ပုံစံတစ်မျိုးဖြစ်လာမှာပါ" ဟု ပြောကြားခဲ့သည်။

"ပူးပေါင်းဆောင်ရွက်မှု ပုံစံတစ်မျိုးကို ပြန်လည်စတင်နိုင်မယ်ဆိုရင် အနာဂတ်မှာ ဘာလုပ်နိုင်မလဲ ဆိုတာကို တွေ့ရမှာပါ" ဟုၣင်းက ပြောကြားသည်။

အီးယူအဖွဲ့ဝင် လုပ်ငန်းစဉ်ကို တရားဝင်ရပ်ဆိုင်းခြင်း မပြုသေးသော်လည်း တူရကီသည် အီးယူအဖွဲ့ဝင်အဖြစ် ကိုက်ညီမည့် ဒီမိုကရေစီစံနှုန်းများကို ပြည့်မီခြင်းမရှိသောကြောင့် ဆွေးနွေးမှုများကို တရားဝင်ရပ်ဆိုင်းရန် အီးယူအမတ်များက ယခင်အပတ်က ဝိုင်းဝန်းတောင်းဆိုခဲ့ကြသည်။

အာဒိုဂန်ကလည်း တူရကီသည် အီးယူအဖွဲ့ဝင်ဖြစ်ရေးကို အမြဲတမ်းထိုင်စောင့်နေမည်မဟုတ်ကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံအချို့တွင် အစ္စလာမ်အမုန်းစိတ်နှင့် ရန်လိုစိတ်များ ဆက်လက်ကြီးထွားလာပါက ဆွေးနွေးမှုများကို ကျောခိုင်းမည်ဟု ယခင်အပတ်က ထုတ်ဖော်ပြောကြားထားသည်။




**အီးယူ၏အဖွဲ့ဝင်လုပ်ငန်းစဉ်ကို ကြီးကြပ်သူ ကော်မရှင်နာမင်းကြီး ဂျိုဟန်နက်စ်ဟန်း**

အီးယူအဖွဲ့ဝင်ဖြစ်ရေးအတွက် နှစ်ပေါင်းများစွာ အလွတ်သဘော ဆွေးနွေးခဲ့ပြီးနောက် ၂၀၀၅ တွင် တရားဝင် စတင်ဆွေးနွေးခဲ့သော လုပ်ငန်းစဉ်သည် ၂၀၀၃ ခုနှစ် အာဒိုဂန် ဝန်ကြီးချုပ်ဘဝက စတင်ခဲ့သော ပထမဆုံးစီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် အံဝင်ခွင်ကျ ချိတ်ဆက်နိုင်ခဲ့သည်။

အီးယူအဖွဲ့ဝင်ဖြစ်ရန်အတွက် တူရကီ၏ ပြုပြင်ပြောင်းလဲမှုများသည် တည်ငြိမ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို ဖြစ်ပေါ်စေခဲ့ပြီး ဥရောပနှင့် အာရှအကြား မဟာဗျူဟာမြောက် တည်ရှိသောနိုင်ငံသည် မြန်နှုန်းမြင့်ရထားများ ဖြတ်သန်းသွားလာမှုနှင့်အတူ အရေးပါသော စီးပွားရေးထွန်းကားစ နိုင်ငံဖြစ်လာခဲ့သည်ဟု အီးယူတာဝန်ရှိသူများက ပြောကြားသည်။

တူရကီသည် အီရတ်၊ ဆီးရီးယား၊ ပင်လယ်နက်မှတစ်ဆင့် ရုရှားတို့နှင့် ထိစပ်နေသော်လည်း တူရကီ၏ အကြီးဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူနှင့် ကုန်သွယ်ဖက်မှာ ဥရောပသမဂ္ဂဖြစ်သည်။

ဂျိုဟန်နက်စ်ဟန်းက တူရကီ၏ အဆင့်နှင့်ပတ်သက်သည့် အစီရင်ခံစာကို လာမည့်နှစ် အစောပိုင်းတွင် အီးယူအစိုးရများထံ တင်ပြမည်ဟုဆိုသည်။ ထိုသို့ ဆောလျင်စွာ ဆောင်ရွက်မှုမရှိခြင်းသည် ဥရောပသို့ဝင်လာမည့် ရွှေ့ပြောင်းဒုက္ခသည်များကို တူရကီက ထိန်းပေးထားခြင်းအပေါ် မှီခိုနေရခြင်းကို ထင်ဟပ်နေသည်။

ဂျိုဟန်နက်စ်ဟန်းက အီးယူ၏ စည်းကမ်းများသည် ညှိနှိုင်း၍ရသည့်အရာ မဟုတ်ကြောင်း၊ အီးယူသည် လူ့အခွင့်အရေးကိစ္စများကို ဆွေးနွေးမှုများတွင် ဖြုတ်ချထားပေးမည် မဟုတ်ကြောင်း၊ ဒီမိုကရေစီသည် တစ်မျိုးတည်းသာရှိပြီး တူရကီပုံစံ ဒီမိုကရေစီဟူ၍ မရှိကြောင်း၊ တူရကီနိုင်ငံသားများသည် အခြားဥရောပနိုင်ငံသားများနှင့် တန်းတူရပိုင်ခွင့်များ ရှိသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

အီးယူ အဖွဲ့ဝင်ဖြစ်ရေးအတွက် ပြုပြင်ပြောင်းလဲရန် တွန်းအားပေးမှုများသည် ဥရောပတိုက်သားများ၏ အကျိုးအတွက်မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံသားများ၏ ကောင်းကျိုးအတွက်သာဖြစ်သည်ဟု ၎င်းကပြောကြားသည်။ ■F-04

---

**စာမျက်နှာ 14 ပုရစ်ဖူးဝေချိန် မှအဆက်**

တတ်ကြသည်။ ယုံသည့်အထက်အရာရှိကလည်း မိမိမွေးထားသူမှ လွဲ၍မည်သူ့ကိုမှ မယုံတတ်ပေ။ ထိုသို့ အဂတိတရားများဖုံးလွှမ်းနေသော ပတ်ဝန်းကျင်တွင် စားဝတ်နေရေးခက်ခဲသောဝန်ထမ်းမှအပ မည်သည့်ဝန်ထမ်းကောင်းမှ ပျော်မွေ့မည်မဟုတ်ပါ။ ထိုအချက်မှာ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုအတွက် ကြီးမားသောအနှောင့်အယှက် အတားအဆီးပင်ဖြစ်သည်။

ထို့ကြောင့် သွေးသစ်ဝန်ထမ်းများအား 'ပြုစုပျိုးထောင်၊ လမ်းညွှန်ပြသခြင်းဖြင့် ပြည်သူသို့ ထိရောက်သောအကူအညီပေးနိုင်အောင် ကူညီကြပါ' ဟုဆိုရခြင်းဖြစ်ပါသည်။

## နီတိဟောင်းများ

ရှေးထုံးစဉ်လာ 'မင်းအလိုလိုက် မင်းကြိုက်တင်' ဆိုသည့်နီတိမှာ ခုတိုင်မရိုးနိုင်သေး။ ယခင်လမ်းစဉ်ပါတီခေတ်က လုပ်သားဂျာနယ်တွင် ဖော်ပြခဲ့သော လက်စွဲလင်္ကာဆိုသည့် စာပိုဒ်လေးကိုမှတ်မိသေးသည်။

'အလုပ်မရှိ ဖိုင်လှန်၊ စတိုင်ဟန်တစ်ခွဲနဲ့၊ ဖိုင်ထပ်ပိုက်လမ်းသလား၊ ဖော်လံဖား အနားပြာ၊ စားသာသလိုကြည့်နေ၊ လူကြီးတွေချစ်ပါလို့၊ လုပ်သက်ရှည်ကြာမြဲ၊ ရာထူးလည်းတက်မှာမလွဲ'

တစ်ခါတစ်ရံအရာရှိအချို့၏ အလုပ်စားပွဲ၏ နောက်ဘက်နံရံတွင် 'မဟုတ်မမှန် ခွန်းတုံ့ပြန်၊ မှန်သော်လည်းရှုံး၊ လူကြီးမုန်း၏' ဆိုသောစာပိုဒ်ကလေးကပ်ထားသည်ကို တွေ့မြင်ဖူး၏။ 'ဘော့စ်ကို အနားပေးပါ၊ အစားကျွေးပါ၊ ပြဿနာမပေးပါနှင့်၊ မလွှဲသာ၍ပေးရသည်ရှိသော် အဖြေနှင့်တွဲပေးပါ' ဟူသော ခေတ်ပေါ်နီတိများလည်း ရှိသေးသည်။ ၎င်းသည်မှာ ဖြတ်သန်းခဲ့ရသောအုပ်ချုပ်မှုပုံစံအဟောင်း၏ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုကို ထင်ဟပ်နေပေသည်။ ယင်းနီတိများသည် မိမိတစ်ကိုယ်ရေဘဝ တက်လမ်းအတွက် အဆင်ပြေကောင်းပြေနိုင်သော်ငြားလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်အပြောင်းအလဲကို ဆောင်ရွက်ရသည့်အခါ မည်သို့မျှအထောက်အကူမပြုနိုင်တော့ပါ။ အမှန်တကယ်အရည်အချင်းရှိသူများ၏ အကူအညီကိုလည်း ရသင့်သလောက်မရနိုင်တော့ပါ။

## ပြည်သူအတွက် ပြင်ဆင်ဆောင်ရွက်ခြင်း

ပြည်သူကိုဝန်ဆောင်မှုမပေးမီ မျိုးဆက်သစ်များအဖို့ အထက်အကြီးအကဲများ၏ စေ့ဆော်မှု မဖြစ်မနေလိုအပ်သကဲ့သို့ အောက်လက်ငယ်သားများနှင့်လည်း ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ပါသည်။ အကြီးအကဲများ၏အမြော်အမြင်ရှိမှုမှာ လက်အောက်ငယ်သားများအတွက် ကောင်းမွန်သောစေ့ဆော်မှုဖြစ်နိုင်ပါသည်။ သွေးသစ်မောင်မယ်များကလည်း မိမိတာဝန်ထမ်းဆောင်ရမည့်ဌာနနှင့် အကြီးအကဲ၏ အမြော်အမြင်ကို သိအောင်ကြိုးစား၍ အတတ်နိုင်ဆုံးကူညီဆောင်ရွက်ခြင်း၊ အကြံကောင်းပေးခြင်း၊ လက်အောက်ငယ်သားများကို တတ်စွမ်းသမျှ ကူညီခြင်းတို့ဖြင့် ယုံကြည်မှုကို တည်ဆောက်နိုင်ပါသည်။

မောင်မယ်တို့အဖို့ စာတွေ့အားဖြင့် မည်သို့ပင် တတ်၊ သိနေပါစေ နောက်ထပ်ဆည်းပူးရမည်မှာ ရုံးလုပ်ငန်းနှင့် အလုပ်ခွင်စီမံခန့်ခွဲမှုပင်ဖြစ်ပါသည်။ မိမိ၏လုပ်ငန်းခွင်အမျိုးအစား၊ ကိုင်တွယ်အသုံးပြုရမည့် နည်းပညာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဝန်ဆောင်မှုပေးရမည့် ပြည်သူများ၏ ဆန္ဒသဘောထားနှင့် မိမိ၏ဝန်ဆောင်မှုအမျိုးအစားကို သိရမည်ဖြစ်သည်။ သက်ဆိုင်ရာများအဖို့လည်း လိုအပ်သောပံ့ပိုးမှု၊ သင်ကြားမှုများ ပြုရမည်ဖြစ်ပေသည်။ လိုအပ်ပါက လုပ်ငန်းခွင်သင်တန်းပို့ချသင့်က ပို့ချရမည်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးအဖို့ ပညာ၊ စွမ်းဆောင်ရည်၊ အလုပ်ခွင်ကျွမ်းကျင်မှုတို့ပေါင်းစပ်မှသာ ပြီးပြည့်စုံမည်ဖြစ်ပါသည်။ လက်အောက်ငယ်သားများကို မည်သည့်အရင်းအမြစ်ဆိုင်ရာ ကူညီပံ့ပိုးမှုများမလုပ်ဘဲ လိုအပ်ချက်နှင့်ပြဿနာများသော ပြည်သူကြားသို့ ဝန်ဆောင်မှုပေးပါက ပြဿနာတောထဲသို့ တွန်းပို့သလိုဖြစ်မည်မှာ သေချာလှပေသည်။

## လက်တွေ့နှင့်ပေါင်းစပ်

အချို့မှာ ပညာရေး၊ လေ့ကျင့်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုကို ခွဲခြား၍ မမြင်ကြ။ 'ဓာတုဗေဒနဲ့ကျောင်းပြီးတာ မီးခြစ်ဆံတောင် မလုပ်တတ်ဘူး'၊ 'မြို့ပြအင်ဂျင်နီယာဘွဲ့ရက ရွှံ့ပေါ်တောင်မထိုးတတ်ဘူး' စသည်ဖြင့် တစ်ဖက်သားအပေါ်ကို လွယ်လွယ်တကူ ကောက်ချက်ချတတ်သည်။

ကွန်ပျူတာမဟာသိပ္ပံဘွဲ့ရ အရာရှိငယ်တစ်ဦးက ရင်ဖွင့်ဖူးသည်။ "ကျွန်မ ဘွဲ့ရပြီး ချက်ချင်းအလုပ်ဝင်တဲ့အခါ အထက်အရာရှိတစ်ယောက်က 'ဒီမှာကွန်ပျူတာအပျက် အလုံး ၂၀ ကျော်ရှိတယ်၊ အဲဒါမင်းတာဝန်ပဲ' ဆိုပြီး ကွန်ပျူတာခန်းထဲ ထားရစ်ခဲ့တော့ ကျွန်မ ချက်ချင်းဘာလုပ်ရမှန်းမသိလို့ အချိန်အတော်ကြာထိုင်ငိုခဲ့ရတယ်၊ နောက်တော့ ကျောင်းစာအုပ်တွေယူပြီး ကွန်ပျူတာတစ်လုံးချင်းဖွင့်၊ စာအုပ်နဲ့တိုက်ဆိုင်စစ်ဆေးခဲ့ရတာ၊ လက်တွေ့မှာ အခက်အခဲတွေအများကြီး၊ ဒါပေမဲ့ခုတော့ရုံးက ကွန်ပျူတာမှန်သမျှ ကျွန်မလက် ကျွန်မခြေဖြစ်သွားပြီ၊ ကွန်ပျူတာနဲ့ပတ်သက်လာရင် ကျွန်မပဲ အားကိုးကြတော့တယ်"

သူငယ်ချင်း မြို့ပြအင်ဂျင်နီယာတစ်ယောက်အိမ်သို့ သွားလည်သည့်အခါ သစ်သားပေတံတစ်ချောင်း လှလှပပ၊ သပ်သပ်ရပ်ရပ်ဖြစ်အောင် သေချာစစ်ဆေးလိုက် ပြန်ထိုးလိုက်လုပ်နေသည်။ မေးကြည့်သည့်အခါ "လက်အောက်ကခိုင်းရမယ့် လက်သမားတွေက အင်ဂျင်နီယာဖြစ်ပြီး ရွှံ့ပေါ်တောင် ထိုးတတ်မှာမဟုတ်ဘူးပြောသံကြားလို့ အထင်မသေးအောင် လုပ်နေတာ" ဟုဆိုသည်။ တကယ်တော့ သူ၏တာဝန်မှာ လက်သျှိုးထိုး၍ စံချိန်စံညွှန်းနှင့် စနစ်များနှင့်အညီ စီမံဆောင်ရွက်ညွှန်ကြားစေခိုင်းရန်ဖြစ်သည်။ သူ့အပေါ် အထင်သေးလျှင် ခိုင်းမကောင်းဟုထင်၍ အသိပညာချို့တဲ့သူများအပေါ် သူ့နည်းသူ့ဟန်နှင့် လေးစားအောင် ပြင်ဆင်ခြင်းဟု ယူဆပါသည်။

အထက်ပါသာဓကများမှာ ပညာရေး၊ လေ့ကျင့်ရေးနှင့်အလုပ်ခွင်လေ့ကျင့်သင်ယူမှုတို့ ခြားနားချက်နမူနာများ ဖြစ်သည်။ ကွန်ပျူတာကျွမ်းကျင်သည့်တိုင်အောင် မော်ဒယ်လ်အသစ်ရောက်လာလျှင် စိန်ခေါ်မှုအသစ်ကို အနည်းနှင့်အများ ကြုံရစမြဲဖြစ်သည်။

မြန်မာအချို့၏ သဘာဝဟု ပြောရမည်လားမသိ။ မိမိထက် ပညာချို့တဲ့သူကို အထင်သေးတတ်သည့်အပြင် တော်နေသူကိုလည်း အားနည်းချက်ရှာ အပြစ်ပြောတတ်ကြသည့်ဓလေ့များ အမြစ်တွယ်နေသည်ကို မကြာခဏတွေ့ရသည်။ ရံဖန်ရံခါ မိမိလက်အောက်က ထူးချွန်သည့် အလားအလာရှိသူများကို လုပ်ပိုင်ခွင့်ဘောင်ထဲက ဦးချိုးထားတတ်ကြသည်။ သွေးသစ်မောင်၊ မယ်တို့အတွက် အဓိကစိုးရိမ်မိသည်မှာ အုပ်ချုပ်ရေးယဉ်ကျေးမှုပုံစံအဟောင်းကြောင့် မိမိတို့၏ ဖြူစင်သည့်၊ တက်ကြွသည့် စိတ်ဓာတ်များ မကျဆင်းစေရန်၊ လုပ်ငန်းခွင်ယဉ်ကျေးမှုသစ်ကို မလျှော့သောဇွဲလုံ့လနှင့် ကြံ့ကြံ့ခံဖန်တီးတည်ဆောက်နိုင်ရန် အထက်အောက် ယုံကြည်မှုတည်ဆောက်ရန်၊ သည်းခံစိတ်မွေးဖို့၊ ကြိုးစားဖို့၊ ဇွဲမလျှော့ဖို့ အကြံပြုလိုပါသည်။

## မှတ်တိုင်တစ်ခု၏ နိဒါန်းရဲ့အစ

တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ကြားသိခဲ့ရသည့်အမှတ်တရစကားတစ်ခုကို ဖောက်သည်ချလိုပါသည်။ တစ်ရံတစ်ခါဆီက ရန်ကုန်တက္ကသိုလ်အဓိပတိတစ်ဦး၏ ဘွဲ့နှင်းသဘင်အခမ်းအနားတွင်ပြောကြားသည့် ဩဝါဒစကားမှာ "မောင်တို့မယ်တို့ဟာ အမိတက္ကသိုလ်ကြီးမှာ ပညာရင်နို့သောက်စို့ပြီး ဘွဲ့ဒီဂရီအသီးသီးကို ထိုက်တန်စွာရရှိခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိသလို ပြောကြားလိုတဲ့အမှာစကားကတော့ ယခုရရှိတဲ့ ဘွဲ့ဒီဂရီတွေဟာ မောင်တို့မယ်တို့ဘဝရဲ့ 'နိဒါန်းရဲ့အစ' မျှသာရှိပါသေးတယ်၊ လက်တွေ့ဘဝမှာ အသုံးချနိုင်အောင် အပြင်လောကမှာ သင်ယူစရာတွေ အများကြီးကျန်ရှိပါသေးတယ်" ဟူ၍ဖြစ်သည်။

ထို့အတူပင် ယခုပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းသည် 'ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲမှု၏နိဒါန်း၏အစ' ပင်ဖြစ်ပါသည်။ အနာဂတ်တွင် သင်ယူစရာအများကြီးရှိပါသေးသည်။ ထက်အောက်မဟူ မိမိထက်အတွေ့အကြုံရင့်ကျက်သူများထံမှ အလေ့အထကောင်းများကို သင်ယူစေလိုပါသည်။ မိမိတို့အနေနှင့် အသိဉာဏ်နှင့်ယှဉ်ကာ 'မကောင်း' ဟုယူဆသောအလေ့အထများကို ပယ်ရှားစေလိုပါသည်။

ဖူးသစ်စပုရစ်ဖူးကလေးများကို ငွားငွားစွင့်စွင့်နှင့် သီးပွင့်ဝေဆာအောင် ဆက်လက်ပြုစုပျိုးထောင်ပေးရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ဌာနဆိုင်ရာအသီးသီးမှလည်း သွေးသစ်မောင်မယ်များ၏ အနာဂတ်အတွက် မိမိရင်သွေးရင်းချာများသဖွယ် ဆက်လက်ပြုစုပျိုးထောင်ပေးကြပါရန်နှင့် လိုအပ်ချက်များကို ဆုံးမပဲ့ပြင်ပေးပါရန် အနူးအညွတ်ပန်ကြားအပ်ပါသည်။ ယင်းတို့သည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၏ အနာဂတ်မျှော်လင့်ချက်ဖြစ်ပါသည်။ မောင်မယ်များကလည်းကျိုးနွံသော စိတ်၊ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ဆက်လက်သင်ယူရင်း အနာဂတ်တွင် ပြည်သူလူထုအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးကြပါရန် အမှာပါးလိုပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အထက်အောက်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှု၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမကြီးများ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်ကောင်းများအပါအဝင် အဓိက Customer များဖြစ်သော သင်တန်းသားများ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်သည်။ ထို့အပြင် အောက်ခြေဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှုများကိုလည်း ချန်လှပ်၍မရပါ။ အားလုံးအပေါ် ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ပင်ယံထက်မှ ရွက်နုနှင့်ဖူးသစ်စပုရစ်ဖူးများ၏ အနာဂတ်ကို မျှော်ငေးရင်း 'ကောင်းဖို့ရှယ်သောခေတ်ကို အထူးသဖြင့် မျှော်မိတယ်' ဟူသည့် နန်းတော်ရှေ့ဆရာတင်၏ 'အောင်ပင်လယ်' ဂန္ထဝင်တေးသွားကို ကြားယောင်မိပါတော့သည်။

**ထင်အောင်အောင် (၄၊ ၅၊ ၂၀၁၇)**




ကျိုင်းတုံမြို့တွင် တပ်မတော်သားများ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေစဉ်

## ရှမ်းအရှေ့နဝမတန်းပြင်ပဖြေ တပ်မတော်သား အများဆုံးဖြေဆို

**ကျိုင်းတုံ၊ မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ ၂ရက်နေ့က စတင်၍ ကျောင်းပြင်ပ နဝမတန်းစာမေးပွဲများဖြေဆိုနေရာ အဆိုပါ စာမေးပွဲတွင် တပ်မတော်သား အများဆုံးဝင်ရောက် ဖြေဆိုကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(ပညာ) ဦးတင့်ဆွေက ပြောကြားသည်။

"နဝမတန်း ပြင်ပဖြေစာမေးပွဲကို ကျောင်းသား၄၀လောက်ဖြေဆိုကြတယ်။ ကျိုင်းတုံမှာက အများဆုံးဖြေဆိုကြပြီး ကျန်တဲ့မြို့တွေမှာက တစ်ယောက်စီသာ ဖြေဆိုကြတယ်။ ကျိုင်းတုံမှာဖြေတဲ့၃၀ကျော်မှာ တပ်မတော်ပညာရေး ၁၂ ကျောင်းက တပ်မတော်သားတွေက အများဆုံးပဲ" ဟု၎င်းကဆိုသည်။

အခြေခံပညာ ကျောင်းများတွင် နဝမတန်းအဆင့်အထိပညာသင်ကြားခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်တပ်မတော်အတွင်း ဝင်ရောက်လာခဲ့သူများကို တပ်မတော်ပညာရေး ကျောင်းများတွင် ဆက်လက် ပညာသင်ကြားပေးကြောင်း၊ ၎င်းတို့အနေနှင့် ပြင်ပဖြေ အထက်တန်းစာမေးပွဲများဖြေဆိုအောင်မြင်ပြီး သတ်မှတ်ချက်ပြည့်မီပါက ဗိုလ်လောင်းသင်တန်း တက်ရောက်ခွင့်ရရှိ၍ ကြိုးစားပါက တပ်သားအဆင့်မှ အရာရှိအဆင့်ရောက်ရှိနိုင်ကြောင်း အငြိမ်းစားတပ်မတော် အရာရှိတစ်ဦးက ရှင်းပြသည်။

ကျိုင်းတုံမြို့ အပါအဝင်ပြည်နယ်အတွင်းရှိ မိုင်းခတ်၊ မိုင်းယောင်း၊ မိုင်းဆတ်နှင့် မိုင်းဖြတ်တို့တွင် မေလ ၂ ရက်နေ့မှ ၈ ရက်နေ့အထိ နဝမတန်း ပြင်ပဖြေစာမေးပွဲများကျင်းပနေရာ ဖြေဆိုရန်စာရင်းပေးသွင်းထားသည့် ကျောင်းသား ၄၁ ဦးအနက် ၃၉ ဦး ဖြေဆိုကြောင်း ယင်းပြည်နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

■ R-16

## ပြည် စည်ပင်ရွေးကောက်ပွဲ မေ ၂၁ အပြီးသတ်ရွေးမည်

**ပြည်၊ မေ ၄**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ပြည်မြို့နယ် စည်ပင်သာယာရေး ကော်မတီ ရွေးကောက်ပွဲကို မေလ ၂၁ ရက်နေ့၌ အပြီးသတ်ရွေးချယ်မည်ဖြစ်ကြောင်း ပြည်မြို့နယ် စည်ပင်သာယာရေး ကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စည်ပင်သာယာ ကော်မတီဝင်လောင်းများအဖြစ် ဝင်ရောက်ရွေးချယ်မည့်သူ ၇၀ ဦးခန့်ရှိပြီး ရွေးကောက်ပွဲကို မေလ ၂၁ ရက်နေ့တွင် အပြီးသတ် ပြုလုပ်မည်ဖြစ်ကြောင်း ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

"ရပ်ကွက်အလိုက် တစ်ရပ်ကွက်ကို သုံးဦးနှုန်းဖြင့် ၄၅ ဦးပြန်လည်ရွေးချယ်ပြီးတော့ ၄၅ ဦးထဲကနေ ပြည်မြို့နယ် စည်ပင်ကော်မတီ ဥက္ကဋ္ဌ(၁) နေရာနဲ့ အဖွဲ့ဝင် ၂ နေရာတို့အတွက် သုံးဦးသာ အဆင့်ဆင့်ပြန်လည်ရွေးချယ်မှုတွေ ပြုလုပ်သွားမှာပါ" ဟု ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသူရမြင့်ဦးက ဆိုသည်။

ရွေးချယ်မည့် ကော်မတီဝင်လောင်းများသည် ပြည်မြို့ပေါ် ၁၀ ရပ်ကွက်မှ ၃၀ ဦး၊ ပေါင်းတလည် ၄ ရပ်ကွက်မှ ၁၂ ဦး၊ ဝက်ထီးကန်မှ ၃ ဦး စုစုပေါင်း ၄၅ ဦး ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မေလ ၈ ရက်နေ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအလိုက် မဲစာရင်းများကို ကပ်ခြင်း၊ ကြေညာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■ M-06

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## မီးလောင်ပျက်စီးခဲ့သည့် မင်းတပ်မြို့ စည်ပင်ဈေး စတင်ဆောက်လုပ်

**ကလေး၊ မေ ၄**

ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက မီးလောင်ပျက်စီးခဲ့သည့် မြို့မဈေးကို နိုင်ငံတော်သမ္မတ အထူးရန်ပုံငွေဖြင့် ယခုလအတွင်း စတင်တည်ဆောက်နေပြီး တစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ပြည်နယ်ဦးစီးမှူး ဦးထလှာဟရဲလ်က ပြောကြားသည်။

"ဈေးတည်ဆောက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် ဒေသခံအရပ်ဘက် အဖွဲ့အစည်းတွေပါဝင်တဲ့ ကော်မတီကိုဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ်တည်ဆောက်သွားမှာပါ။ ရပ်ကွက်သူရပ်ကွက်သားတွေကလည်း ကန့်ကွက်တာမျိုး ကန့်ကွက်စာတင်တာမျိုး မလုပ်ဘဲနဲ့ ဈေးသစ်ကြီးတည်ဆောက်ပြီးစီးဖို့ ဝိုင်းဝန်းကူညီပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ မီးလောင်မှုတွင် ဈေးဆိုင်ခန်း ၆၆ ခန်းပျက်စီးခဲ့ပြီးနောက် ယခုနှစ် မေလ ပထမပတ်မှစတင်၍ ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ပါဝင်သည့် ဈေးသစ်ကို တည်ဆောက်ပေးနေကြောင်း၊ ယင်းဈေးသစ်တည်ဆောက်မှုကို နိုင်ငံတော်သမ္မတ အထူးရန်ပုံငွေ ငွေကျပ်သန်း ၅၀၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဈေးက အခုလောလောဆယ် ယာယီဈေးဆိုတော့ ရောင်းချတဲ့ ပစ္စည်းတွေ ထားဖို့အတွက်လည်း လုံခြုံစိတ်ချရမှုမရှိဘူး။ ဈေးနေရာမရှိတော့ ကားလမ်းဘေးနေရာတွေမှာ ခင်းကျင်းရောင်းချရတယ်။ ယာယီဈေးဆိုတော့ ဟိုတစ်စု ဒီတစ်စုနဲ့ ဈေးဝယ်တဲ့သူရော ဈေးရောင်းတဲ့သူပါ အဆင်မပြေလို့ မြန်မြန်လေးတည်ဆောက်ပေးစေချင်တာပေါ့" ဟု မင်းတပ်မြို့ဒေသခံတစ်ဦးဖြစ်သည့် ဦးမာန်ဟုန်က ပြောဆိုသည်။

အဆိုပါ ဈေးတည်ဆောက်ပြီးပါက မီးလောင်မှုတွင် ပါဝင်ပျက်စီးဆုံးရှုံးခဲ့သူများကို ဦးစားပေး၍ နေရာချထားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပိုသည့်ဆိုင်ခန်းများကိုမူ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့၏စီမံမှုဖြင့် ဆိုင်ခန်းငှားရမ်းပေးမည်ဖြစ်ကြောင်း ဦးထလှာဟရဲလ်က ဆက်လက်ပြောဆိုသည်။

■ R-20

## အမြန်လမ်း၌ ကားပြင်နေသည့် ခရီးသည်တင်ယာဉ်ကို နောက်မှဝင်တိုက်၊ နှစ်ဦးသေ

**တောင်ငူ၊ မေ ၄**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၀၃ အနီးလမ်းအစပ်၌ မေလ ၃ ရက်နေ့ည ၁၀ နာရီခွဲခန့်က ကားရပ်တန့်ပြီး ပြင်ဆင်နေသည့် နန်းထိုက်တော်ဝင် ခရီးသည်တင်ယာဉ်ကို ဟိုက်အေ့စ်ယာဉ်တစ်စင်းက နောက်မှ ဝင်တိုက်မိ၍ အမျိုးသားနှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်) ထံမှ သိရသည်။

"ဒဏ်ရာရသူ နှစ်ဦးကိုလည်း ဖြူးဆေးရုံကြီးကနေ ရန်ကုန်ဆေးရုံကြီးကို လွှဲပြောင်းပေးထားပြီး ဒဏ်ရာအခြေအနေကနည်းနည်းစိုးရိမ်ရတဲ့ အနေအထား ရှိပါတယ်" ဟု ၁၁၅ မိုင် အမြန်လမ်းကြက်ခြေနီစခန်း တာဝန်ခံ ဦးခင်ဇော်က ပြောကြားသည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်မောင်း ဦးသက်အောင်နှင့် ဦးဝင်းမော်ဆိုသူတို့ နှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်) ထံမှ သိရသည်။

■ R-15

## ဆိုင်ကယ်ကို ကုန်ကားဝင်တိုက်၍ အမျိုးသမီးတစ်ဦး သေဆုံး

**တောင်ငူ၊ မေ ၄**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြောက်နန်ချွန်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် မေလ ၃ ရက်နေ့ည ၉ နာရီခန့်က အမျိုးသမီးတစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ကုန်တင်ယာဉ်က နောက်မှကျော်တက်စဉ် ယာဉ်နှင့် ချိတ်မိရာမှ ဆိုင်ကယ်မောင်းသည့် အမျိုးသမီးသေဆုံးခဲ့ကြောင်း ရေတာရှည်မြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကုန်တင်ယာဉ်မောင်း ဦးဇော်လတ်ကို ရေတာရှည်မြို့မရဲစခန်းက ယာဉ်(ပ)၁၇/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ဖြင့် ဖမ်းဆီးအမှုဖွင့်ထားသည်။

■ R-15


Photo- Mg Myo Htet

# ရေယာဉ်နစ်မြုပ်သေဆုံးသူများ၏ လက်ဝတ်ရတနာများ ပြန်ပေးရန်စိစစ်

**ပုသိမ်၊ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြစ် (ငဝန်မြစ်)အတွင်း ဧပြီလ ၇ ရက်နေ့က ခရီးသည်တင်စက်လှေနှင့် ကျောက်တင်သင်္ဘောတိုက်မိမှုတွင် သေဆုံးခဲ့သူများ၏ လက်ဝတ်ရတနာနှင့်ပစ္စည်းများကိုမိသားစုဝင်များထံပြန်ပေးနိုင်ရန် စိစစ်အတည်ပြုခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းကြည်က ပြောကြားသည်။

"တိုင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ်က သေဆုံးသူတွေမှာ ဝတ်ဆင်ပါရှိလာတဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေထံ အမှားအယွင်းမရှိ ပြန်ပေးနိုင်ရေးအတွက် လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ပိုင်ရှင်နဲ့ ပစ္စည်းတွေ မှန်ကန်ဖို့ ပွင့်လင်းမြင်သာစိစစ်ကြတာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဖြစ်စဉ်တွင် သေဆုံးသူ ၃၀ ဦးရှိသည့်အနက် ၂၄ ဦး၌ ဝတ်ဆင်တွေ့ရှိရတဲ့ ဆွဲကြိုးမျိုးစုံ ၁၈ ကုံး၊ နာရီ သုံးလုံး၊ မျက်မှန်တစ်လက်၊ နားကပ်မျိုးစုံ၁၆ ရန်နှင့်တစ်ဖက်၊ လက်စွပ်မျိုးစုံ ၁၈ ကွင်း၊ လက်ကောက်မျိုးစုံ ၂၇ ကွင်း၊ နားကွင်းမျိုးစုံ ၅ ရန်နှင့် တစ်ဖက်နားပိတ်တစ်ခုတို့ကို စိစစ်အတည်ပြုနိုင်ခဲ့ကြောင်း စိစစ်မှုမှတ်တမ်းများအရ သိရသည်။

မေလ ၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်မြို့ ဆိပ်ကမ်းမှ ငဝန်မြစ်ကြောင်းတစ်လျှောက် ငပုတောမြို့နယ် ရခိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအထိ သေဆုံးသူများအတွက် ပရိတ်ရွတ်အမျှဝေမည်ဖြစ်ပြီး အဆိုပါဘုန်းကြီးကျောင်းတွင် ယင်းလက်ဝတ်ရတနာပစ္စည်းများကို သေဆုံးသူများ၏ သက်ဆိုင်သူများလက်သို့ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေးက ပြောကြားသည်။ ■

R-12

# သပိတ်ကျင်းတွင် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရ

**သပိတ်ကျင်း၊ မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းမိုင်ကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာ အရှေ့ဘက် ရွှေဥဒေါင်းကြိုးဝိုင်းနှင့် ကျောက်ကြီးကြိုးဝိုင်းအတွင်း မေလ ၃ ရက်နေ့ နံနက်က တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရကြောင်း ကျောက်ကြီးကျေးရွာဒေသခံများက ပြောကြားသည်။

"ရှင်းရှင်းပြောရရင် အခုဖြစ်စဉ်က တောလိုက်မုဆိုးတွေရဲ့လက်ချက်ပါ။ အရင်ကလည်း မုဆိုးသတ်ဖြတ်ကြလို့ ဆင်သုံးကောင်လောက် ဒီဒေသမှာ သေပြီးပါပြီ။ ရွာကလူတွေ တောကို သွားရင်းလာရင်းနဲ့ သတ်ဖြတ်ထားတာတွေ့လို့ သက်ဆိုင်ရာအဖွဲ့တွေကို အသိပေးအကြောင်းကြားခဲ့တာပါ"ဟု ၎င်းကဆိုသည်။

သေဆုံးနေသည့် တောဆင်ရိုင်းသည် အရေခွံများဆုတ်ထားပြီး ဆင်စွယ်ကိုလည်းဖြတ်ယူထားကြောင်း စမွာယ်နဂိုရ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောဆိုသည်။

"အခု တောဆင်ရိုင်းကိုသတ်တဲ့ အဖွဲ့တွေထွက်ပြေးသွားပေမယ့် ဘယ်သူတွေဆိုတာတော့ သိရှိထားပါတယ်။ ဒီပြစ်မှုကျူးလွန်သူတွေကို သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ" ဟု ၉ မိုင်ကျေးရွာ သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ရွှေဥဒေါင်းဘေးမဲ့တော ရှေ့တန်းရုံးစခန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အလားတူ ဇန်နဝါရီလ ၂၃ ရက်နေ့က အုံးဖုံးကျေးရွာအုပ်စု မြေနီတောင်ကျေးရွာအရှေ့တောင်ဘက်အကွက်အမှတ် (၄၈) ချောင်းကြီး သစ်တောကြိုးဝိုင်း အူးဆေးချောင်းလက်တက်အနီး တောဆင်ရိုင်းတစ်ကောင် အရေခွံနှင့် အစွယ်များကို ဖြတ်ယူကာ သတ်ဖြတ်ခံခဲ့ရသည်။ ■

R-05

# NEWS IN BRIEF

## အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက် သေဆုံး

ပဲခူးတိုင်းဒေသကြီး ဇေယျဝတီမြို့အရှေ့ရမ်ပူကျေးရွာတွင် မေလ ၂ ရက်နေ့ နံနက် ၁၁ နာရီခန့်က ခင်ပွန်းဖြစ်သူက လုပ်ကိုင်ကျွေးမွေးခြင်းမရှိဘဲ အရက်သေစာသောက်စား မူးယစ်နေသည်ကို စိတ်ဓာတ်ကျနေသည့် အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက် သေဆုံးခဲ့ကြောင်း ဇေယျဝတီနယ်မြေ ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ သေဆုံးသူသည် ဇေယျဝတီ မြို့အရှေ့ရမ်ပူကျေးရွာနေ အသက် ၄၀ အရွယ် ဒေါ်ရပ်ကူမာရီဆိုသူဖြစ်ပြီး အဆိုပါနေ့က အော့အန်နေသည်ကို သမီးဖြစ်သူက တွေ့ရှိခဲ့ရသဖြင့် အနီးပတ်ဝန်းကျင်ကို အကြောင်းကြား စစ်ဆေးရာမှ ပိုးသတ်ဆေးသောက်ထားသည်ကို တွေ့ရှိရသဖြင့် ဖြူး ဆေးရုံကြီးသို့ ပို့ဆောင်ကုသနေစဉ် ယင်းနေ့မွန်းလွဲ ၂ နာရီခွဲခန့်က သေဆုံးခဲ့ကြောင်း ယင်းစခန်းထံမှ သိရသည်။ ■ R-15

## ကျေးရွာပိုင်ငါးကန်အတွင်း အမျိုးသားအလောင်းတွေ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ် ဝမ်အွဲရွာတွင် မေလ ၂ ရက်နေ့ မွန်းတည့် ၁၂ နာရီခန့်က ကျေးရွာပိုင် ငါးကန်အတွင်း အမည်မသိ အသက် ၂၇ နှစ်ခန့်အရွယ် အမျိုးသားအလောင်းတွေ့ရှိခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းက ပြောကြားသည်။

"သေဆုံးသူက ငါးကန်အတွင်းမှာ မှောက်လျက်ပေါ်လာမှ ရွာကလူတွေသိတာ။ သေဆုံးချိန်က တစ်ပတ်လောက်ရှိနေပြီမို့ ပုပ်ပွနေပြီ။ အခုချိန်အထိတော့သေဆုံးသူရဲ့အမည်နဲ့ နေရပ်လိပ်စာမသိရသေးဘူး" ဟု၎င်းကဆိုသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးနေပြီး သေမှုသေခင်းအမှတ်စဉ် (၁၀/၂၀၁၇) ဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

## ကျောက်တော်ရေပေါ်သင်္ကြန်တွင် ရေနစ်ပျောက်ဆုံးသည့် မီးသတ်တပ်ဖွဲ့ဝင်အလောင်းပြန်တွေ့

ရခိုင်ပြည်နယ် ကျောက်တော်မြို့ ကျောက်တော်တောင်ဘုရားပွဲ ရေပေါ်သင်္ကြန်တွင် မေလ ၁ ရက်နေ့က ရေနစ်ပျောက်ဆုံးခဲ့သည် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏အလောင်း ကိုမေလ ၂ရက်နေ့က ပြန်လည်တွေ့ရှိခဲ့ကြောင်း ကျောက်တော်မြို့ မြို့မရဲစခန်းထံမှ သိရသည်။

ကျောက်တော်တောင် ဘုရားပွဲတော်ကို နှစ်စဉ် ကစ္စပနဒီမြစ်အတွင်း ရေပေါ်သင်္ကြန်ပွဲတော်အဖြစ် လောင်းလှေများဖြင့် ရေပက် ကစားကြပြီး ယခင်နှစ်များက ယခုကဲ့သို့ သေဆုံးမှုများမရှိခဲ့ဖူးကြောင်း ကျောက်တော်ဒေသခံ ဦးဝင်းမြင့်ဦးက ပြောကြားသည်။

ယခုသေဆုံးသူသည် တာဝန်ချိန် မဟုတ်ဘဲ မြစ်အတွင်းလှေအပျော်စီးရာမှ ယင်းသို့သေဆုံးခဲ့ခြင်းဖြစ်ကာ သေမှုသေခင်း ၇/ ၂၀၁၇ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ကျောက်တော်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ R-04

# ရဲအုပ်ကို ခြိမ်းခြောက်သူအား ပုဒ်မသုံးခုဖြင့် အမှုဖွင့်

**ဟင်္သာတ၊ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ရဲအုပ်ကို လည်ပင်းညှစ်၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သူကို ပုဒ်မသုံးခုဖြင့် အမှုဖွင့်ထားကြောင်း ထူးကြီးနယ်မြေရဲတပ်ဖွဲ့ထံမှ သိရသည်။

ထူးကြီးမြို့အမှတ် ၃ ရပ်ကွက်လမ်းပေါ်တွင် ဆိုင်ကယ်သံဆူညံစွာဖြင့် အသက်အန္တရာယ်ရှိနိုင်သည့် မောင်းနှင်မှုမျိုး ပြုလုပ်နေသည်ဟု ရာအိမ်မှူး ဦးထွန်းထွန်းက ဖုန်းဖြင့်တိုင်ကြားခဲ့သည့်အပေါ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ရွှေအေးက လာရောက်စစ်ဆေးခဲ့ရာတွင် ဆိုင်ကယ်မောင်းနှင်လာသူ ၁၉ နှစ်အရွယ် အာနိုး(ခ)သက်နိုင်အောင်ကို ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် ပြောဆိုရာတွင် ၎င်းက ရဲအုပ်ရွှေအေး၏ လည်ပင်းကိုညှစ်၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် ယင်းသို့ အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ စခန်းတာဝန်ရှိသူများထံမှ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အာနိုး(ခ)သက်နိုင်အောင်ကို ထူးကြီးနယ်မြေရဲတပ်ဖွဲ့စခန်းက (ပ)အမှတ် ၃၄/ ၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၅၃/ ၅၀၆/ ၂၇၉ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။ ■ R-13

# ဇရပ်ကြီးဒေသ မိုးကောင်းကျေးရွာတွင် သေနတ်နှင့် စိတ်ကြွဆေးပြားများဖမ်းမိ

**တောင်ငူ၊ မေ ၄**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးဒေသ မိုးကောင်းကျေးရွာရှိ နေအိမ်တစ်ခုကို မေလ ၃ ရက်နေ့ နံနက် ၁ နာရီကျော်က သတင်းအရဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀ ကျော်နှင့် သေနတ်တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းသိရှိရသည်။

"အဓိက တရားခံကထွက်ပြေးလွတ်မြောက်သွားပေမယ့် သားဖြစ်သူနဲ့ အမျိုးသား၊ အမျိုးသမီးသုံးဦးကိုဖမ်းဆီးရမိခဲ့ပါတယ်"ဟု ဝင်ရောက်ဖမ်းဆီးရာတွင် ပါဝင်ခဲ့သည့် ရဲအရာရှိတစ်ဦးက ဆိုသည်။

ထန်းတပင်မြို့နယ်၊ မိုးကောင်းကျေးရွာနေ အသက် ၅၄ နှစ်အရွယ် ဦးနိုင်ကြီးဆိုသူ၏ ဓာတ်ဆီဆိုင်နှင့် နေအိမ်ခြံဝင်းကိုဝင်ရောက်ရှာဖွေရာမှ ဘီယာဘူးခွံများဖြင့် ထည့်ထားသည့် စိတ်ကြွဆေးပြား ၂၀၀၀ နှင့် ငွေစက္ကူ ၁၃၀,၀၀၀ ကျပ်ကို ဓာတ်ဆီဆိုင်မှလည်းကောင်း၊ နေအိမ်မှစိတ်ကြွဆေးပြား ၁၁၅ ပြားနှင့် သေနတ်တစ်လက်အပါအဝင် ကျည်ငါးတောင့်နှင့်အတူ အမျိုးသမီးတစ်ဦး၊ အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး နိုင်ကြီးဆိုသူမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ အသက် ၄၀ ကျော်အရွယ် ဒေါ်စန်း၊ ဝင်းမြင့်နှင့် အသက် ၂၈နှစ်အရွယ် မွတ်တား(ခ)စန္ဒာဆိုသူတို့ကို ဇရပ်ကြီးနယ်မြေရဲစခန်းက မူးယစ်(ပ)၂/၂၀၁၇ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၀/၂၂(ခ)အရ အမှုဖွင့်လှုပ်စစ်ဆေးလျက်ရှိသည်။ ■ R-15


ဓာတ်ပုံ – ဦးလှမိုး

သေနတ်ပစ်ခံရ၍ သေဆုံးသွားသူကို တာချီလိတ်နာရေးကူညီမှုအသင်းက သယ်ဆောင်နေစဉ်

# တာချီလိတ်တွင် အမျိုးသားတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရ

**ကျိုင်းတုံ၊ မေ ၄**

တာချီလိတ်မြို့မယ်ခေါင်ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် မေလ ၃ ရက်နေ့ မွန်းလွဲ ၂ နာရီခန့်က အမျိုးသားတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရ၍ သေဆုံးကြောင်း တာချီလိတ်မြို့မ ရဲစခန်းထံမှ သိရသည်။

ကြက်သွန်ဖြူအရောင်းအဝယ်လုပ်သည့် အသက် ၃၀ နှစ်ခန့်အရွယ် ဦးစိုင်းရီသည် အဆိုပါနေ့က နေအိမ်အတွင်းရှိနေစဉ် အမည်မသိသေနတ်သမားက ဝင်ရောက်ပစ်ခတ်ခဲ့၍ ကျောဝဲဘက်လက်ပြင်နှင့် ကျောဝဲဘက်ခါးတွင် ကျည်ဝင်ဒဏ်ရာတစ်ချက်စီနှင့် ယာဘက်ရင်အုံနှင့် လည်ပင်းရှေ့ဘက်တွင် ကျည်ထွက်ဒဏ်ရာတစ်ချက်စီရပြီး သေဆုံးခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး (ဦးစီး) မျိုးသိန်းက ပြောကြားသည်။

"တရားခံဖမ်းဆီးရမိဖို့ စုံစမ်းနေပါတယ်။ သေဆုံးသူအနီးကနေ ၉ MM ကျည်ခွံနှစ်ခုနဲ့ ကျည်ထိပ်ဖူးတစ်ခု သိမ်းဆည်းရမိထားတယ်" ဟု ၎င်းကဆိုသည်။

တာချီလိတ်မြို့တွင် သေနတ်ပစ်ခတ်မှုများကြောင့် လူသေဆုံးမှုများ မကြာခဏဖြစ်ပေါ်နေကြောင်း တာချီလိတ်မြို့မ ရဲစခန်းထံမှ သိရသည်။ ■ R-16

# ယာဉ်ထိန်းရဲ အယောင်ဆောင် ငွေတောင်းသူများကို ဖမ်းမိ

**တောင်ငူ၊ မေ ၄**

နေပြည်တော်ကောင်စီ လယ်ဝေးမြို့နယ် လောမြို့ လော-ရွာသစ်မြို့ရှောင်လမ်းပေါ်တွင် မေလ ၂ ရက်နေ့ ည ၁၁ နာရီခန့်က ကုန်တင်ယာဉ်များကို ရပ်တန့်စစ်ဆေးကာ ယာဉ်ထိန်းအယောင်ဆောင်ပြီး ငွေတောင်းခံနေသူများအနက် အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း လောနယ်မြေရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

"စခန်း လှည့်ကင်းပတ်နေတုန်း မြို့ရှောင်လမ်းပေါ်မှာ ယာဉ်ထိန်းဝတ်စုံတွေနဲ့ သူတို့အုပ်စုကိုမြင်လို့ ရပ်ကြည့်မိတော့ ထွက်ပြေးကုန်တာပါ။ အခင်းဖြစ်တဲ့ညကတစ်ယောက်ဖမ်းမိတယ်၊နောက်တစ်နေ့ညမှာတစ်ယောက် ဖမ်းမိပါတယ်။ ကျန်တစ်ဦးကိုစုံစမ်းနေပါတယ်" ဟု လောနယ်မြေရဲစခန်းမှ ဒုရဲအုပ် မင်းမင်းထွန်းက ဆိုသည်။

ယင်းဖြစ်စဉ်ကို လောနယ်မြေရဲစခန်းက (ပ)၁၁၉/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၁၇၀/၄၂၀/ ၄၆၈ ဖြင့်အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ ■ R-15

# ပြည်ထောင်စုလမ်းတွင် ကုန်တင်ယာဉ်မှောက်၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ကျိုင်းတုံ၊ မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၊ ပန်လော့ (အထက်) ရွာအနီး ကျိုင်းတုံ - တာချီလိတ်ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၆၅၇ နှင့် ၆၅၈ အကြားတွင် မေလ ၃ ရက်နေ့ ညနေ ၄ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်၍ တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကျိုင်းတုံမြို့အမှတ်(၁၁၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူးရုံးထံမှ သိရသည်။

အဆိုပါနေ့က တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ အိမ်ဆောက်ပစ္စည်းများ တင်ဆောင်လာသည့် LIGHT TRUCK ယာဉ်တစ်စီးသည် အခင်းဖြစ် ကုန်းဆင်းအရောက်တွင် အရှိန်လွန်ကာလမ်းဘေးရှိ ကျောက်တုံးများကိုတိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်လွင်က ပြောကြားသည်။

"ဒီကုန်းဆင်းက သတိမထားရင် အရှိန်လွန်ပြီး ခဏတိုင်းမှောက်တတ်တယ်။ ကားပေါ်မှာကဘိလပ်မြေအိတ်တွေ၊ သွပ်တွေနဲ့ ဆေးပုံးတွေတင်လာတယ်။ ကားကကျောက်တုံးတွေ တိုက်မိပြီးတစ်စစီပျက်စီးသွားတယ်။ ကားသမားက ဒူးပြတ်ပြီးသေဆုံးသွားပြီး ကျန်နှစ်ယောက်က ဒဏ်ရာရပေမယ့် အသက်အန္တရာယ်မစိုးရိမ်ရဘူး" ဟု ၎င်းက ဆိုသည်။

ယင်းဖြစ်စဉ်တွင် အသက် ၅၉ နှစ်အရွယ်ဦးမြင့်တင်နှင့် အသက်၁၇ နှစ်အရွယ်မင်းခန့်ကျော်တို့ နှစ်ဦးသည်ဒဏ်ရာအသီးသီးရရှိခဲ့၍ ကျိုင်းတုံ ဆေးရုံကြီးတွင် ဆေးကုသပေးနေကြောင်း၊ ယင်းကြောင့်အသက်၅၀ နှစ်ခန့်အရွယ်ဦးတင်မြင့် (သေဆုံး)ကို ယာဉ်(ပ)၁၃/၂၀၁၇ ၊ရာဇသတ်ကြီး ပုဒ်မ ၂၇၉/၃၃၈/၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

# သပိတ်ကျင်းရှိ ကျေးရွာ ၈ ရွာ နယ်နိမိတ်သတ်မှတ်မှု စစ်ဆေး

**သပိတ်ကျင်း၊ မေ ၄**

ပြည်ထဲရေး အမည်ပေါက် သတ်မှတ်နယ်နိမိတ်ကျောက်တိုင်အတည်ပြုနိုင်ရေး မေလ ၄ ရက်နေ့ နံနက်က မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ရှစ်ရွာကိုကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ပြောကြားသည်။

အုံးဖုံးအုပ်စုရှိ ကျေးရွာရှစ်ရွာမှ ဇရပ်ကွင်းကျေးရွာ၊ ငွေဖြူတောင်ဘုန်းကြီးကျောင်း၊ တိုက်နယ် ဆေးရုံ၊ ဝါးဖြူတောင်ဘုန်းကြီးကျောင်း၊ သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက်မှ မြို့ဦးတောင်ဘုန်းကြီးကျောင်း၊ လိပ်ကျကျေးရွာမှ အလယ်တန်းကျောင်းတို့ကို မြေပြင်ကွင်းဆင်းဆောင်ရွက်နေကြောင်း ၎င်းကပြောဆိုသည်။

ကျေးရွာမြေ သတ်မှတ်ကျောက်တိုင်အတည်ပြုနိုင်ရေးအတွက် နေပြည်တော် သက်ဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အမှတ်(၁) မြေတိုင်းအဖွဲ့ဦးမောင်မောင်ထွေးဦးဆောင်သည့်အဖွဲ့နှင့် ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အဖွဲ့များ၊ ခရိုင်လယ်ယာစာရင်းအင်းဦးစီးမှူးဌာနတာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ကာ စစ်ဆေးတိုင်းတာခြင်းဖြစ်သည်။ ■R-05

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## မှုခင်းသတင်းတိုများ

■ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၂)ရပ်ကွက်၊ ရေဝဏ်လမ်းအတိုင်း(အနောက်မှအရှေ့)သို့ မောင်းနှင်လာသော YBS အမှတ်(၄) ဟွန်ဒိုင်းအပြာရောင်ယာဉ်သည် မေလ ၃ ရက် ညနေပိုင်းက သစ်ဆိပ်မှတ်တိုင်အနီးအရောက် လမ်းဖြတ်ကူးသူ အသက် ၁၃ နှစ်အရွယ် အမျိုးသမီးကို ဝင်တိုက်ခဲ့ရာ နောက်စေ့ဖူးရောင်၊ ဘယ်နား သွေးထွက်၊ဘယ်ပါးစုတ်ပြဲ ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အမျိုးသားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၂၀၂ ဖြင့် အမှုဖွင့်ထားသည်။

■ တိုက်ကြီးမြို့နယ်၊ တိုက်ကြီး-ဖောင်ကြီးကားလမ်းဘေးရှိ ကိုက် ၅၀ ခန့်အကွာ၊ ချောင်းဘေးရှိ ရေသဖန်းပင်တွင် မေ ၃ ရက် ညနေပိုင်းက ချေးငွေယူထားရာမှ ပြန်မဆပ်နိုင်၍ စိတ်ဖောက်ပြန်နေသူ အသက် ၂၂ နှစ်အရွယ် အမျိုးသား ကြိုးဆွဲချသေဆုံးခဲ့ပြီး ရုပ်အလောင်းအား တိုက်ကြီးဆေးရုံသို့ပို့ဆောင်ကာ ဓမ္မတာတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းမှ သေမှု သေခင်းအမှတ်စဉ် ၁၂/၁၇ ဖြင့် ဖွင့်လှစ်စစ်ဆေးလျက်ရှိသည်။

■ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်းရှိ ဆောက်လက်စကန်ထရိုက်တွင် မေလ ၃ ရက် နံနက်ပိုင်းက အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး ၅ လွှာတိုက်ခန်းပေါ်မှ ပြုတ်ကျခဲ့ပြီး ပေါက်ပြဲ၊ ပွန်းပဲ့ ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ်သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၉/၁၇ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ထားသည်။

■ လှည်းကူးမြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းအတိုင်း(အရှေ့မှအနောက်)သို့ မောင်းနှင်လာသော ဖီလင်-၁၁၀ အစိမ်းရောင်ဆိုင်ကယ်သည် ဒရယ်ဘိုကျေးရွာအနီးတွင် မေလ ၃ ရက်နံနက်ပိုင်းက အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအားဝင်တိုက်ပြီး လမ်းညာလက်သို့တိမ်းမှောက်ကာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာဖြင့် အသက် ၃၂ နှစ်အရွယ် ဆိုင်ကယ်စီးအမျိုးသားတစ်ဦးနေရာတွင်သေဆုံးခဲ့သဖြင့် လှည်းကူးမြို့မရဲစခန်းမှ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/၂၇၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။ **J 16**

The VOICE Daily CARTOON




# ပြည်လမ်း ဘီအိုစီမှတ်တိုင်တွင် ကိုယ်ပိုင်ယာဉ်တစ်စီး ဓားပြတိုက်ခံရ

**ရန်ကုန်၊ မေ ၄**

မင်္ဂလာဒုံမြို့နယ်ရှိ ပြည်လမ်း ဘီအိုစီမှတ်တိုင်တွင် Honda Fit အမျိုးအစား အဖြူရောင် ကိုယ်ပိုင်ယာဉ်တစ်စီးပေါ်ပါ မိသားစုဝင်များကို အမည်မသိ အမျိုးသားလေးဦးက ဓားပြခြိမ်းခြောက်၍ လက်ဝတ်ရွှေထည်နှင့်ငွေများ လုယူခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လုယက်ခံရသည့် မိသားစုမှာ ပဲခူးမြို့တွင် နေထိုင်သူများဖြစ်ပြီး မေလ ၂ ရက် ည ၁၁ နာရီခွဲက ရန်ကုန်လေဆိပ်မှ နေအိမ်သို့ ကိုယ်ပိုင်ယာဉ်ဖြင့် ပြန်လာစဉ် ပြည်လမ်းရှိ ဘီအိုစီမှတ်တိုင်အရောက် ယာဉ်ရပ်ပြီး ကလေးဖြစ်သူ လမ်းဘေး၌ အပေါ့သွားချိန် နောက်အမိုးဖွင့်ထားသည့် အဖြူရောင်ဗင်တစ်စီး ရောက်ရှိလာပြီး ယင်းယာဉ်ပေါ်ပါ အမျိုးသားလေးဦးက ဓားပြခြိမ်းခြောက်၍ ငွေနှင့်ရွှေထည်များ လုယူသွားခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ သိရသည်။

“သားဖြစ်သူ ကိုရီးယားသွားလို့ မိသားစုလိုက် ကားနဲ့လိုက်ပို့ပြီး ပဲခူးက နေအိမ်ပြန်ချိန် လမ်းခုလတ်မှာ လုယက်ခံရတာ၊ ကားပေါ် ပါလာတဲ့ မြေးဖြစ်သူကို အပေါ့ဆင်းတည်ချိန် လူလေးယောက်က ကားနဲ့ရောက်လာတယ်၊ ပြီးတော့ သူတို့ကို ဓားတွေနဲ့ထောက်ပြီး ရှိတာအကုန် ထုတ်ဆိုပြီး ဝတ်ထားတဲ့ရွှေတွေနဲ့ လက်ကိုင်ဖုန်း၊ ငွေတွေ လုယူသွားတာပါ၊ ပြစ်မှုကျူးလွန်သူတွေကို မမိသေးပါဘူး” ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

ဓားထောက်ခြိမ်းခြောက်လုယက်သူများမှ ကိုယ်ပိုင်ယာဉ်ပေါ်ပါ မိသားစုဝင်များ ဝတ်ဆင်ထားသည့် စိန်နားကပ်တစ်ရန်၊ လက်စွပ်နှစ်ကွင်း၊ ဆွဲကြိုးသုံးကုံး၊ နှင့် ငွေကျပ် ငါးသိန်း၊ iPhone 7 လက်ကိုင်ဖုန်းတစ်လုံးနှင့် Mi လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်သွားပြီး ထောက်ကြန့်ဘက်သို့ ယာဉ်မောင်းနှင် ထွက်ပြေးခဲ့သောကြောင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် မင်္ဂလာဒုံမြို့မရဲစခန်းက (ပ) ၅၄၄/ ၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂/ ၁၁၄ ဖြင့်အမှုဖွင့်စုံစမ်းဆောင်ရွက်နေကြောင်း သိရသည်။

■ **S 03**

# တာမွေ ၁၅၇ လမ်းတွင် ကျပ်သိန်းတစ်ရာကျော်ရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရန်ကုန်၊ မေ ၄**

တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ ၁၅၇ လမ်းတွင် မူးယစ်သတင်းရရှိထားသည့် အမျိုးသမီးနှစ်ဦးကို စစ်ဆေးရာမှ ကျပ်သိန်းတစ်ရာကျော် တန်ဖိုးရှိသော စိတ်ကြွဆေးပြားများကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

မေလ ၂ ရက်နေ့က မူးယစ်တပ်ဖွဲ့စု (၄၁) မှ တပ်ဖွဲ့ဝင်များသည် ၁၅၇ လမ်းရှိ တိုက်အမှတ်(၄၄) ရှေ့တွင် မမေသဒ္ဒါထက်နှင့် မသန်းသန်းခိုင်တို့ နှစ်ဦးကို ပိတ်ဆို့စစ်ဆေးရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြားကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နေထိုင်ရာ တိုက်အမှတ် (၄၄)ရှိ သုံးလွှာတိုက်ခန်းတစ်ခန်းကို ဆက်လက် ရှာဖွေခဲ့ရာ မသန်းသန်းခိုင်၏ ခင်ပွန်းဖြစ်သူ ကျော်သူကို တွေ့ရှိခဲ့ပြီး ယင်းနေအိမ်ရှိ အိမ်သာအတွင်း ပဲနို့ဘူးခွံများအတွင်း သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၇၈၀ ပြားကို ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းမိခဲ့သည့် သုံးဦးမှာ ရန်ကုန်မြို့အတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေသူများဖြစ်ပြီး ယင်းအမှုနှင့်ပတ်သက်၍ ဆက်နွယ်ပါဝင်သူများကို ထပ်မံ ဖော်ထုတ်အရေးယူရန် ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း တာမွေမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

■

## အသက် ၄ နှစ်အရွယ်ကလေးငယ်အား လိင်တူပြုကျင့်သူကို အမှုဖွင့်ဖမ်းဆီး

**ရန်ကုန်၊ မေ ၄**

အသက် ၄ နှစ် ၈ လ အရွယ်ကလေးငယ်အား လိင်တူချင်းအဓမ္မပြုကျင့်သူ အမျိုးသားကို မေလ ၂ ရက်နေ့က ဖမ်းဆီးအရေးယူထားကြောင်း ဒလမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဒလမြို့နယ် တာကြီးရပ်ကွက်တွင် နေထိုင်သူ အသက် ၁၅ နှစ်အရွယ် ကျော်ဇင်ကိုကို(ခ)ကိုကိုဖြစ်ပြီး ဧပြီလ ၃၀ ရက် ညပိုင်းက ယင်းကလေးငယ်အား မုန့်ဝယ်ကျွေးမည်ဟုဆိုကာ ခေါ်ဆောင်သွားပြီး လိင်တူချင်း အဓမ္မပြုကျင့်ခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ဒလမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

“သူက ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးပါ၊ သူက ကလေးကို နေအိမ်အပြင်ခေါ်ပြီး မဖွယ်မရာပြုလုပ်တဲ့အတွက် ကလေးက ငိုပြီးပြန်လာတယ်၊ အဲဒါကြောင့် ကလေးကို မေးမြန်းရာက အတင်းအဓမ္မ လိင်တူပြုကျင့်ခဲ့တာလို့ သိရတယ်၊ အခု ကျူးလွန်တဲ့သူကို ဖမ်းထားတယ်။ အဓမ္မပြုကျင့်ခံရတဲ့ ကလေးကိုလည်း ဆေးစစ်ပြီးပြီ၊ ပြန်ကြားစာတော့ မရသေးဘူး၊ ဖမ်းထားတဲ့သူကို စစ်ဆေးပြီး ရဲလုပ်ငန်းကုန်ရင်တော့ ချုပ်ရမန်ယူပြီး အင်းစိန်ထောင် ပို့မယ်” ဟု ဒလမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကလေးငယ်အား အဓမ္မပြုကျင့်သည့်အမျိုးသားကို ဒလမြို့မရဲစခန်းမှ (ပ) ၃၈၈/ ၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းစေရန် ရပ်ကွက်၊ ကျေးရွာများအထိ မှုခင်းအသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ၁၁၀ မှု၊ ၂၀၁၆ ခုနှစ်တွင် ၂၂၉ မှုနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ မှ ဧပြီလ ၃၀ ရက် အထိ ၉၆ မှုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **J 16**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက ...

ဖုန်း - ၀၉ ၇၈၅၅၅၇၇၂

# မုံရွာတွင် ရုပ်ရှင်ရုံ ပြန်လည်ဖွင့်လှစ်

**မုံရွာ၊ မေ ၄**

လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်၍ ရုပ်ရှင်ရုံကြီးများ ပြသမှုရပ်နားထားသည့် မုံရွာမြို့တွင် မေလ ၅ ရက်နေ့၌ ပထမဆုံးအဖြစ် ရုပ်ရှင်ရုံတစ်ရုံကို ပြန်လည် ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန တိုင်းဒေသကြီး လုပ်ငန်းစုရုံးထံမှ သိရသည်။

မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ Paradiso 3D ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံကို ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ထပ်မံဖွင့်လှစ် ပြသရန်အဆိုပြုထားသည့် ရုပ်ရှင်ရုံနှစ်ရုံရှိကြောင်း၊ ယခင်မြစန္ဒာရုပ်ရှင်ရုံမှာလည်းတစ်နှစ်အတွင်း ပြန်လည်ပြသရန် အစီအစဉ် ရှိနေကြောင်း အဆိုပါဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြောကြားသည်။

"မြစန္ဒာရုပ်ရှင်ရုံက ၂၀၁၄ မှာပြင်ဆင်ဖို့ တရားဝင်ရပ်နားစာတင်ပေမယ့် မပြဘဲထားတာကြာပြီ။ အခုရုပ်ရှင်ရုံက ငါးနှစ်အတွင်းမှာ ပထမဆုံးပေါ်လာတဲ့ရုံပါ" ဟု ၎င်းက ဆိုသည်။

ယခုဖွင့်လှစ်သည့် Paradiso 3D ရုပ်ရှင်ရုံသည် ဗဟိုမူဝါဒရုပ်ရှင်ရုံတစ်ရာစီမံကိန်းတွင်ပါဝင်ပြီး ရုပ်ရှင်ရုံဝင်ခကို လေးမျိုး သတ်မှတ်ထားကာ ကျပ် ၁၀၀၀ မှ ၅၀၀၀ အထိရှိ၍ ထိုင်ခုံ ၃၂၀ ဝင်ဆံ့ကြောင်း အဆိုပါရုံမန်နေဂျာ ဦးမျိုးမင်းထွန်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းအတွင်း လက်ရှိတွင် ကလေးမြို့မှ ပြည်တော်ချစ်ရုပ်ရှင်ရုံ၊ ရွှေဘိုမြို့ရှိ ဝင်းရုံနှစ်ရုံသာပြသနေပြီး မုံရွာတွင် မြစန္ဒာ၊ စစ်ကိုင်းမြို့တွင် ဇေယျာသီရိ၊ ကသာမြို့တွင် မင်းသီဟရုပ်ရှင်ရုံတို့မှာ ပြန်လည်ပြသရန် အစီအစဉ်ရှိနေကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။

Paradiso 3D ကုမ္ပဏီသည် ရုပ်ရှင်သရုပ်ဆောင်လွင်မိုးက ဒုတိယဥက္ကဋ္ဌတာဝန်ယူကာ မြန်မာနိုင်ငံ၌ ရုပ်ရှင်ရုံ တစ်ရာပေါ်ပေါက်ရေး စီမံကိန်းကို လုပ်ဆောင်လျက်ရှိခြင်းဖြစ်ပြီး ပထမဆုံးရုပ်ရှင်ရုံကို မော်ဘီတွင် စတင်ဖွင့်လှစ်ခဲ့ကာ ယခုမုံရွာမြို့၌ ဒုတိယမြောက်ရုံအဖြစ်ဖွင့်လှစ်ခြင်းဖြစ်သည်။

■ **R-08**

# ပစ္စည်းခိုးယူစဉ် အိမ်ရှင်မိ၍ မီးရှို့ထွက်ပြေး၊ ကျပ်သိန်းသုံးရာကျော်ခိုးခံရ

**မြစ်ကြီးနား၊ မေ ၄**

မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်တွင် မေလ ၄ ရက်နေ့ နံနက် ၄ နာရီခန့်က နေအိမ်အတွင်း ထွင်းဖောက်ဝင်ရောက်၍ ပစ္စည်းခိုးယူနေစဉ် အိမ်ရှင်မိသဖြင့် အိမ်ကို မီးရှို့ထွက်ပြေးသွားကြောင်း မြစ်ကြီးနားမြို့နယ် မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

ဦးတင်ဆွေ၏ နေအိမ်အတွင်းသို့ အမျိုးသားတစ်ဦးက ဝင်ရောက်ထွင်းဖောက်ပစ္စည်းခိုးယူနေစဉ် ဦးတင်ဆွေ၏ အိမ်မှ အိမ်အကူအမျိုးသမီးနှစ်ဦးက မြင်တွေ့သဖြင့် ၎င်းတို့နှစ်ဦးကို ရိုက်နှက်ထိုးကြိတ်၍ ဆိုဖာဆက်တီကိုမီးရှို့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ နေအိမ်မှ ရိုက်နှက်ထိုးကြိတ်ခံရသူ အမျိုးသမီးနှစ်ဦးမှာ လက်ရှိ၌ မြစ်ကြီးနားဆေးရုံတွင် ကုသမှုခံယူနေကြောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးစုံစမ်းနေကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ကျူးလွန်သူသည် ယင်းနေအိမ်အတွင်းရှိ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာနှင့် ငွေစက္ကူများစုစုပေါင်း ကာလတန်ဖိုး ကျပ် ၃၀၉ သိန်းကျော်ကို ယူဆောင် ကာ ထွက် ပြေးလွတ် မြောက် သွားကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

■ **R-06**

# ဗားကရားဆိပ်ကမ်းသင်္ဘောနစ်မြုပ်မှုတွင် တာဝန်ရှိသူ ရေယာဉ်မှူးကို အမှုဖွင့်

**ရန်ကုန်၊ မေ ၄**

ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ကမ်းနားလမ်း၊ ဗေတံတားဆိပ်ကမ်းအနီးတွင် ဆိုက်ကပ်သော ကုန်တင်ရေယာဉ်တစ်စီးမှာ ဧပြီလ ၂၆ ရက် ညနေ ၄ နာရီခန့်က ကုန်ပစ္စည်းများမညီ မမျှဖြစ်ပြီး ညာဘက်အခြမ်းသို့ တိမ်းစောင်းမှောက်ခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသူရေယာဉ်မောင်းကို အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါနစ်မြုပ်ခဲ့သည့်ရန်ကုန်-စစ်တွေ ပြေးဆွဲသည့် MVရွှေလက်ဝါးကုန်တင်သင်္ဘောမှာ ယင်းနေ့က ကုန်ပစ္စည်းများတင်ဆောင်ပြီး စစ်တွေသို့ထွက်ခွာရန် ကမ်းမှခွာစဉ် ကုန်တင်ဆောင်မှုမမျှတ၍ ညာဘက် အခြမ်းသို့တိမ်းစောင်းသွားရာမှ ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါသင်္ဘောနစ်မြုပ်မှုကြောင့် တာဝန်ရှိသူအသက် ၃၀ အရွယ် ရေယာဉ်မှူး မင်းကိုကိုအား ဆိပ်ကမ်းမြို့မရဲစခန်းက (ပ)၈၈/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၂ဖြင့် အမှုဖွင့်ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ကားနှစ်စီးကပါမသွားဘူး၊ အဲဒီကားနှစ်စီးကို တင်ပြီးပြီးချင်းနစ်မြုပ်သွားတာ၊ ဆိုင်ကယ်သုံးစီး၊ စားအုန်းဆီနဲ့စားသောက်ကုန်မျိုးစုံပါသွားတာ၊ သိန်းပေါင်း ၁၄၀၀ ကျော်ရှိတယ်လို့ခန့်မှန်းတွက်ထားပါတယ်"ဟု ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နစ်မြုပ်သွားသည့် ရေယာဉ်နှင့်ပတ်သက်၍ တစ်ပတ်အတွင်းဆယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး သင်္ဘောပိုင်၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ယင်းဆိပ်ကမ်းတွင် အခြားသင်္ဘောများ ဝင်/ ထွက်မှုများပြားသည့်အတွက် အမြန်ဆုံးဆယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များအသင်းထံမှ သိရသည်။

"သင်္ဘောဆယ်မှုနဲ့ ပတ်သက်လို့ ဒီနေ့စ စမ်းမယ်၊ ပစ္စည်းတွေ အရင်ထုတ်ကြည့်ရမှာပေ့ါ၊ အချိန်ဘယ်လောက်ကြာမယ်ဆိုတာတော့ မသိရသေးဘူး"ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ **J 16**

**မျက်နှာဖုံး - သတင်းမှားဖြန့်သူများကို အရေးယူရန်မှ အဆက်**

ယင်းအပြင် သတင်းမှားများကို အခြေခံကာ ပြည်သူလူထုအတွင်း ကျီးလန့်စာစား အခြေအနေများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကောလာဟလများပြန့်ပွားစေရန် ဆက်လက်လုပ်ဆောင်လာနေသည်ကိုတွေ့ရကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ရာထူးမှနုတ်ထွက်တော့မည်ဟုလည်းကောင်း၊ NLD ပါတီ၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့ သူရဦးရွှေမန်းတက်ရောက်သည်ဟုလည်းကောင်း ရေးသားနေသည့် လူမှုကွန်ရက်စာမျက်နှာတွင် NLD Central News၊ NLD သတင်းသီးသန့်) အကောင့်ပိုင်ရှင်အဖွဲ့ကို တရားစွဲ အရေးယူရန် ပြည်ထဲရေးဝန်ကြီးထံ တိုင်ကြားထားပြီး ရဲမှူးကြီးတစ်ဦးထံ အမှုအပ်နှံထားကြောင်း NLD ပါတီ၏ အတွင်းရေးမှူး အဖွဲ့ဝင်ဦးဝင်းထိန်က ပြောကြားသည်။

"ကျွန်တော်တို့ နှင်းဆီစံအိမ်မှာ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာ သူရဦးရွှေမန်း တက်တယ်ဆိုတဲ့ အတည်ပေါက်သတင်းပေ့ါ၊ အဲဒါတော့ လွန်လွန်းအားကြီးသွားပြီ၊ နှင်းဆီစံအိမ်က ဒေါ်အောင်ဆန်းစုကြည် မနေတာ တစ်နှစ်လောက်ရှိသွားပြီ။ ကျွန်တော်တို့လည်း မငှားဘူး။ အဲဒီမှာ ခြံနွယ်ပိတ်ပေါင်းတွေ ထူတဲ့နေရာကိုလုပ်တယ်ဆိုတော့ ပြောတဲ့လူက ဟိုဟာမဖြစ်လို့နောက်ဆုံးအနေကတော့ ဒီသမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးကို ကျွန်တော်ကနေ သတိပေးတဲ့စာ ထုတ်မယ်ဆိုတဲ့ အခုက fb မှာတက်လာပြန်ပြီဆိုတော့ အဲဒီအားလုံးက ကျွန်တော်မဟုတ်ဘူး"ဟု ဦးဝင်းထိန်က ရှင်းပြသည်။

၎င်းကို အဓိကထားတိုက်ခိုက်ခြင်းမှာ NLD ပါတီနှင့် အစိုးရအဖွဲ့တွင် တာဝန်ပေးချက်အရ ခေါင်းခံဆောင်ရွက်နေခြင်းကို ဒေါ်အောင်ဆန်းစုကြည်နှင့် အဆင်မပြေဖြစ်အောင် သွေးထိုးခြင်းလည်း ဖြစ်နိုင်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားခရီးသွားနေစဉ် ယင်းကဲ့သို့ကောလာဟလရေးသားနေခြင်းသည် နိုင်ငံရေး မတည်ငြိမ်အောင် လုပ်ဆောင်ခြင်း ဖြစ်သော်လည်း သံသယရှိသူကို ခန့်မှန်းပြောကြား၍ မရနိုင်ကြောင်း ဦးဝင်းထိန်က ဆိုသည်

"ကြားနေရတာတွေက အများကြီး။ ကြံ့ခိုင်ရေးကပဲ လုပ်သလား။ တချို့ တပ်မတော်အဖွဲ့အစည်းတွေကပဲ လုပ်သလား။ ကျွန်တော်တို့ကို မလိုလားတဲ့ အိုင်တီမှာ ကျွမ်းကျင်တဲ့သူတွေကပဲ လုပ်သလား။ မှန်းဆရခက်တယ်" ဟု ၎င်းက ရှင်းပြသည်။

"အခုတစ်ခေါက်က စီမံချက်ရှိရှိနဲ့ အဖွဲ့အစည်းနဲ့ လုပ်တာဖြစ်တဲ့အတွက် လိုအပ်ရင် ကျွန်တော်ကိုယ်တိုင် တရားစွဲမယ်။ မလိုအပ်ရင် ပါတီက တာဝန်နည်းတဲ့ သူတစ်ယောက်ကို တာဝန်ပေးမယ်" ဟု ဦးဝင်းထိန်က ပြောကြားသည်။

■ **S-01**

**မျက်နှာဖုံး - ၆၆ (ဃ) ဖြင့် တရားစွဲခံရသူကို အာမခံပေးရန် မှ အဆက်**

အကြံပြု ထားကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနတွင် မေလ ၄ ရက်နေ့က ပြုလုပ်သည့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကိုလာရောက်ရှင်းလင်းပြောကြားရာတွင် The Voice က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ကို ပြင်ဆင်ပေးရန် ရှိ မရှိနှင့် ပတ်သက်ပြီး မေးမြန်းစဉ် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့် ပတ်သက်ပြီး ပြင်ဆင်ချက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံဉာဏ်တောင်းရာတွင် ရှေ့နေချုပ်ရုံးက ၎င်းပုဒ်မနှင့် ပတ်သက်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေအရ အာမခံပေးရမည့် အမှုဖြစ်သည့်အတွက် အာမခံပေးရန် အချက်အပါအဝင် အချက် ၃ ချက်ကို ပြန်လည် အကြံဉာဏ်ပြုခဲ့သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

"ဒါက အတည်မဖြစ်သေးဘူး၊ အကြံပြုချက်ပါ။ အဆင့်ဆင့်အတည်ပြုဖြတ်ကျော်ပြီးမှ လွှတ်တော်က နောက်ဆုံးအတည်ပြုရမှာ၊ လွှတ်တော်က အတည်ပြုပြီးမှ ပြင်ဆင်ချက်က အတည်ဖြစ်မည်ဟု ၎င်းက ဆိုသည်။

ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ )ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများပြုလုပ်ရန် နိုင်ငံတကာအဖွဲ့အစည်းများက အကြံပြုမှုရှိခဲ့ကြောင်းကို ပြောကြားခဲ့ဖူးသည်။

ယခင်အစိုးရ လက်ထက်တွင်ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံရမှု ၇ မှုရှိခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခံရသော အမှု ၅ မှု ရှိခဲ့ကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် ဧပြီလ ၉ ရက်နေ့အထိ ကောက်ခံရရှိထားသော စာရင်းများအရ တရားရုံးတင်တရားစွဲဆိုခံရသည့် အမှုပေါင်း ၅၄ မှုရှိပြီး ပြစ်ဒဏ်ချမှတ်ပြီးသော အမှု ၈ မှုရှိကြောင်း၊ ယင်းဆက်သွယ်ရေး ဥပဒေပုဒ်မဖြင့် တရားစွဲဆိုမှု စုစုပေါင်း ၆၁ မှုရှိသွားပြီးဖြစ်ကြောင်း ဆက်သွယ်ရေးဥပဒေဆိုင်ရာ သုတေသနအဖွဲ့ထံမှ သိရသည်။

"အရင်အစိုးရက ရှေ့ဆောင်လမ်းပြအဖြစ် သုံးသွားတယ်၊ ဒါကို နောက်အစိုးရကလည်း ဆက်သုံးနေတယ်၊ ကျွန်တော်တို့ ဒီအစိုးရကို အများကြီးမျှော်လင့်ထားတယ်၊ ဒီပုဒ်မဟာ အာဏာရှင် သက်ဆိုးရှည်စေတဲ့ ပုဒ်မဖြစ်နေတယ်၊ ဒီပုဒ်မကို လက်ကိုင်တုတ်အဖြစ် ဆက်သုံးတာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါတယ်" ဟု ကဗျာဆရာ မောင်ဆောင်းခက ပြောကြားသည်။

■ **T.L**

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ရပ်ဘီအဝါကတ်စနစ်ကို လာမည့်ဘောလုံးရာသီတွင် အက်ဖ်အေ စမ်းသပ်မည်

**လန်ဒန်၊ မေ ၄**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)သည် ရပ်ဘီပြိုင်ပွဲများတွင် ကျင့်သုံးနေသည့် အဝါကတ်စနစ်ကို လာမည့်ဘောလုံးရာသီကစတင်၍ ၎င်းတို့လက်အောက်ရှိ တန်းနိမ့်ပြိုင်ပွဲများတွင် စတင်စမ်းသပ်အသုံးပြုသွားတော့မည် ဖြစ်ကြောင်း The Guardian က ဖော်ပြထားသည်။

ရပ်ဘီပြိုင်ပွဲများတွင် အဝါကတ်ပြသသတိပေးခြင်းခံရသော ကစားသမားသည် ကွင်းပြင်သို့ ၁၀ မိနစ် ထွက်ခွာပေးရလေ့ရှိပြီး ယင်းစနစ်ကို ကျင့်သုံးလိုက်မည်ဆိုပါက မလိုလားအပ်ဘဲ ဥပဒေပကစားခြင်းမျိုးကို လုပ်ဆောင်ရန် ကစားသမားများက လွန်စွာတွန့်ဆုတ်သွားလိမ့်မည်ဟု အက်ဖ်အေက အခိုင်အမာ ယုံကြည်လျက်ရှိသည်။

အဝါကတ်ပြသခံရသည့် ကစားသမားများကို ကွင်းပြင်သို့ ၁၀ မိနစ်ထွက်စေသည့်စနစ်သည် ရပ်ဘီပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနေပြီဖြစ်သော်လည်း ဘောလုံးပြိုင်ပွဲများနှင့် အသားတကျဖြစ်ရန်အတွက်မူ အချိန်လိုအပ်လိမ့်ဦးမည်ဖြစ်ကာ အချို့သောဘောလုံးနည်းပြများကမူ ယင်းအဝါကတ်စနစ်မှာ ဘောလုံးပွဲများ၏ရသကို ဖျက်ဆီးပစ်လိမ့်မည်ဟု ရှုမြင်ထားကြသည်။

ဘောလုံးဥပဒေရေးဆွဲရေးပညာရှင်များသည် လက်ရှိ ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းကာလတွင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ရပ်ဘီပြိုင်ပွဲများ၏အဝါကတ်စနစ်ကို ဘောလုံးပြိုင်ပွဲများတွင် ကျင့်သုံးကြည့်ရန် တိုက်တွန်းအကြံပြုလိုက်ခြင်းဖြစ်ပြီး ၎င်းတို့အနေနှင့် သတ္တမတန်းနှင့်အောက် ဘောလုံးပြိုင်ပွဲများတွင် ယင်းအဝါကတ်စနစ်ကို စမ်းသပ်သွားမည်ဖြစ်ကြောင်း အက်ဖ်အေက သတင်းထုတ်ပြန်ထားသည်။

အက်ဖ်အေသည် တနင်္ဂနွေလိဂ်ပြိုင်ပွဲများနှင့် လူငယ်လိဂ်ပြိုင်ပွဲများတွင်လည်း ယင်းအဝါကတ်စနစ်ကို အသုံးပြုသွားမည်ဖြစ်ပြီး ထွက်ပေါ်လာသည့်ရလဒ်များကို ကျွမ်းကျင်ပညာရှင်များ၊ နည်းပြများနှင့် ဘောလုံးကစားသမားများဘက်က မည်သို့တုံ့ပြန်သည်ဆိုခြင်းကို အလေးအနက်ထားနားထောင်၍ ဥပဒေကို အဆင့်မြင့် ပြိုင်ပွဲကြီးများတွင် အသက်သွင်းသင့်၊ မသွင်းသင့်ကို ဆက်လက်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အက်ဖ်အေက အသိပေးထားသည်။ ■ J-04


AP

## အမျိုးသားတံခွန်စိုက် ရှက်လှေပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန်၊ မေ ၄**

မြန်မာနိုင်ငံရှက်လှေအဖွဲ့ချုပ်က ကျင်းပသည့် ပြိုင်ပွဲများအနက် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၇ ခုနှစ် အမျိုးသားတံခွန်စိုက် ရှက်လှေပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲကို မေလ ၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မတ်လနှင့် ဧပြီလတို့က ငွေဆောင်ကမ်းခြေနှင့် အင်းယားကန်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ဆုရရှိသည့် ကစားသမားများကို အင်းယားကန်ရှိ ရန်ကုန်ရှက်လှေအသင်းတွင် ဆုတံဆိပ်များချီးမြှင့်ပေးမည်ဟု မြန်မာနိုင်ငံရှက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရှက်လှေကစားသမားတွေ တစ်နှစ်လုံးလေ့ကျင့်ခဲ့တာတွေအတွက် ပြိုင်ပွဲပြန်လုပ်ပေးတာဖြစ်သလို SEA Games ဝင်မယ့် ကစားသမားတွေကိုလည်း လက်ရည်စစ်ပွဲပုံစံနဲ့ ရွေးချယ်လို့ရအောင် ကျင်းပခဲ့တာပါ"ဟု ၎င်းကဆိုသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးအစား ၁၁ မျိုး ထည့်သွင်းကစားခဲ့ရာတွင် ကစားသမား ၁၁၇ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပဏာမလက်ရွေးစင်ကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။ ■ J-04

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၆-၅-၂၀၁၇(စနေနေ့) အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၃၆)**

| | |
|---|---|
| နံနက် ၁း၃၀ နာရီ | ဝက်စ်ဟမ်း - စပါး |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂)**

| | |
|---|---|
| နံနက် ၁း၀၀ နာရီ | ကိုလုံး - ဝါဒါဘရီမင် |

**စပိန်လာလီဂါ ပွဲစဉ်(၃၆)**

| | |
|---|---|
| နံနက် ၁း၃၀ နာရီ | ဆီဗီလာ - ဆိုစီဒက် |

**ပြင်သစ်လီဂူး ပွဲစဉ်(၃၆)**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | စိန့်အက်တီယန် - ဘော်ဒိုး |



Getty Images

## ရီးရဲလ်မက်ဒရစ်ကို စည်းကမ်းပိုင်းဆိုင်ရာ ဖောက်ဖျက်မှုဖြင့် စွဲချက်တင် စစ်ဆေး

**မက်ဒရစ်၊ မေ ၄**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ရီးရဲလ်မက်ဒရစ်အသင်းကို အက်သလက်တီကိုနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ပြိုင်ဘက်အသင်းကို စော်ကားသည့်လုပ်ရပ်များ ပြုမူခဲ့ခြင်းအတွက် စွဲချက်တင်လိုက်ပြီဖြစ်ကြောင်း Sportmail က ဖော်ပြ ထားသည်။

အက်သလက်တီကိုအသင်းသည် ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရသည့် ယင်းပွဲစဉ်အပြီးတွင် ယူအီးအက်ဖ်အေထံသို့ ရီးရဲလ်မက်ဒရစ်ပရိသတ်များက ၎င်းတို့၏စိတ်ဒဏ်ရာဟောင်းကို တူးဆွ၍ ထိုးနှက်စော်ကားခဲ့သည်ကို အရေးယူပေးပါရန် တိုင်ကြားစာ ပေးပို့လိုက်ပြီး အဖြစ်အပျက် အသေးစိတ်ကို ရုပ်သံအထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် တိုက်ဆိုင်စစ်ဆေးအပြီးတွင် ယူအီးအက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ရီးရဲလ်မက်ဒရစ်ကို စွဲချက်တင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်ပရိသတ်များသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲများတွင် အက်သလက်တီကိုကို အနိုင်ယူ၍ ချန်ပီယံဖြစ်ခဲ့ဖူးသည်ကို ရည်ညွှန်းကာ ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အဲ့ဒီရှုံးပွဲတွေအတွက် ဘယ်လိုခံစားရလဲဟု စပိန်ဘာသာဖြင့် ရေးသားထားသော စာတန်းတစ်ခုကိုလည်း ရီးရဲလ်မက်ဒရစ်ပရိသတ်များရှိရာ ပွဲကြည့်စင်ထက်တွင် ချိတ်ဆွဲထားသည်ကို မြင်တွေ့ခဲ့ရကြောင်း ယူအီးအက်ဖ်အေက သတင်းထုတ်ပြန်ထားသည်။

ယူအီးအက်ဖ်အေသည် အတိတ်ကာလ၌ အေဂျက်၊ ဘိုင်ယန်မြူးနစ်၊ လေဗာကူဆင်၊ ဘာစီလိုနာနှင့် ရက်ပစ်ဗီယင်နာအသင်းများကို တားမြစ်ထားသော စာတန်းများ ကိုင်ဆောင်မှု၊ ပြိုင်ဘက်အသင်းနှင့် ပြိုင်ဘက်အသင်းပရိသတ်များကို စော်ကားသည့်စာသားများရေးသားထားသော စာတန်းများ ကိုင်ဆောင်မှုတို့ဖြင့် အရေးယူခဲ့ဖူးပြီး ပြစ်မှုအတိမ်အနက်အပေါ်တွင်မူတည်၍ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ပွဲကြည့်စင်ပိတ်ခြင်း စသည့်ပြစ်ဒဏ်များကို ၎င်းတို့က ချမှတ်လေ့ရှိသည်။ ■ E-11

## ဘီလော့တီကို ကမ်းလှမ်းရန် မန်ယူ ပြင်ဆင်၊ လန်ဒန်အခြေစိုက်ကလပ်များသို့ ပြောင်းရွှေ့ရန်သာ ဘီလော့တီ စိတ်ဝင်စား

**မန်ချက်စတာ၊ မေ ၄**

မန်ယူအသင်းသည် အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် တိုရီနိုတိုက်စစ်မှူး ဘီလော့တီကို ခေါ်ယူရန် ပြင်ဆင်နေပြီး ကာယကံရှင် ကစားသမားဖြစ်သူကမူ မန်ယူထက် လန်ဒန်အခြေစိုက်ကလပ်များသို့သာ ပြောင်းရွှေ့လိုလျက်ရှိကြောင်း Football Italia က ဖော်ပြထားသည်။

အသက် ၂၃ နှစ်အရွယ်ရှိဘီလော့တီသည် လက်ရှိဘောလုံးရာသီတွင် တိုရီနိုကိုကိုယ်စားပြု၍ စီးရီးအေသွင်းဂိုး ၂၅ ဂိုး ရယူပေးထားနိုင်ပြီဖြစ်ပြီး အီတလီနိုင်ငံသားနည်းပြ ကွန်တီ တာဝန်ယူနေသော ချယ်လ်ဆီးထံသို့ ပြောင်းရွှေ့ခွင့်ရနိုင်ရေးမှာ ဘီလော့တီ၏ ဦးစားပေးပစ်မှတ်ဖြစ်နေသည်။

မန်ယူသည် ဘီလော့တီအတွက် ၎င်း၏မိခင်ကလပ် တိုရီနိုထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၆၄ သန်းဖြင့် ကမ်းလှမ်းဆက်သွယ်ကြည့်ရန် စီစဉ်နေပြီး ဘီလော့တီကိုခေါ်ယူနိုင်ရန်အတွက် မန်ယူလိုအပ်နေသည့် အချက်တစ်ခုမှာ ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်ပင်ဖြစ်သည်။

တိုရီနိုသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၌ ဘီလော့တီကို စာချုပ်သစ်တစ်ရပ်လက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချုပ်သစ်၏သက်တမ်းမှာ ၂၀၂၁ ခုနှစ် ဇွန်လတိုင်သည်အထိဖြစ်ကြောင်း တိုရီနိုအသင်းတာဝန်ရှိသူတစ်ဦးက ရှင်းပြထားသည်။

ဘီလော့တီသည် ယင်းစာချုပ်သစ်ကို လက်မှတ်ရေးထိုးခဲ့စဉ်၌ ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်ရသည့်အသင်းကြီးတစ်သင်းက ၎င်းကို ဆက်သွယ်ကမ်းလှမ်းလာခဲ့မည်ဆိုပါက အသင်းပြောင်းခွင့်ပေးရမည်ဟု သဘောတူညီချက်တစ်ရပ် ရယူထားခဲ့ပြီး ယင်းစာချုပ်သစ်၏စာချုပ်ဖျက်သိမ်းခတန်ကြေးကိုမူ တိုရီနိုက ပေါင် ၈၅ သန်း သတ်မှတ်ထားသည်။



မန်ယူသည် လက်ရှိတွင် အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူရရှိရန် လွန်စွာနီးစပ်သွားခဲ့ပြီဖြစ်ကာ အီဘရာဟီမိုဗစ်ကို ဒဏ်ရာခွဲစိတ်မှုကြောင့် ကာလရှည်လက်လွှတ်လိုက်ရခြင်း၊ အသင်းခေါင်းဆောင် ရူနီကို လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းက ထွက်ခွာခွင့်ပေးရန် ရှိနေခြင်း စသောအကြောင်းရပ်များကြောင့် မန်ယူမှာ ယင်းကွက်လပ်များကို အစားဖြည့်ရန်အတွက် ထိပ်တန်းအဆင့်တိုက်စစ်မှူးနှစ်ဦး လိုအပ်လာခြင်းဖြစ်သည်။ ■ E-11



© Getty Images

# အာဆင်နယ်ကို အားနည်းသည့်အသင်းဖြင့် ရင်ဆိုင်ဖွယ်ရှိကြောင်း မော်ရင်ညို အသိပေး

**မန်ချက်စတာ၊ မေ ၄**

မန်ယူနည်းပြ မော်ရင်ညိုသည် ၎င်းအနေနှင့် ဆဲလ်တာဗီဂိုနှင့်ယှဉ်ပြိုင်ရမည့် ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မျှခြေရလဒ်မျိုး ထွက်ပေါ်ခဲ့မည်ဆိုပါက(လက်ရှိအချိန်တွင် ရလဒ်ထွက်ပေါ်နေပြီဖြစ်သည်)အာဆင်နယ်နှင့်ပွဲစဉ်ကို အားနည်းသည့်အသင်းဖြင့် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ရလိမ့်မည်ဖြစ်ကြောင်း ယူရိုပါလိဂ် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် အသိပေးပြောကြားသွားခဲ့သည်ဟု Mail Online က ဖော်ပြထားသည်။

မော်ရင်ညိုသည် ယူရိုပါလိဂ်တွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာခဲ့ပါက ပရီးမီးယားလိဂ်၌ အဆင့်လေးရယူနိုင်ရေးကို လက်လွှတ်လိုက်ဖွယ် ရှိနေပြီး လက်ရှိတွင် ၎င်းအနေနှင့် လက်ကျန်ပွဲထွက်ကစားသမားများ ဒဏ်ရာအနာတရ မဖြစ်စေရေးကိုလွန်စွာသတိထားနေရပြီဖြစ်ကြောင်းလည်း မော်ရင်ညိုက ဖွင့်ဟသွားခဲ့သေးသည်။

မော်ရင်ညိုသည် ပရီးမီးယားလိဂ်၌ အဆင့်လေးနေရာတွင် ရပ်တည်၍ ရာသီပိတ်သိမ်းနိုင်ရေးမှာ ၎င်းတို့အတွက် အချိန်နှောင်းသွားခဲ့ပြီဟု ယူဆထားပြီး လွန်ခဲ့သည့်ဖြေလ၌ ပွဲစဉ်ကိုးပွဲ ယှဉ်ပြိုင်ခဲ့ရခြင်းက ၎င်းတို့၏မျှော်လင့်ချက်များကို သတ်ပစ်လိုက်ခြင်းဖြစ်ကြောင်းလည်း မော်ရင်ညိုက ထောက်ပြသွားခဲ့သည်။

မန်ယူသည် လက်ရှိတွင် ပရီးမီးယားလိဂ် အမှတ်ပေးဇယား၌ ရမှတ် ၆၅ မှတ်ဖြင့် အဆင့်ငါးနေရာတွင် ရပ်တည်နေပြီး အမှတ်ပေးဇယား၏အဆင့်လေးနေရာကိုရယူထားသော မန်စီးတီးနှင့် ၎င်းတို့အကြား ရမှတ်တစ်မှတ်သာ ကွာဟသော်လည်း ပွဲစဉ်ဇယားအခြေအနေအရ ပရီးမီးယားလိဂ်တွင် အဆင့်လေးဖြင့် ရာသီပိတ်သိမ်းနိုင်ရေးမှာ လွန်စွာခက်သွားခဲ့ပြီဟု မော်ရင်ညိုက ယူဆထားသည်။

မော်ရင်ညိုသည် လက်ကျန်ပွဲစဉ်လေးပွဲတွင် အာဆင်နယ်၊ စပါးနှင့် ဆောက်သမ်တန်တို့ကို အဝေးကွင်းပွဲစဉ်များအဖြစ် သုံးပွဲဆက်တိုက် ယှဉ်ပြိုင်ရရန် ရှိနေပြီး ၎င်းတို့အနေနှင့် ပြိုင်ပွဲနှစ်ရပ်လုံးကို အာရုံရောက်နေမည်ဆိုပါက ချန်ပီယံလိဂ်ဝင်ခွင့်ရနိုင်မည့်လမ်းကြောင်းနှင့် လွဲချော်သည့်အခြေအနေမျိုး ဖြစ်သွားနိုင်သည်ဟုလည်း မော်ရင်ညို က ဝန်ခံသွားခဲ့သည်။

ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်မတိုင်မီ ကျင်းပခဲ့သော ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် မော်ရင်ညိုက "ဆဲလ်တာဗီဂိုနဲ့ပွဲမှာ ဘယ်လိုရလဒ်မျိုးထွက်ပေါ်လာမလဲကို ကျွန်တော်စောင့်ကြည့်သွားပါမယ်။ ယူရိုပါလိဂ်ဗိုလ်လုပွဲဆီကို ကျွန်တော်တို့တက်ရောက်နိုင်မယ့် မျှခြေရလဒ်မျိုး ထွက်ပေါ်လာခဲ့ရင် အာဆင်နယ်နဲ့ပွဲကို အမာခံကစားသမားတွေထုတ်ပြီး စွန့်စားကစားတာမျိုး မလုပ်တော့ပါဘူး။ အင်အားနည်းတဲ့လူစာရင်းကို အသုံးပြုပြီးပဲ အာဆင်နယ်ကို ကစားသွားတော့မှာပါ။ ကျွန်တော်တို့ ဧပြီလတုန်းက ပွဲစဉ်ကိုးပွဲကစားခဲ့ရပါတယ်။ အဲ့ဒီကိုးပွဲမှာ ခုနစ်ပွဲက ပရီးမီးယားလိဂ်ပွဲစဉ်တွေပါ။ ပွဲဆက်များလွန်းတာကြောင့် အသင်းကစားသမားတွေ တစ်ယောက်ပြီးတစ်ယောက် ထိခိုက်ဒဏ်ရာရသွားခဲ့ရပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ရဲ့လူစာရင်းက ပြိုင်ပွဲနှစ်ခုကစားဖို့အတွက် သိပ်အဆင်မပြေပါဘူး။ ဒီတော့ သေချာနိုင်မယ့် စစ်မျက်နှာဘက်ကိုပဲ ကျွန်တော်တို့ ဦးလှည့်ရတော့မှာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## အာဆင်နယ် အက်ဖ်အေဖလားဆွတ်ဖိုးရရှိပါက အောင်ပွဲခံအခမ်းအနားနေ့တွင် ချယ်လ်ဆီးနှင့်တိုက်ဆိုင်မည်

**လန်ဒန်၊ မေ ၄**

အာဆင်နယ်အသင်းသည် လာမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ချယ်လ်ဆီးကို အနိုင်ရခဲ့ပါက လန်ဒန်မြို့တွင်းသို့ လှည့်လည်အောင်ပွဲခံမည့်နေ့တွင် ချယ်လ်ဆီးနှင့် တိုက်ဆိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

အာဆင်နယ်သည်အက်ဖ်အေဖလား ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ပါက လန်ဒန်မြို့တွင်းသို့ အမိုးဖွင့်ဘတ်စ်ကားဖြင့် မေလ ၂၈ ရက်နေ့တွင် လှည့်လည်အောင်ပွဲခံမည်ကို အစ္စလင်တန်ကောင်စီထံသို့ အကြောင်းကြားစာပေးပို့ထားပြီဖြစ်ကာ ချယ်လ်ဆီးကလည်း ၎င်းတို့၏အမိုးဖွင့်ဘတ်စ်ကားဖြင့် မြို့တွင်းလှည့်လည် အောင်ပွဲခံမည့်အစီအစဉ်များကို ဟမ်းမားစမစ်နှင့်ဖူလ်ဟမ်ကောင်စီထံ သတင်းပေးပို့ထားပြီဖြစ်သည်။

သို့သော် အာဆင်နယ်သည် လန်ဒန်မြောက်ပိုင်းဒေသကို အဓိကထား ဗဟိုပြု၍ အောင်ပွဲခံလိမ့်မည်ဖြစ်ကာ ချယ်လ်ဆီးကမူ လန်ဒန်အနောက်ပိုင်းတွင် အောင်ပွဲခံမည်ဖြစ်၍ အကယ်၍အသင်းနှစ်သင်းလုံး တစ်နေ့တည်းတွင် အောင်ပွဲခံအခမ်းအနားကျင်းပခဲ့သည့်တိုင် နှစ်ဖက်ပရိသတ်များအကြား ထိပ်တိုက်တွေ့မည့်အခြေအနေမျိုး ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ကြောင်း မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့သည် လက်ရှိတွင် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ထံသို့ ဆက်သွယ်၍ အောင်ပွဲခံလှည့်လည်မည့် လမ်းကြောင်းများကို တောင်းခံနေပြီဖြစ်ကာ လမ်းကြောင်းများ အတိအကျရရှိပါက အောင်ပွဲခံလှည့်လည်ချိန်တွင် ယင်းလမ်းများကို လမ်းပိတ်ပေးထားရန် စီစဉ်ရလိမ့်မည်ဖြစ်ကြောင်း မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းပြထားသည်။

■ E-11




Daily Mail

# မျိုးဆက်သစ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ ၄**

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ကဦးဆောင်၍ မေလ ၇ ရက်နေ့တွင် နွေရာသီသင်တန်းဆင်း မျိုးဆက်သစ်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့တော်ရှိ အောင်ဆန်းမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်ကာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ရပ်စလုံး ကျင်းပမည်ဖြစ်သော်လည်း မျိုးဆက်သစ်ကစားသမားများသာ ယှဉ်ပြိုင်ခွင့်ရမည်ဟု မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောကြားသည်။

"ဒီပြိုင်ပွဲက မျိုးဆက်သစ်ကစားသမားတွေအတွက် အဓိကရည်ရွယ်ကျင်းပပေးတာ။ ဆိုတော့ကာ ပြိုင်ပွဲအတွေ့အကြုံရှိတဲ့ ကစားသမားတွေ ပြိုင်ခွင့်ပြုမှာမဟုတ်ဘူး"ဟု ၎င်းကပြောဆိုသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်က ကျင်းပခဲ့သည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိဖူးသည့် ကစားသမားများ ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ကြောင်း ယင်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသား ကာယဗလ အငယ်တန်းပြိုင်ပွဲတွင် ၅၅၊ ၆၀၊ ၆၅ ကီလိုနှင့် ၇၀ ကီလိုအထက်ဟူ၍ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်နှင့် ၅ ပေ ၃ လက်မအထက် ဟူ၍ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရန်လျှောက်ထားသည့် ကစားသမားများအနေနှင့် အောင်ဆန်းကွင်း အထူးတန်း၌ မေလ ၆ ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းခံရမည်ဖြစ်သည်။

■ J-04

# အီတလီလိဂ်ရှိ ကစားသမားများကို သပိတ်မှောက်ရန် ဂါရတ်ကရွတ်ခ်ျ တိုက်တွန်း



AP

**မီလန်၊ မေ ၄**

စပါးတိုက်စစ်မှူးဟောင်း ဂါရတ်ကရွတ်ခ်ျသည် အီတလီအမှတ်ပေးပြိုင်ပွဲကျင်းပရေးကော်မတီလက်အောက်ရှိ လိဂ်ပြိုင်ပွဲများတွင်ပါဝင်ကစားနေသည့် ကစားသမားများကို ပက်စ်ကာရာကွင်းလယ်ကစားသမား မန်တာရီ တစ်ပွဲပယ်ပြစ် ဒဏ်ချမှတ်ခံလိုက်ရခြင်းကို ကန့်ကွက်ကြောင်း သပိတ်မှောက်၍ ဆန္ဒထုတ်ဖော်ရန် တိုက်တွန်းလိုက်သည်ဟု Independent က ဖော်ပြထားသည်။

ဆန်းဒါးလန်း၊ ပို့စ်မောက်နှင့် အင်တာမီလန်တို့ထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့ဖူးသည့် မန်တာရီသည် ကက်ဂလီယာရီက ပက်စ်ကာရာကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် စီးရီးအေပွဲစဉ်တွင် ကက်ဂလီယာရီပရိသတ်များ၏ လူမျိုးရေးခွဲခြားစော်ကားခြင်းကို ခံခဲ့ရပြီး ယင်းသို့ လူမျိုးရေးခွဲခြားသည့်လုပ်ရပ်ကို ပြိုင်ပွဲအားဆက်လက်မကစားစေတော့ဘဲ ပွဲရပ်နားလိုက်ခြင်းဖြင့် တုံ့ပြန်ပေးရန် ကွင်းလယ်ဒိုင်လူကြီးဖြစ်သူထံသို့ မန်တာရီက သွားရောက်တောင်းဆိုရာတွင် ဒိုင်လူကြီးဖြစ်သူက ၎င်းကိုအဝါကတ်ပြသ သတိပေးခြင်းဖြင့်သာ အခြေအနေကို ကိုင်တွယ်ထိန်းသိမ်းသွားခဲ့သည်။

မန်တာရီသည် အဝါကတ်ပြသခံလိုက်ရအပြီးတွင် ပြိုင်ပွဲကို ဆက်လက်မကစားတော့ဘဲ ကွင်းပြင်သို့ ထွက်ခွာသွားခဲ့ပြီး ယင်းလုပ်ရပ်အတွက် မန်တာရီကို တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်၍ အီတလီဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အရေးယူလိုက်ခြင်းကြောင့် အီတလီလိဂ်များတွင် ကစားနေသော ဘောလုံးသမားများအားလုံး ယင်းဆုံးဖြတ်ချက်ကို သပိတ်မှောက်တုံ့ပြန်ရန် ကရွတ်ခ်ျက တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကရွတ်ခ်ျသည် လက်ရှိတွင် အသားအရောင်နှင့် လူမျိုးရေးခွဲခြားခြင်းများကို ဆန့်ကျင်တိုက်ဖျက်သည့် Kick It Out အဖွဲ့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေပြီး မန်တာရီကို လူမျိုးရေးခွဲခြားစော်ကားခဲ့သည့်လုပ်ရပ်အတွက် ကက်ဂလီယာရီအသင်းကို စွဲချက်တင် အရေးယူခြင်းမရှိသည်ကိုလည်း ၎င်းအနေနှင့် အံ့အားသင့်မိကြောင်း ကရွတ်ခ်ျက အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ကရွတ်ခ်ျက "ဒီဖြစ်စဉ်က တစ်ဖက်စောင်းနင်း ဆန်လွန်းပါတယ်။ မန်တာရီဟာ တကယ့်ကို နစ်နာထိခိုက်ခဲ့ရသူပါ။ ဒါပေမဲ့ သူ့ကိုပဲ ပွဲမပြီးခင် ကိုယ့်သဘောနဲ့ကိုယ် ကွင်းပြင်ထွက်သွားတယ်ဆိုပြီး တာဝန်ရှိသူတွေက တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်အရေးယူခဲ့ပါတယ်။ လူမျိုးရေးခွဲခြားစော်ကားသူတွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ကက်ဂလီယာရီအသင်းကိုတော့ ဘာအရေးယူတာမျိုးမှ မလုပ်ခဲ့ပါဘူး။ လူမျိုးရေးခွဲခြားစော်ကားသူ ပရိသတ်အရေအတွက်က ၁၀ ယောက်လောက်ပဲရှိတဲ့အတွက် ဒါဟာ ပြစ်မှုကျူးလွန်ရာ မရောက်တဲ့ သဘောမျိုး သူတို့က ပြောနေကြပါတယ်။ အီတလီလိဂ်မှာ ပါဝင်ကစားနေတဲ့ လူဖြူလူမည်းကစားသမားတွေအားလုံး ပူးပေါင်းပြီး တရားမျှတမှုအတွက် သပိတ်မှောက်တောင်းဆိုပေးကြပါလို့ တိုက်တွန်းလိုက်ပါရစေ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# ယူ-၁၇ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ပင်နယ်တီစနစ်သစ်ကို စမ်းသပ်အသုံးပြုမည်

**ဇူးရစ်ချ်၊ မေ ၄**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သည် ခရိုအေးရှားနိုင်ငံတွင် လွန်ခဲ့သည့်ဗုဒ္ဓဟူးနေ့က စတင်ကျင်းပခဲ့သည့် ယူ-၁၇ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင်ပင်နယ်တီစနစ်သစ်ကို ထည့်သွင်းအသုံးပြုရန် အစီအစဉ် ရေးဆွဲထားကြောင်း BBC က ဖော်ပြထားသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်သည် ချက်နိုင်ငံတွင် လွန်ခဲ့သည့် အင်္ဂါနေ့က စတင်ကျင်းပခဲ့သည့် ယူ-၁၇ အမျိုးသမီး ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင်လည်း ယင်းပင်နယ်တီစနစ်ကို ထည့်သွင်းထားပြီး ယင်းအတွက် အဆိုပါပြိုင်ပွဲများတွင် ပင်နယ်တီအဆုံးအဖြတ်ခံယူရမည့် ပွဲစဉ်များ ပါဝင်လာခဲ့ပါက ပင်နယ်တီစနစ်သစ်မှာ အသက်ဝင်လာလိမ့်မည်ဖြစ်သည်။

ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းမှုစနစ်သစ်သည် တင်းနစ်ပြိုင်ပွဲများတွင် အမှတ်ပိုယှဉ်ပြိုင်ရသည့်အခြေအနေ၌ အသုံးပြုသောစနစ်ကို အခြေခံထားခြင်းဖြစ်ပြီး လက်ရှိကျင့်သုံးနေသော တစ်သင်းတစ်လှည့်စီ ကန်သွင်းသည့်စနစ်မှာ တရားမျှတမှုမရှိဟု ယူဆလာသည့်အတွက် တာဝန်ရှိသူများက ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းပုံကို အပြောင်းအလဲလုပ်ရန် စီစဉ်လိုက်ကြခြင်းဖြစ်သည်။

ဘောလုံးအကဲဖြတ်ပညာရှင်များသည် ပင်နယ်တီအဆုံးအဖြတ်ခံယူရသည့် ပွဲစဉ်များကို စနစ်တကျ လေ့လာအပြီးတွင် လက်ရှိကျင့်သုံးနေသောစနစ်ကို ပြုပြင်ပြောင်းလဲသင့်ကြောင်း ထောက်ပြလိုက်ခြင်းဖြစ်ပြီး လက်ရှိစနစ်တွင် ပင်နယ်တီကို ဦးစွာပထမကန်သွင်းခွင့် ရသည့်အသင်းများ၏အနိုင်ရရှိမှုနှုန်းမှာ ၆၀ ရာခိုင်နှုန်းအထိရှိကြောင်း ၎င်းတို့က အသိပေးထားကြသည်။

စိတ်ပိုင်းဆိုင်ရာသုတေသီများကလည်း ပင်နယ်တီကန်သွင်းရာတွင် ဦးစွာကန်သွင်းသည့်အသင်းက ဂိုးဝင်သွားခဲ့ပါက ပြိုင်ဘက်အသင်းမှာ ပြင်းထန်သောစိတ်ဖိအားကို ရင်ဆိုင်သွားရလေ့ရှိသည်ဟု အချက်အလက်များဖြင့် ကိုးကားတင်ပြထားပြီး လက်ရှိရေးဆွဲထားသော စနစ်သစ်ကမူ နှစ်သင်းလုံးအတွက် မျှခြေအပြည့်ရှိသူဟု ဘောလုံးရေးရာအကဲဖြတ်များကလည်း ထောက်ခံထားကြသည်။

ပင်နယ်တီ အဆုံးအဖြတ်စနစ်သစ်တွင် (က)အသင်းက ဦးစွာပထမ ပင်နယ်တီကန်သွင်းပြီးပါက (ခ)အသင်းက နှစ်လုံးဆက်တိုက် ကန်ရမည်ဖြစ်ပြီး (ခ)အသင်းကန်ပြီးပါက (က)အသင်းက ယင်းနည်းတူ နှစ်လုံးဆက်တိုက်ကန်ခွင့်ကို ပြန်လည်ရရှိလိမ့်မည်ဖြစ်သည်။ ■E-11



AP

## ဖူဆယ်လိဂ်ပြိုင်ပွဲ နှစ်ပတ်ကျော်ရပ်နားမည်

**ရန်ကုန်၊ မေ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကျင်းပနေသည့် ၂၀၁၇ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ နှစ်ပတ်ကျော် ရပ်နားထားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းအနေနှင့် ယင်းပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ကြိုတင်သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲများကစားရန် စီစဉ်ထားသောကြောင့် လိဂ်ပြိုင်ပွဲကို ၁၈ ရက်ကြာ ရပ်နားထားမည်ဟု ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီအတွင်းရေးမှူး ဦးအောင်မော်သိန်းက ပြောကြားသည်။

“ထိုင်းမှာ ပြိုင်ပွဲဝင်နေတဲ့အချိန် လိဂ်ပွဲတွေရပ်ထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လက်ကျန်ပွဲတွေကိုတော့ မေလ ၂၄ ရက်နေ့မှ ကျင်းပမှာပါ”ဟု ၎င်းကဆိုသည်။

၂၀၁၇ ခုနှစ် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို လက်ရှိတွင် ပွဲစဉ် ၁၃ အထိ ကျင်းပထားပြီးဖြစ်ရာ မေလ ၆ ရက်နေ့တွင်ကျင်းပမည့် ပွဲစဉ် ၁၄ အပြီးတွင် ကလပ်အသင်းအချို့မှကစားသမားများကို မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသို့ စေလွှတ်ပေးရမည်ဖြစ်၍ ရပ်နားရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ကလပ်အသင်းများထံမှလည်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းအနေနှင့် အာရှချန်ပီယံရှစ်ပြိုင်ပွဲကို မယှဉ်ပြိုင်မီ ထိုင်းနိုင်ငံသို့ မေလ ၉ ရက်နေ့ကတည်းက သွားရောက်မည်ဖြစ်ကာ အီရတ်၊ ဘာရိန်း၊ ထိုင်းအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

အာရှချန်ပီယံရှစ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များ မေလ ၁၅ ရက်နေ့တွင် စတင်မည်ဖြစ်ရာ မြန်မာအသင်းသည် ဥဇဘက်ကစ္စတန်၊ ကာတာ၊ လက်ဘနွန်၊ ဟောင်ကောင်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

လက်ရှိကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၃ ပြီးချိန်တွင် PU အသင်းက အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ၎င်း၏နောက်တွင် MIC အသင်းနှင့် VUC အသင်းတို့က ဖိအားပေးလျက်ရှိနေသောကြောင့် ယင်းအသင်းသုံးသင်းသာ ချန်ပီယံဆုကိုမျှော်လင့်နိုင်သည့်အနေအထားတွင်ရှိနေသည်။ ■J-04




## ဂရစ်ဇ်မန်းကို ခေါ်ယူရန် မန်ယူ အလုံးစုံ သဘောတူညီမှုရခဲ့ပြီဖြစ်ကြောင်း သတင်းထွက်

**မန်ချက်စတာ၊ မေ ၄**

ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသည် အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းကိုခေါ်ယူရန် အလုံးစုံသဘောတူညီမှု ရယူလိုက်နိုင်ပြီဖြစ်ပြီး ယင်းအတွက် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်သည်နှင့် ဂရစ်ဇ်မန်းမှာ မန်ယူကစားသမားဖြစ်လာတော့မည်ဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

မန်ယူသည် ဂရစ်ဇ်မန်းအပြောင်းအရွှေ့အတွက် အက်သလက်တီကိုကို ပေါင် ၈၉ သန်း လက်ငင်းပေးချေမည်ဖြစ်ပြီး ကစားသမားဖြစ်သူ၏စွမ်းဆောင်ရည်များအပေါ်တွင်မူတည်၍ ထပ်ဆောင်းပေးချေရမည့် အပိုအကျိုးခံစားခွင့်များကို ထည့်သွင်းတွက်ချက်မည်ဆိုပါက ဂရစ်ဇ်မန်းအပြောင်းအရွှေ့၏ကုန်ကျစရိတ်မှာ ပေါင်သန်း ၁၀၀ နှင့်အထက်သို့မြင့်တက်သွားဖွယ်ရှိနေသည်။

မန်ယူသည် ဂရစ်ဇ်မန်းကို တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀,၀၀၀ ဖြင့် ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုရန် ပုဂ္ဂိုလ်ရေးအချက်အလက်များ သဘောတူညီမှုရထားခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေး၊ လုပ်ခလစာနှင့် ဆုကြေးအကျိုးခံစားခွင့်များ အားလုံးပေါင်းစည်းတွက်ချက်မည်ဆိုပါက ဂရစ်ဇ်မန်းကို ခေါ်ယူရာတွင် မန်ယူအသုံးပြုရသည့်ငွေပမာဏမှာ ပေါင်သန်း ၁၇၀ ရှိသွားလိမ့်မည်ဖြစ်သည်။

အက်သလက်တီကိုသည် လက်ရှိတွင် ဂရစ်ဇ်မန်း၏ကွက်လပ်ကို အစားပြန်ဖြည့်ရန်အတွက် ထိပ်တန်းအဆင့် တိုက်စစ်မှူးတစ်ဦး ပြန်လည်ရှာဖွေနေပြီဖြစ်ကာ အက်သလက်တီကို၏ပစ်မှတ်လျာထားစာရင်းတွင် ထိပ်ဆုံးနေ ရာ၌ရှိနေကြသူများမှာ အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်နှင့် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တို့ဖြစ်ကြသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂရစ်ဇ်မန်း၏လုပ်ခလစာအကျိုးခံစားခွင့်သည် လက်ရှိကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရ ကစားသမားအဖြစ် ရပ်တည်နေသော မန်ယူကွင်းလယ်လူ ပေါ့ဂ်ဘာထက် ပေါင်ခြောက်သောင်း ပိုများမည်ဖြစ်ပြီး လာမည့်ဇူလိုင်လတွင် မန်ယူအသင်း ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရာ၌ ဂရစ်ဇ်မန်းကို အသင်းကစားသမားအဖြစ် တစ်ပါတည်းခေါ်ယူသွားနိုင်ရန် မော်ရင်ညိုက ရည်မှန်းထားသည်။

■E-11

## ဘောလုံးရာသီပြီးဆုံးချိန်တွင် တော့တီ အနားယူမည်၊ တော့တီကို ဒါရိုက်တာရာထူးပေးအပ်ရန် ရိုမား စီစဉ်ထား

**ရောမ၊ မေ ၄**

ရိုးမားအသင်း ဂန္ထဝင်ကစားသမားများအနက်တွင် တစ်ဦးအပါအဝင်ဖြစ်သော အသင်းခေါင်းဆောင်တော့တီသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ကစားသမားဘဝဖြတ်သန်းမှုကို အဆုံးသတ်တော့မည်ဖြစ်ကာ ကစားသမားဘဝက အနားယူပြီးချိန်တွင် တော့တီမှာ အသင်းဒါရိုက်တာရာထူးဖြင့် ရိုးမားထံတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းကိုလည်း အသင်းတာဝန်ရှိသူများက အတည်ပြုထားပြီဖြစ်သည်ဟု Mail Online က ဖော်ပြထားသည်။

လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ကစားသမားဘဝက တော့တီ အနားယူတော့မည့်အကြောင်းကို ရိုးမားအသင်းအားကစားဒါရိုက်တာသစ် မွန်ချီက အသိပေး ပြောကြားခဲ့ခြင်းဖြစ်ပြီး လာမည့်ဘောလုံး ရာသီတွင် တော့တီနှင့်လက်တွဲ၍ အသင်းကိုသွေးသစ်လောင်းရန် အလုပ်လုပ်ရမည်ကို ၎င်းအနေနှင့် စိတ်လှုပ်ရှားနေမိကြောင်းလည်း မွန်ချီက ဖွင့်ဟသွားခဲ့သေးသည်။

အသက် ၄၀ အရွယ်ရှိတော့တီသည် ၁၉၉၃ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ရိုးမားက ဘရက်စီယာကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ အရန်ကစားသမားအဖြစ် ပါဝင်ကစားကာ ရိုးမားကစားသမားဘဝကို စတင်ခဲ့ပြီး ရိုးမားတစ်သင်းတည်းတွင် နှစ်ပေါင်း ၂၅ နှစ်ကြာ စွဲစွဲမြဲမြဲကစားခဲ့သည်မှာ တော့တီ၏ကစားသမားဘဝဖြတ်သန်းမှု ထူးခြားချက်ပင်ဖြစ်သည်။

တော့တီသည် လက်ရှိဘောလုံးရာသီတွင် ရိုးမားအတွက် ပွဲစဉ် ၂၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်ကာ အသက်အရွယ်နှင့် ကြံ့ခိုင်မှုအခြေအနေအရ ၎င်းကို နည်းပြစပယ်လက်တီက ပွဲစဉ်အများစုတွင် အရန်ကစားသမားအဖြစ်သာ ထားရှိအသုံးပြုနေခြင်းဖြစ်သည်။

တော့တီသည် ရိုးမားကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၇၈၃ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ၃၀၇ ဂိုး ရယူပေးနိုင်ခဲ့ပြီး မေလ ၂၈ ရက်နေ့တွင် ရိုးမားအသင်းပိုင် အိုလံပီကိုဘောလုံးကွင်း၌ ရိုးမားနှင့်ဂျီနိုအာတို့ ယှဉ်ပြိုင်မည့် စီးရီးအေပွဲစဉ်မှာ ရိုးမားပရိသတ်များကို တော့တီ နှုတ်ဆက်မည့်ပွဲစဉ် ဖြစ်လာတော့မည်ဖြစ်သည်။

■E-11




Daily Mail



# FOREIGN AFFAIRS




## ပြင်သစ်သမ္မတလောင်း လာပန်းနှင့် မက်ခရွန်တို့ သုံးနာရီနီးပါး စကားစစ်ထိုး

**ပဲရစ်၊ မေ ၄**

ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ ယှဉ်ပြိုင်ကြမည့် သမ္မတလောင်းနှစ်ဦး၏ ၃ နာရီနီးပါးကြာမြင့်သော စကားစစ်ထိုးပွဲတွင် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသော အမြင်များဖြင့် အပြန်အလှန် တိုက်ခိုက်ခဲ့ကြကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

မေလ ၃ ရက်နေ့ စကားစစ်ထိုးပွဲတွင် အလယ်အလတ်ဝါဒီ အီမန်နျူရယ်လ်မက်ခရွန်က ပြိုင်ဘက်မာရင်းလာပန်း၏မဟာဗျူဟာမှာ ‘လိမ်လည်ဖို့’ သာဖြစ်သည်ဟု ဝေဖန်ခဲ့သလို လာပန်းကလည်း မက်ခရွန်သည် အရှက်မရှိသော ‘(လက်ရှိ)စနစ်၏ အချစ်တော်’ သာဖြစ်သည်ဟု ထိုးနှက်ခဲ့သည်။

စစ်တမ်းများအရ မက်ခရွန်က အသာရနေဆဲဖြစ်သော်လည်း အစောပိုင်းကထက် အသာရမှု လျော့ကျလာခဲ့သည်။ သမ္မတလောင်းနှစ်ဦးစလုံးသည် မေလ ၇ ရက်နေ့ ရွေးကောက်ပွဲအတွက် မည်သူ့ကိုမဲပေးရမည်မှန်း မဆုံးဖြတ်ရသေးသော မဲဆန္ဒရှင် ၁၈ ရာခိုင်နှုန်းကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ထားသည်။

ပဉ္စမသမ္မတနိုင်ငံတော်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် လက်ဝဲ၊ လက်ယာယိမ်း ပင်မပါတီကြီးများမှ သမ္မတလောင်းများ ဒုတိယအဆင့်မရောက်နိုင်ခဲ့သည့် ရွေးကောက်ပွဲဖြစ်သည်။

အသက် ၃၉ နှစ်အရွယ် မက်ခရွန်သည် “ရမ်းကားရိုင်းစိုင်းသည့် ဂလိုဘယ်လိုက်ဇေးရှင်း၏ ကိုယ်စားလှယ်တော်” ဖြစ်သည်ဟု လာပန်းက ဝေဖန်ခဲ့ပြီး ပြင်သစ်၏ ပိုင်ဆိုင်မှုများကို ရောင်းစားလိုသူ၊ ကိုယ့်တိုင်းပြည်ကိုယ်ထိန်းချုပ်ခွင့်ကို စွန့်လွှတ်လိုသူဟု လာပန်းက ဝေဖန်ခဲ့သည်။

အသက် ၄၈ နှစ်အရွယ် အမျိုးသားတပ်ဦးပါတီ(FN) ခေါင်းဆောင် လာပန်းသည် ‘အကြောက်တရား၏ မယ်တော်ကြီး’ ဖြစ်သည်ဟု မက်ခရွန်ကတန်ပြန်ထိုးနှက်ခဲ့ပြီး စကားအများကြီးပြောနေသော်လည်း ရေရေရာရာ ဘာမှအဆိုပြုနိုင်ခြင်းမရှိကြောင်း ဝေဖန်ခဲ့သည်။

မိနစ် ၁၆၀ ကျော်ကြာမြင့်ခဲ့သော စကားစစ်ထိုးပွဲ အချိန်အများစုမှာ အပြန်အလှန်ထိုးနှက်မှုများဖြင့် ပွဲကြမ်းခဲ့သည်။

### စီးပွားရေးနှင့် အလုပ်အကိုင်

ပြင်သစ်သည် အနှစ် ၃၀ အတွင်း အလုပ်လက်မဲ့ပြဿနာကို ကိုင်တွယ်ရန် ပျက်ကွက်ခဲ့သည်ဟု မက်ခရွန်က ဝန်ခံခဲ့ပြီး သူ၏ဖြေရှင်းနည်းမှာ အသေးစားနှင့် အလတ်စားကုမ္ပဏီများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးနိုင်ရန်နှင့် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိရန် ဖြေလျှော့ပေးရေးဖြစ်သည်ဟု ပြောကြားခဲ့သည်။

လာပန်းကမူ မက်ခရွန်သည် စီးပွားရေးဝန်ကြီးဖြစ်စဉ်က ထိုကိစ္စများကို အဘယ့်ကြောင့် မလုပ်ခဲ့ပါသနည်းဟု ခနဲ့ခဲ့ပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်သွားမည်ဖြစ်ကြောင်း ကိုယ်ကျိုးစီးပွားကာကွယ်ရေး ကုန်သွယ်မှုအစီအမံများ ချမှတ်ခြင်းဖြင့် ပြင်သစ်နိုင်ငံသားများအတွက် အလုပ်အကိုင်ဖန်တီးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### အကြမ်းဖက်ဝါဒ

လာပန်းက မက်ခရွန်သည်အစ္စလာမ္မစ်အစွန်းရောက်ဝါဒနှင့်ပတ်သက်ပြီး လျော့ရဲလွန်းအားကြီးကြောင်း ဝေဖန်ခဲ့သလို မက်ခရွန်ကလည်း လာပန်း၏ အစီအစဉ်များ အတိုင်းဆိုပါလျှင် အကြမ်းဖက်သမားများ ဖြစ်စေလိုသော ‘ပြည်တွင်းစစ်’ တစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

မက်ခရွန်က ရှိပြီး လုံခြုံရေးအစီအမံများကို အားကောင်းအောင် လုပ်မည်ဖြစ်ပြီး အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော်လည်း နယ်စပ်များပိတ်ပြီး အားလုံးနှင်ထုတ်မည်ဆိုခြင်းမှာ အဖြေမဟုတ်ဟု ပြောကြားခဲ့သည်။

လာပန်းကမူ အစ္စလာမ္မစ်အစွန်းရောက်ဝါဒကို အမြစ်ပြတ်ရှင်းလင်းရန်လိုကြောင်း၊ ဆိုလိုသည်မှာ အစွန်းရောက် ဗလီအားလုံးကို ပိတ်ပစ်ရန်၊ အမုန်းစကားဖြန့်ဖြူးသော တရားဟောဆရာများကို နှင်ထုတ်ရန်၊ ‘ကာတာနှင့် ဆော်ဒီအာရေဗျ’ ကဲ့သို့သော နိုင်ငံများမှ ရန်ပုံငွေထောက်ပံ့မှုများကို ပစ်မှတ်ထားကိုင်တွယ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ဥရောပသမဂ္ဂနှင့် ငွေကြေးစနစ်

လာပန်းက သမဂ္ဂ၏မူဘောင်အောက်ရောက်နေသည့် နယ်စပ်များကိုသာမက ကုန်သွယ်ရေးသဘောတူညီချက်များကိုပါ အပြည့်အဝပြန်လည်ထိန်းချုပ်ခွင့်ရလိုကြောင်း၊ မိမိနိုင်ငံသုံးငွေကြေးစနစ်သို့ ပြန်သွားရန်မှာ သော့ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘဏ်များ၊ ကုမ္ပဏီများမှာ ယူရိုနှင့် ပေးလိုလျှင်ပေး သို့မဟုတ် ပြင်သစ်ငွေကြေးနှင့် ပေးလိုက ပေးနိုင်သော်လည်း တစ်ဦးချင်းမှာ ပြင်သစ်ငွေကြေးကိုသာ ပြန်သုံးရမည်ဖြစ်ကြောင်း လာပန်းက ပြောကြားခဲ့သည်။

မက်ခရွန်ကမူ ယင်းအဆိုပြုချက်မှာ ‘အဓိပ္ပာယ်မရှိ’ ဟု ထောက်ပြခဲ့သည်။ “ကုမ္ပဏီကြီးတစ်ခုက တစ်ဖက်မှာ ယူရိုနဲ့ပေးပြီး သူ့ဝန်ထမ်းတွေကျတော့ တခြားငွေနဲ့ဘယ်လိုသွားပေးမလဲ” ဟု မေးခွန်းထုတ်ခဲ့သည်။

### ပညာရေး

မက်ခရွန်က အခြေခံပညာကျောင်းများ အဆင့်အတန်းမြင့်မားရေးကို အာရုံစိုက်သွားလိုပြီး ကျောင်းနှင့် စီးပွားရေးလုပ်ငန်းများအကြား ပိုမိုဆက်စပ်မှုရှိရန် လိုလာကြောင်း ပြောကြားခဲ့သည်။ လာပန်းကလည်း သက်မွေးပညာကို ပိုမိုအားစိုက်လိုပြီး တက္ကသိုလ်ရွေးချယ်မှုမှာ ထူးချွန်မှုအပေါ်အခြေခံသင့်ပြီး ကျောင်းများတွင် လောကီသီးသန့်ဝါဒ ပိုမိုထွန်းကားရန်လိုကြောင်း ပြောကြားခဲ့သည်။ ■ F-03

# ALSO IN NEWS

## ဗုံးခံနျူကလီးယားဗုံးခိုကျင်း တည်ဆောက်ရေးလုပ်ငန်း အလုပ်ဖြစ်

နျူလက်နက်ကိုင်ဆောင်ထားတဲ့နိုင်ငံကြီးတွေ အချင်းများနေကြတော့ ပြည်သူတွေ မျက်ခုံးလှုပ်ကြတာ ဆန်းတော့မဆန်းလှပါဘူး။ ပိုက်ဆံတတ်နိုင်သူတွေအဖို့တော့ ခြံဝင်းထဲမှာ နျူကလီးယားဒဏ်ခံ ဗုံးခိုကျင်းဆောက်ထားလို့ အမှားမရှိဘူးလို့ ယူဆကြမှာပါပဲ။ ဒါကို ကြိုမြင်တဲ့စီးပွားရေးသမားကတော့ နျူကလီးယားဒဏ်ခံပစ္စည်းပစ္စယအစုံအလင် ဗုံးခံဗုံးခိုကျင်းတွေ တည်ဆောက်ပေးတဲ့လုပ်ငန်းကို ထူထောင်ထားပါတယ်။ Atlas Survival လို့ အမည်ရတဲ့ အဆိုပါလုပ်ငန်းကို တည်ထောင်သူကတော့ ရွန်ဟက်ဘတ်လို့ အမည်ရပါတယ်။ သူ့ရဲ့နျူကလီးယားဒဏ်ခံ မြေအောက်ဗုံးခိုကျင်း တည်ဆောက်တဲ့လုပ်ငန်းကို စိတ်ဝင်စားလို့ တယ်လီဖုန်းခေါ်ဆိုစုံစမ်းမှုတွေ ပြုလုပ်နေကြတယ်လို့ မီဒီယာကို ပြောကြားထားပါတယ်။

“အမေရိကန်က မြောက်ကိုရီးယားကိုတိုက်ပြီ ဆိုတာမျိုးက မနက်ဖြန်သတင်းထဲမှာ ပါလာနိုင်တာပဲ။ ဒီအချိန်ဟာ တကယ့်ခြိမ်းခြောက်မှုတွေမြင်နေရတဲ့ ကာလပဲဖြစ်ပါတယ်” လို့ သူက ဆိုပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာပဲ ဖောက်သည်တွေရဲ့ တယ်လီဖုန်းခေါ်ဆိုမှုဟာ နှစ်ဆကျော်လောက် မြင့်လာတယ်လို့ လုပ်ငန်းရှင်က ဆိုပါတယ်။ ■ F-02



## ၁၇ပေရှည်တဲ့ အိမ်မွေးစပါးကြီးမြွေ လွတ်သွားလို့

အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်မှာ ၁၇ ပေရှည်တဲ့ အိမ်မွေးစပါးကြီးမြွေကြီး လွတ်သွားလို့ အုတ်အော်သောင်းတင်း ရှာနေရပါသတဲ့။ မွေးထားတဲ့အိမ်ကနေ လွတ်သွားတာမို့ ပိုင်ရှင်က တိရစ္ဆာန်စောင့်ရှောက်ရေးဌာနကို အကြောင်းကြားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဌာနကလည်း ပေါင် ၁၀၀ လောက် အလေးချိန်ရှိတဲ့ အဆိုပါအကောင်ကြီးကို သတိထားနိုင်ကြဖို့ အလက်စကာပြည်နယ် မီဒိုးလိတ်ခ်ဒေသခံများကို ကြေညာထုတ်ပြန်ပေးတာပါ။ ပြည်နယ်ရဲ့အေးမြလှတဲ့ ရာသီဥတုကြောင့် မြွေကြီးဟာ နွေးတဲ့တစ်နေရာမှာ ခိုလှုံနေဖွယ်ရှိတယ်လို့ တိရစ္ဆာန်စောင့်ရှောက်ရေးဌာနက ဒါရိုက်တာ ကီရာစတန်ဗီဆယ်က ပြောကြားထားပါတယ်။ လူကြီးတွေကို ဒီမြွေမျိုးက အန္တရာယ်မပြုပေမယ့် ကလေးငယ်တွေနဲ့တိရစ္ဆာန်လေးတွေကိုတော့ ရန်ပြုနိုင်တယ်လို့ ဌာနကဆိုထားပါတယ်။ ဒေသခံတွေအနေနဲ့ လှုပပြီး အန္တရာယ်ရှိတဲ့ အဲဒီအိမ်မွေးသတ္တဝါကြီးကိုတွေ့ရင် ၉၁၁ ကိုဖြစ်စေ၊ ဌာနကိုဖြစ်စေ ဖုန်းခေါ်ဆိုပေးပါလို့ ဆိုထားပါတယ်။ သခင်ကတော့ သူ့မြွေကို တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံစုံစမ်းမေးမြန်းနေဆဲဖြစ်ပါသတဲ့။ ■ F-02

